The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .17, NO . 1 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 2 , 2017

### ရန်ကုန်စတော့အိတ်ချိန်းက ပထမပုဂ္ဂလိကဘဏ်ကို စာရင်းဝင်ကုမ္ပဏီအဖြစ် သတ်မှတ်

|pmrsu ES- 21|

### ပုသိမ်မြို့တွင် ဂျပန်နိုင်ငံထုတ် မော်တော်ကား အရောင်းခန်းမသစ်ကို ပထမဦးဆုံး စတင်ဖွင့်လှစ်

|pmrsu ES- 22|

### နိုင်ငံခြားငွေလဲလှယ်နှုန်းများ တည်ငြိမ်စေရေးအတွက် ကုန်သည်စက်မှုအသင်းချုပ် အကြံပြုမည်

|pmrsu ES- 26|

### သီလဝါအထူးစီးပွားရေးဇုန်တွင် စူပါဟိုတယ်၊ မက်စ်အင်နာဂျီ ကုမ္ပဏီနှင့် မြင့်မြတ်ထွင့်ခေါင် ကုမ္ပဏီတို့ လုပ်ကိုင်ခွင့်ရရှိ

|pmrsu ES- 26|

# 2016ckESt wG;jzpfay:cbnf ukboGfbqk x;jjcm;aom t ajym i;ft vdsm;

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်မှာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ရဲ့ မောဝ်ရွှေလီကုန်သွယ်မှု ဗဟိုဌာနကို ဖွင့်လှစ်ခဲ့ပါတယ်။

ပို့ကုန် သွင်းကုန်လိုင်စင် ထုတ်ပေးခြင်း လုပ်ငန်းများအား အင်တာနက်ရရှိသည့်နေရာတိုင်းမှ လျှောက်ထားနိုင်သည့် Fully Online Licensing စနစ်ကို စတင်ခဲ့ပါတယ်။

မူဆယ်ဗဟိုအထူး စီးပွားရေးဇုန်လမ်းမကြီးနဲ့ နိုင်ငံတကာအဆင့်မီ မင်္ဂလာမူဆယ်လမ်း လျှောက်ဈေးကို ဖွင့်လှစ်ခဲ့ပါတယ်။


(၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလား ဒေ့ရှ် ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်၊ ပဲ၊ ကြက်သွန်နီ၊

ပို့ကုန်သွင်းကုန် လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်း မပြုတော့ဘဲ ကုမ္ပဏီများက တင်ပြလာသည့် Invoice နဲ့ Sale Contract ပါ ဈေးနှုန်း နဲ့ တန်ဖိုးများအတိုင်းသာ ပို့ကုန်သွင်းကုန် လိုင်စင်များကို ခွင့်ပြုထုတ်ပေးသွားမည် ဖြစ်ကြောင်း နိုဝင်ဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုက မြန်မာနိုင်ငံသို့ ယေဘုယျအကောက်ခွန်သက်သာခွင့် အစီအစဉ် GSP မှာ ပါဝင်ခံစားခွင့် ရရှိရန်အတွက် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှစတင်၍ ပြန်လည်ခွင့်ပြုပေးတော့မှာဖြစ်

စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဦးစီးဌာနများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနဲ့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဆိုပြီး ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

|pmrsu ES- 12|



### ရွှေမှုဆယ်မှ ဈေးကောင်းရနေသော မြန်မာဖရဲသီးများ

|pmrsu ES- 15|

### ရုံးမထိုင်ရသေးသည့် ဒေါ်နယ်ထရမ့်၊ မြင့်တက်လာသည့် အတိုးနှုန်း၊ တက်နင့်နေပြီဖြစ်သော အမေရိကန်စီးပွားရေးနှင့် ကြိုတင်ပြင်ဆင်သင့်သည့် အာဆီယံဘဏ်လုပ်ငန်း

|pmrsu ES- 6|





KBZ BANK
STRENGTH OF MYANMAR
ATM ပေါင်း
၈၀၀
ကျော်
အချိန်တိုင်း... သင်နှင့် အနီးဆုံး ATM များ
01-2306219
/Kanbawzabank
kbzbank.com




MAPCO MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED
မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်
MAPCO ကုမ္ပဏီမှ ရောင်းချသော
ကိုရီးယားနိုင်ငံထုတ် အဆင့်မြင့်
စပါး၊ ပြောင်းသီးနှံအခြောက်ခံစက်များကို
လက်ငင်းစနစ်(သို့မဟုတ်)အရစ်ကျငွေပေးချေစနစ်ဖြင့်
ဝယ်ယူနိုင်ပါသည်။
SHDRYER
Grain Dryer (NCD-120BXH)
12 MT per Operation
Hansung
SHIZUOKA HANSUNG CO.,LTD.
Grain Dryer (HSD-100SD)
10 MT per Operation
အမှတ်(၁၀၀)၊ ဝါးတန်းလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကွန်ကရစ်အမြန်လမ်းမဘေး၊
ဝါးတန်းဆိပ်ကမ်းဧရိယာ၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁ ၂၃၀၁၆၅၂ ~ ၅၃ E-mail- admin@mapco-ygn.com
HOT LINE
09 263334377
09 263334388

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

## စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများသည် အာဆီယံဒေသတွင်းနိုင်ငံများ၏ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) တွင် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် လက်ရှိကာလတွင် အထူးစီးပွားရေးဇုန်များကို ကြီးကြပ်ခြင်း၊ ကုန်သွယ်မှုများ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်လျက်ရှိသကဲ့သို့ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကိုလည်း ဥပဒေပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူအခွင့်အရေးနှင့် စားသုံးသူ အကျိုး ထိခိုက်နစ်နာမှု မရှိစေရေးအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး လုံခြုံစိတ်ချရသော ကုန်စည်များ ထုတ်လုပ်ရောင်းချလာကာ ပြည်တွင်း၌သာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီအောက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များအား အဆင့်ဆင့်ဖွဲ့စည်းကာ ဘေးဥပဒ်အန္တရာယ်ရှိနိုင်သော ကုန်ပစ္စည်းများအား စားသုံးသူလက်ဝယ်သို့ မရောက်ရှိစေရေးနှင့် ဝန်ဆောင်မှုများ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်ခြင်း၊ စားသုံးသူများ၏ အကျိုးအတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များက ချိတ်ဆက်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပါသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၊ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြဆွေးနွေးပြီး တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်သည့် တိုင်းဒေသကြီး/ပြည်နယ်များမှဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ကုန်သည်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အစည်းအဝေးသို့ တက်ရောက်လာသူများက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအား ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အသိပညာပေးမှုနှင့် အရေးယူဆောင်ရွက်သွားရန် ကိစ္စရပ်များ၊ ထုတ်လုပ်မှုလုပ်ငန်းများအပေါ် စိစစ်ရန်ကိစ္စရပ် များ၊ ဌာနများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးကြပါသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးဖြစ်သူ

## H.E. Mr. Antonio J.M. de Souza e Silva အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးဖြစ်သူ H.E. Mr. Antonio J.M. de Souza e Silva အား ဒီဇင်ဘာ ၂၇ ရက် ၁၅:၀၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပါသည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုချစ်ကြည်ရင်းနှီးစွာ တိုးမြှင့်တည်ဆောက်သွားရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ ဘရာဇီးနိုင်ငံမှ မြန်မာနိုင်ငံသို့ အသားများ တင်သွင်းရေးဆိုင်ရာကိစ္စရပ်များ အပါအဝင်၊ ဘရာဇီးနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့လာရောက်ရင်းနှီး မြှုပ်နှံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဘရာဇီးနိုင်ငံမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကူအညီဖြင့် မြန်မာနိုင်ငံတွင် အသက်မွေးမှုပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်တင်ပို့မှု လျော့ကျသော်လည်း ကုန်သွယ်ရေးစခန်းများမှ ပိုမိုတင်ပို့

ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၁ဒသမ ၇၀၁သန်းဖိုးရှိ ဆန်တန်ချိန် ၃၄၁၂၆ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်တင်ပို့မှု ထက် ၈၈၂၆ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှငစိန် ဆန်တန် ၂၀၅၀ ဧည့်မထဆန် ၂၀၁၄၁တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၇၈၇ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှငစိန်ဆန် ၁၀၁၄၇တန်ကျော်တင်ပို့ခဲ့ပြီးယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းသုံးခုစလုံးမှ ဆန်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်(၁၀၅)မိုင်နဲ့ လွယ်ဂျယ်မှ ဆန်ပိုမိုတင်ပို့သော်လည်း ဆန်ကွဲတင်ပို့မှု လျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ သုညဒသမ၄၇၉သန်းဖိုးရှိ ဆန်ကွဲ၁၇၂၅ တန်ကျော် တင်ပို့ခဲ့ရာမှ မူဆယ်မှ ၁၁၆၃ တန်ကျော်နဲ့ လွယ်ဂျယ်စခန်းမှ ဆန်ကွဲ ၅၆၂ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၂၃၂၈ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၀၃တန် လျော့နည်းခဲ့ပါတယ်။

ဒီဇင်ဘာ၁၈ရက်မှ ၂၄ရက်အထိ ရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာသုညဒသမ ၈၅၄သန်းဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၂၃၆၅တန် တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ငစိန်ဆန် တန် ၈၄၀၊ ရုရှားနိုင်ငံသို့ ပေါင်းဆန် တန်၂၅၀၊ ဘရာဇီးနိုင်ငံသို့ ဧည့်မထဆန်၂၂၅တန်၊ အီးယူနိုင်ငံများသို့ ပေါင်းဆန်တန် ၄၀၀၊ ဧည့်မထဆန် တန် ၂၀၀နဲ့ ငစိန်ဆန် တန် ၄၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ၁၂၅၁၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၁၅၃ တန် လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဆန်သာမက ဆန်ကွဲတင်ပို့မှုလည်း လျော့နည်းခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇၆ သန်းဖိုးရှိ ဆန်ကွဲ ၄၇၉၅တန်ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ဆန်ကွဲ ၃၂၀၇၅ တန် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၇၂၈၀ တန် လျော့နည်းခဲ့တာ တွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်ဟောင်းရော ဆန်သစ်ပါ ဈေးငြိမ်

ရန်ကုန်မြို့ဆန်ဈေးကွက်မှာ ဝါးတန်းကုန်စည်ဒိုင်ရဲ့ လက်ကားဈေးနှုန်းအရ ဆန်ဟောင်းရော၊ ဆန်သစ်ပါ ဈေးနှုန်း အတက်အကျသိပ်မရှိကြောင်း သိရှိရပါတယ်။ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ်၃၈၀၀၀နဲ့ လတ်စ တစ်အိတ် ကျပ် ၃၄၀၀၀၊ ပုသိမ်/ မြောင်းမြ ပေါ်ဆန်းဆန် ထိပ်စ တစ်အိတ်ကျပ် ၄၀၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၂၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၂၉၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန်တစ်အိတ်ကျပ် ၄၃၀၀၀ မှ ကျပ် ၄၄၅၀၀၊ ပေါ်ဆန်း အသစ်ရှယ်တစ်အိတ်ကျပ် ၂၅၀၀၀မှ ကျပ်၂၉၀၀၀ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရှိရပါတယ်။

ဆန်ကြမ်းဧည့်မထဆန်ထိပ်စတစ်အိတ် ကျပ်၁၉၅၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၁၈၅၀၀၊ နွေသီးထပ်ရှယ် တစ်အိတ်ကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၂၀၅၀၀ မှ ကျပ်၂၂၀၀၀၊ မနောသုခ တစ်အိတ်ကျပ် ၂၄၀၀၀မှ ကျပ်၂၅၀၀၀၊ အိတ်စပို့ဆန် ၂၅မှတ် တစ်အိတ် ကျပ် ၁၅၀၀၀ မှ ကျပ် ၁၆၀၀၀၊ ဆန်ကြမ်းအသစ်ရှယ်တစ်အိတ်ကျပ် ၁၈၀၀၀မှ ၁၉၅၀၀ ရှိပြီး ဆန်ကြမ်းဈေးလည်း အဟောင်းရောအသစ်ပါ ဈေးငြိမ်နေပါတယ်။ ဆန်အဝင် ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိနေကြောင်းသိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဆန်ကြမ်းတစ်အိတ်ကို တစ်ယွမ်မှ နှစ်ယွမ်ခန့်အထိ ဈေးကျကြောင်း သိရှိရပါတယ်။ ဧည့်မထ ၅ မှတ်စူပါနဲ့ မော်ဘီတစ်အိတ်ကို ၁၂၇ ယွမ်မှ ၁၂၉ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၂၃ ယွမ်မှ ၁၂၅ ယွမ်၊ ဧည့်မထ ၁၅ မှတ်စူပါတစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ဧည့်မထ၃၅ မှတ် စူပါတစ်အိတ် ၁၀၉ ယွမ်မှ ယွမ် ၁၁၀ ၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၃ ယွမ်မှ ၁၂၇ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၉ ယွမ်မှ ၁၂၂ယွမ် နဲ့ ငစိန် ၂၅မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်ရှိပါတယ်။ ယခင်တစ်ပတ်ဈေးနှုန်းထက် တစ်အိတ်ကို ၂ ယွမ်ခန့်လောက်အထိ ဈေးကျကြောင်းသိရှိရပါတယ်။

ယခုတစ်ပတ်မှာ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ တန်ချိန် ၂၃၀၆၀ရှိပါတယ်။ ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်ပုံမှန်ရှိကြောင်း သိရှိရပါတယ်။ ဒီဇင်ဘာ ၂၉ ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၄ ကျပ်ဈေးပေါက်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၁၂-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၁ | ၃၈၁ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၀ | ၃၇၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၄၅ | ၃၄၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | ၃၄၅ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၁ | ၃၆၁ | □ | ၃၃၅ | ၃၃၅ | □ | ၃၃၀ | ၃၃၀ | □ | ၃၁၅ | ၃၁၅ | □ |
| ပေါင်းဆန် | ၃၇၇ | ၃၇၇ | □ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

***Source: oryza.com***

# ပြည်တွင်းမြို့ကြီးများ၏ (၃၀-၁၂-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၁၅၀၀ | □ | ၈၂၀၀ | □ | ၃၆၀၀၀ | □ |
| ပုသိမ် | ၄၈၈၀ | □ | ၂၂၅၀၀ | △ | ၇၀၀၁ | □ | ၃၄၀၀၀ | △ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၀၀ | □ | ၁၉၀၀၀ | □ | ၁၂၀၀၀ | □ | ၃၈၀၀၀ | □ |
| စစ်တွေ | ၄၀၀၀ | □ | ၁၈၀၀၀ | □ | ၈၀၀၀ | □ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | □ | ၁၈၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၆၇၀၀ | □ | ၂၈၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၃၅၀၀ | ▽ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၅၆၀၀ | □ | ၁၆၀၀၀ | □ | ၇၀၀၀ | □ | ၂၄၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | □ | ၁၉၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | △ | - | - | ၄၀၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ပုသိမ်ဈေးကွက်တွင် ဆန်စပါးလက်ကျန်အဟောင်း လျော့နည်း၊ ဆန်သစ်အရောင်းအဝယ် ပြန်အေး၍ ဈေးနှုန်းအနည်းငယ်ကျဆင်း

ပုသိမ်ဈေးကွက်တွင် မိုးစပါးသစ် မပေါ်မီ ဆန်စပါးအရောင်းအဝယ် အေးလျက်ရှိရာမှ ဧည့်မထမိုးစပါးသစ်များဖြစ်သော မနောသုခ၊ မျိုးပွား၊ ဆင်းသုခစပါးများ ဈေးကွက်ဝင်ရောက်လာတဲ့ အောက်တိုဘာလဆန်း ကောက်စောစပါးဈေးနှုန်းမှာ အစိုဓာတ် မလွတ်သေးခင် ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၃၅၀၀၀၀ ဈေးနှုန်းရှိခဲ့ပါတယ်။ အဲဒီအချိန်က တောင်သူများတွက်ခြေကိုက်မှုနည်းပါးပြီး ဈေးတန်းနိမ့်သော်လည်း ယင်းဈေးနှုန်းမှာ တစ်ပတ်နှစ် ပတ်ခန့်သာရှိ၍ မိုးလေဝသကင်းလွတ်ချိန်စပါးများလှိုင်လှိုင်ထွက်လာသော အောက်တိုဘာလကုန်နဲ့ နိုဝင်ဘာလများတွင် အရောင်းအဝယ်သွက်လျက်ရှိပါတယ်။ ဒါကြောင့် စပါးဈေးနှုန်းမှာ တရိပ်ရိပ်မြင့်တက်လာရာမှ ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၅၅၀၀၀၀-၅၆၀၀၀၀ နှင့် ဆန်ဈေးနှုန်းမှာ တစ်အိတ်လျှင် ပေါ်စက ကျပ် ၁၆၀၀၀ ထက် ကျပ် ၁၉၀၀၀၊ ကျပ် ၂၀၀၀၀အထိ မြင့်တက်လာခဲ့ကြောင်း ဈေးကွက်ဝယ်လိုအားအပေါ် မူတည်၍ တောင်သူများ ခန့်မှန်းထားတဲ့ ဈေးနှုန်းထက် မြင့်တက်ကာ တွက်ခြေကိုက်မှုရှိကြောင်း တောင်သူများနဲ့ နီးစပ်မှုရှိတဲ့ ပုသိမ်မြို့ ဧရာမင်းဆန်ဆိုင်ပိုင်ရှင် ဆန်ကုန်သည်ဦးဇော်ဝင်းက ပြောပါတယ်။

ဈေးကွက်တွင် ဆန်စပါးအဟောင်းများ လက်ကျန်နည်းပါးလျက်ရှိပြီး ဒီဇင်ဘာ ဒုတိယပတ်လောက်မှစ၍ အရောင်းအဝယ် ပုံမှန်သာရှိခဲ့ပါတယ်။ ဧည့်မထမိုး၊ မနော သုခ၊ မျိုးပွား၊ ဆင်းသုခ စပါးဈေးနှုန်းမှာ လက်ရှိ ပေါင် ၅၀ တင်း ၁၀၀ကို ကျပ် ၅၀၀၀၀၀-၅၂၀၀၀၀ ခန့်၊ ဆန်တစ်အိတ်လျှင် ကျပ်၁၇၅၀၀-၁၈၀၀၀ဖြစ်ပြီး ပေါ်ဆန်းစပါးဈေးနှုန်းမှာ ၁၀၅ ပေါင်တင်း ၁၀၀ ကို ယခင် ၈၃၀၀၀၀ -၈၄၀၀၀၀ ကျပ်ဈေးတွင် ဆန်တစ်အိတ် ကျပ် ၂၉၀၀၀-၃၀၀၀၀ ဈေးရှိခဲ့ပါတယ်။ ယခုစပါးဈေးကျပ် ၈၀၀၀၀၀ ဈေးတွင် ဆန်တစ်အိတ် ကျပ် ၂၈၀၀၀-၂၈၅၀၀ ဈေးသို့ အနည်းငယ်ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း၊ ပေါ်ဆန်းဆန် စားနိုင်သော်လည်း အဆီအဆိမ့်ရှောင်လိုသူများအတွက် ဈေးတန်းမြင့်မား၍ ဧည့်မထအုပ်စုတွင် အကောင်းဆုံးအသွယ်ဆန်ဖြစ်တဲ့ ရွှေသွယ်စပါးဈေးမှာ ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၈၀၀၀၀-၇၀၀၀၀၀ ဈေးနဲ့ ဆန်တစ် အိတ်လျှင် ကျပ် ၂၅၀၀၀-၂၆၀၀၀၊ ဧည့်မထအုပ်စုဝင် အလတ်တန်းစား မီးကောက်စပါးဈေးမှာ ပေါင် ၅၀တင်း၁၀၀ကို ကျပ် ၅၅၀၀၀၀-၅၆၀၀၀၀ဈေး၊ဆန်တစ်အိတ်ဈေးမှာကျပ် ၂၀၀၀၀-၂၁၀၀၀ ဈေးဖြင့် ရောင်းဝယ်လျက်ရှိကြောင်းပုသိမ်ဈေးကွက်မှ ဒေသတွင်း ဟင်္သာတမြို့နဲ့ ရန်ကုန်-ပြည်-မန္တလေး- အညာဒေသများသို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး မိုးစပါးသစ်များကို ယခုအချိန်နှစ်ပတ်လည် ကြိတ်ခွဲရောင်းချဖို့ ဝယ်ယူသိုလှောင်ထားတဲ့ ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်ကြီးများနဲ့ တောင်သူလယ်သမားကြီးများလက်ထဲတွင် အများစုရှိပြီး မိုးစပါးစိုက်ပျိုးရောင်းချပြီး အချို့တောင်သူများမှာ မိုးစပါးမှရရှိသော အရင်းအနှီးများဖြင့် နွေစပါး ထပ်မံစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း ဦးဇော်ဝင်းက ဆက်လက်ပြောကြားပါတယ်။

**မင်းမင်းဦး (ပုသိမ်မြို့)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၀-၁၂-၂၀၁၆ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၃/၁၂ | ၃၀/၁၂ | ပြောင်းလဲမှု | ၂၃/၁၂ | ၃၀/၁၂ | ပြောင်းလဲမှု | ၂၃/၁၂ | ၃၀/၁၂ | ပြောင်းလဲမှု | ၂၃/၁၂ | ၃၀/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၉၃ | ၁၉၁၉ | ▲ | - | ၁၉၁၇ | - | ၁၅၇၅ | ၁၆၅၀ | ▲ | ၁၇၀၀ | ၁၇၀၀ | ■ |
| ၂ | ပဲစင်းငုံ | ၁၄၀၄ | ၁၃၈၈ | ▼ | - | - | - | ၁၃၂၅ | - | - | ၁၃၇၅ | ၁၃၂၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၂၀၀ | ၁၂၀၀ | ■ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၉၅ | ၁၃၉၅ | ■ | ၁၂၄၀ | ၁၂၄၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၃၈၀၀ | ၃၆၀၀ | ▼ | - | - | - | - | - | - | ၂၄၇၅ | ၂၄၇၅ | ■ |
| ၅ | ပဲလွန်းဖြူ | ၁၃၃၀ | ၁၃၆၅ | ▲ | ၁၄၁၇ | ၁၅၀၀ | ▲ | - | - | - | ၁၂၉၀ | ၁၂၉၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၈၀၀ | ၇၈၂ | ▼ | - | - | - | ၇၄၀ | ၇၄၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃၀-၁၂-၂၀၁၆ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၂/၁၂ | ၃၀/၁၂ | ပြောင်းလဲမှု | ၂၂/၁၂ | ၃၀/၁၂ | ပြောင်းလဲမှု | ၂၂/၁၂ | ၃၀/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၇၉၀ | ၈၈၀ | ▲ | ၉၁၃ | ၉၄၀ | ▲ | ၈၃၉ | ၈၈၁ | ▲ |
| ၂ | ပဲစင်းငုံ | ၆၃၀ | ၆၄၀ | ▲ | ၇၂၂ | ၆၉၇ | ▼ | ၇၅၁ | ၇၁၉ | ▼ |
| ၃ | ပဲတီစိမ်း | ၆၀၀ | ၅၅၀ | ▼ | ၆၃၃ | ၆၁၁ | ▼ | ၆၆၃ | ၆၆၁ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၁၅၀ | ၁၁၅၀ | ■ | ၁၃၉၉ | ၁၂၁၈ | ▼ | ၁၄၄၃ | ၁၃၂၁ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု - ယခင်တစ်ပတ် (၁၇-၁၂-၁၆)ထိ | ပြည်ပတင်ပို့မှု - ယခုတစ်ပတ် (၂၄-၁၂-၁၆)ထိ | ပြည်ပတင်ပို့မှု (၁-၁-၁၆) မှ (၂၄-၁၂-၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၅၄၂၃ | ၁၀၉၂၀ | ၄၈၅၅၄၁ |
| ပဲတီစိမ်း | ၂၄၀၆ | ၃၅၅၀ | ၁၇၉၂၅၁ |
| ပဲစင်းငုံ | ၁၂၄၆ | ၇၀၄ | ၂၀၆၅၁၉ |
| ကုလားပဲ | ၂၅ | ၁၁ | ၂၉၄၁၃ |
| ပဲလွန်းဖြူ | ၆၉ | ၁၉၇ | ၁၈၀၅၆ |
| မြေထောက်ပဲ | ၇၂ | ၆၆ | ၁၃၂၃၃ |

## ၂၆-၁၂-၂၀၁၆ မှ ၃၀-၁၂-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 339 | 20,858,205.188 |
| 2 | Form D | 58 | 3,249,215.020 |
| 3 | Form E | 103 | 1,972,553.460 |
| 4 | Korea GSP | 12 | 129,909.950 |
| 5 | Form AK | 104 | 5,169,517.159 |
| 6 | Form AJ | 7 | 428,732.600 |
| 7 | Form AI | 41 | 81,997,083.514 |
| 8 | Form AANZ | 2 | 107,472.000 |
| 9 | Form DFTP | - | - |
| Grand Total | | 775 | 113,912,688.891 |

# မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာစတုတ္ထပတ် ပဲမျိုးစုံဈေးကွက်တွင် ပဲတီစိမ်းသီးနှံအရောင်းအဝယ်သွက်

ဒီဇင်ဘာ စတုတ္ထပတ် မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်မှာ ပဲတီစိမ်းသီးနှံ အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲတီစိမ်း(ကြီး)ပေါက်ဈေးမှာ တစ်တင်းကျပ် ၂၆၅၀၀၊စိမ်း(အသေး) တစ်တင်းကျပ်၂၄၀၀၀နဲ့ဈေးငြိမ်ပြီး နေ့စဉ်အိတ် ၅၀၀ခန့် အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။ ပြည်ပဝယ်လက်များဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးကွက်မှာ မတ်ပဲ(အထွက်တိုး) ပဲသစ်တစ်တင်း ကျပ် ၃၄၀၀၀၊ (ကုန်း) ပဲအသစ် ကျပ် ၃၇၅၀၀နဲ့ နေစဉ်အိတ်၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ပြီး ငုံနီတစ်တင်း ကျပ် ၂၆၂၀၀နဲ့ ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ဒေသတွင်းသုံးပဲများအနက် ကုလားပဲမျိုးစုံမှာ ဈေးနှုန်းအမြင့်ဆုံးဖြစ်ပြီး ဒေသတွင်းဝယ်လက်အဆွဲရှိလို့ တစ်ရက် အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ ကုလားပဲမျိုးစုံက ကုလားပဲဖြူ အလုံးကြီး V2 ကျပ် ၄၆၅၀၀၊ 929 ကျပ် ၄၆၅၀၀၊ထိုင်ဝမ် ကျပ်၄၆၅၀၀အသီးသီးပေါက်ပြီး ဈေးအနည်းငယ်ကျဆင်းခဲ့ပါတယ်။ စွန်တာနီပဲတစ်တင်း ကျပ် ၁၆၅၀၀၊ မလွှမ်းပိုပဲ တစ်တင်းကျပ် ၂၀၀၀၀၊ ထောပတ်ပဲတစ်တင်းကျပ် ၁၃၅၀၀၊ ပုဂံပဲတစ်တင်းကျပ် ၃၀၀၀၀၊ပဲယင်းတစ်တင်းကျပ် ၁၆၅၀၀၊ ပဲလွန်းပြာတစ်တင်း ကျပ် ၂၆၀၀၀ အသီးသီး ဈေးငြိမ်ပြီး လက်လီအနေနဲ့ တစ်ရက်အိတ် ၅၀-၆၀ စီအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ပဲကြီးဈေးကွက်မှာလည်းတစ်တင်းကျပ်၂၈၀၀၀ဈေးပေါက်ပြီး ဒေသတွင်းဝယ်လက်အဆွဲရှိလို့နေ့စဉ်အိတ်၁၀၀ခန့်အရောင်းအဝယ်ဖြစ်ကြောင်းသိရတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်က ဝယ်လက်အဆွဲအနည်းငယ်အေးနေပြီး နေ့စဉ်အိတ် ၄၀၀-၅၀၀ ခန့် ဝင်ရောက်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်မြေပဲလုံးဆန် တစ်ပိဿာ ဈေးနှုန်းမှာ လုံးဆန်ဖြူ (ဟောင်း) ကျပ် ၂၁၀၀၊(သစ်)ကျပ်၂၆၀၀၊ လုံးဆန်ဖြူ ကျပ်၁၉၅၀၊(သစ်)ကျပ် ၂၃၀၀၊ လုံးဆန်နီ ကျပ် ၂၃၅၀ အသီးသီးဈေးနှုန်းဖြစ်ပေါ်လျက်ရှိပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူတစ်ပိဿာကျပ် ၂၁၆၇ဖြစ်ပြီး တစ်ရက်အိတ် ၃၀၀ ခန့်၊ နှမ်းနက်တစ်ပိဿာ ကျပ် ၃၀၀၀နဲ့ အိတ်၂၀၀ခန့်၊ နှမ်းညိုတစ်ပိဿာ ကျပ်၁၅၃၃ အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်အေး**

# ဒီဇင်ဘာလကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲစင်းငုံ၊ ပဲတီစိမ်းသစ်များ အဝင်ဆက်ရှိနေပြီး ပဲတီစိမ်းသီးနှံ အရောင်းအဝယ်အသွက်ဆုံးဖြစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲ ဈေးကွက်အတွင်းသို့ ပဲသစ်များ ဝင်ရောက်လျက်ရှိရာ ပြည်ပဝယ်လက် ပဲများဖြစ်တဲ့ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံ များအနက် ပဲတီစိမ်းသီးနှံက နိုဝင်ဘာလလယ်လောက်မှစ၍ ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီး ပဲစင်းငုံသီးနှံက ဒီဇင်ဘာလလယ်နောက်ပိုင်းမှ စတင်ဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ အလားတူ လကုန်ရက်မှာ မတ်ပဲသစ်အချို့လည်း ဝင်ရောက်လာခဲ့တယ်လို့ သိရပါတယ်။ သို့ပေမယ့် ဈေးကွက်မှာ အဝင်များပြီး အရောင်းအဝယ်အသွက်ဆုံး ပြည်ပဝယ်လက်ပဲကတော့ ပဲတီစိမ်းသီးနှံ ဖြစ်ခဲ့ကာ ပန်းတောင်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းနှင့် ပြည်အနီးတစ်ဝိုက်မှ တစ်ရက်အိတ် ၈၀၀ ကျော် နေ့စဉ်ဝင်ရောက်ခဲ့ပါတယ်။ မန္တလေးဝယ်လက်ကလည်း ဝင်လာသမျှ ဝယ်ယူနေကြလို့ ဈေးကွက်အတွင်းမှာ ဝယ်လိုအားရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ အထွက်လှိုင်ချိန်ဖြစ်လို့ ယခုလိုကာလများတွင် နှစ်စဉ် အရောင်းအဝယ်သွက်လျက်ရှိပြီး ကျန်ကာလများတွင်တော့ အရောင်းအဝယ်ပါးခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၉၀၀၀ ဖြင့် ဈေးငြိမ်လျက်ရှိခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာ လလယ်မှစ၍ ဈေးကွက်အတွင်းသို့ အိတ်အနည်းငယ် စတင်ဝင်ရောက်ခဲ့ပေမယ့် လကုန်ရက်မှာတော့ ပန်းတောင်း၊ ကံမမြို့နယ်များမှ အိတ် ၄၀ ကျော် ၅၀ ဝင်ရောက်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက် ဝယ်ယူမှုရှိနေကြလို့ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကာ ပဲဈေးမှာ တစ်တင်း ကျပ် ၂၇၀၀၀ နဲ့ ဈေးအတက်အကျ မဖြစ်သေးဘဲ ဈေးငြိမ်ခဲ့တာကို တွေ့ရပါတယ်။ ပဲစင်းငုံဈေးမှာ ယခုအချိန်ဈေးနှုန်းအရ ပဲတီစိမ်းသီးနှံထက် တစ်တင်းလျှင် ကျပ်နှစ်ထောင်ခန့် လျော့နည်းနေခဲ့ပါတယ်။ ယခင်နှစ်က နှစ်ကုန်ပိုင်းမှာ ပဲစင်းငုံသစ်ဈေးဟာ တစ်တင်း ကျပ် ၄၉၅၀၀ ရရှိခဲ့တဲ့အတွက် ပဲတီစိမ်းသီးနှံထက် ဈေးပိုရခဲ့တာကို တွေ့ရပြီး ယခင်နှစ် ပဲတီစိမ်းသီးနှံဈေးမှာ တစ်တင်း ကျပ် ၃၆၇၀၀ ခန့်သာရရှိနေလို့ ပဲစင်းငုံထက် ကျပ်တစ်သောင်းကျော် လျော့နည်းခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ ပဲသစ်ဝင်ရောက်ခြင်းမရှိသေးတဲ့အတွက် လက်ကျန်ပဲများနဲ့သာ ပဲကြော်ဖိုသမားများ အဝယ်ရှိလို့အိတ် ၂၅၀ မှ ၃၀၀အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာလည်း ဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်လျက်ရှိကာ ပဲကြီး(ရွှေကျွန်း) တစ်တင်း ကျပ် ၂၉၀၀၀ ၊ (ကမ်းနား) တစ်တင်း ကျပ် ၂၆၀၀၀ ရရှိခဲ့ကြပါတယ်။ ယခင်နှစ်က ပဲဈေးအားလုံးလိုလို ဈေးကောင်းခဲ့ကြတဲ့အတွက် ပဲကြီးသီးနှံဈေးမှာလည်း ကျပ်သုံးသောင်းပတ်ဝန်းကျင် ရရှိနေခဲ့ပြီး ယခုနှစ်ဈေးက တစ်တင်းကျပ် လေးထောင်နီးပါးလျော့နည်းကျဆင်းခဲ့တာကိုတွေ့ရပါတယ်။

ဘိုကိတ်နှင့်ပဲလွန်းဖြူသီးနှံများမှာ ပဲသစ်များအဝင်ဆက်တိုက် ရှိကြကာ ဘိုကိတ်ပဲမှာ တစ်ရက်အိတ် ၄၀ မှ ၅၀ ကျော်ဝင်ရောက်ပြီး ပြည်- ရန်ကုန် ရထားလမ်းတစ်လျှောက်မှ လာရောက်ဝယ်ယူခဲ့ကြပါတယ်။

ဒါကြောင့် လက်လီ၊ လက်ကား အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာတစ်တင်း ကျပ် ၂၇၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ ခန့် ဈေးပိုရလာပြီး ပဲလွန်းဖြူ သီးနှံမှာ ပြည်အနီးတစ်ဝိုက်နဲ့ အောင်လံ ဘက်မှ ဝင်ရောက်ခဲ့ပြီး ပဲအဝင်သိပ်မများသေးတဲ့အတွက် အိတ်အနည်းငယ်ဝင်ရောက်ခဲ့ကာ လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၂၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သလို ထောပတ်ပဲသီးနှံမှာလည်း လက်လီသာဝယ်ယူမှုရှိပြီး ပဲဈေးနှုန်းအနေဖြင့် တစ်တင်း ကျပ် ၂၄၅၀၀ ဖြင့် ဈေးကွက်အတွင်းမှာ ဈေးအနိမ့်ဆုံးရတဲ့ ပဲဖြစ်ခဲ့ပြီး စားတော်ပဲသီးနှံဈေးကတော့ တစ်တင်း ၃၇၅၀၀ ကျပ်ရရှိလို့ လက်လီ ပဲဈေးကွက်အတွင်းမှာ ဈေးကောင်းရခဲ့တဲ့ပဲ ဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲနီပြားလက်ကျန် လက်လီသမားနဲ့သာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း ပဲနီပြားသီးနှံမှာ ပဲသစ်ဝင်ရောက်ခြင်း မရှိသေးဘဲ အဟောင်းလက်ကျန်များသာ လက်လီဝယ်ယူသူများနဲ့ အိတ်အနည်းငယ် အရောင်းအဝယ် ဖြစ်နေခဲ့ပါတယ်။ အခြားပဲအချို့ပဲသစ်များ ဝင်ရောက်နေပြီဖြစ်သော်လည်း ပဲနီပြားသီးနှံကတော့ နှစ်စဉ်ပဲအဝင်နောက်ကျခဲ့ကာ နှစ်ဆန်းပိုင်းမှသာ ဝင်ရောက်လေ့ရှိပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်လျော့နေသလို ယခင်နှစ်က နှစ်ကုန်တွင် ရရှိခဲ့သော ဈေးထက်လည်း ကျပ်တစ်သောင်းကျော် လျော့ နည်းနေခဲ့တာကို တွေ့ရပါတယ်။ယခင်နှစ်က ပဲနီပြားသီးနှံရဲ့ဈေးနှုန်းမှာ တစ်တင်း ၃၁၅၀၀ ကျပ်ခန့်အထိ ဈေးကောင်းခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

# ရုံးမထိုင်ရသေးသည့် ဒေါ်နယ်ထရမ့်၊ မြင့်တက်လာသည့်အတိုးနှုန်း၊ တက်နှင့်နေပြီဖြစ်သော အမေရိကန်စီးပွားရေးနှင့် ကြိုတင်ပြင်ဆင်သင့်သည့် အာဆီယံဘဏ်လုပ်ငန်း

"Trump Effect" ဆိုသည်မှာ အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသော ဒေါ်နယ်ထရမ့်သည် အမေရိကန်သမ္မတတာဝန်ထမ်းဆောင်ရန် စောင့်ဆိုင်းနေစဉ်ကာလအတွင်းမှာပင် တစ်နည်းအားဖြင့် ဒေါ်နယ်ထရမ့် ရုံးမထိုင်ရသေးသည့် အချိန်မှာပင် ဝယ်လိုအားတိုးပြီး အမေရိကန်စီးပွားရေးစတင်မြင့်တက်နေခြင်းကို ဆိုလိုသည်။

အမေရိကန်ပြည်ထောင်စုသည် အတိုးနှုန်းများ (Interest rates) ကိုမြှင့်တင်ပြီး ကိုယ်ကျိုးစီးပွားကာကွယ်သော ကုန်သွယ်ရေးမူဝါဒ(Protectionism)ကို ကျင့်သုံးလာနိုင်သောကြောင့် အာဆီယံဘဏ်လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သင့်ပါသည်။ထို့ကြောင့် အာဆီယံဘဏ်လုပ်ငန်းရှင်များအသင်း (Asean Bankers Association) သည် စီးပွားရေးနှင့်ငွေရေးကြေးရေးဆိုင်ရာ အတွေ့အကြုံဖလှယ်သည့် ညီလာခံနှင့်ဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ နောက်ဆုံးပတ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည်။ (၂၁) ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းညီလာခံနှင့် (၄၆) ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးကိုကျင်းပခဲ့ခြင်းဖြစ်သည်။အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) တိုးတက်အောင်မြင်ခြင်းနှင့်အတူ အာဆီယံဘဏ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ရည်ရွယ်၍ကျင်းပခြင်းလည်းဖြစ်ပါသည်။

ရွေးကောက်ခံအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် စီးပွားရေးစွမ်းအားမြှင့်ပေါ်လစီ (Economic stimulus policy) ကို ကျင့်သုံးလာနိုင်ပါသည်။ အဆိုပါပေါ်လစီက အာဆီယံနိုင်ငံများ၏ လက်ရှိအတိုးနှုန်းများ (Interest rates) ကို ခြိမ်းခြောက်လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံ၏လက်ရှိ အတိုးနှုန်းများသည် နိမ့်ကျလျက်ရှိသောကြောင့်ဖြစ်ပါသည်။ အထက်ပါဘဏ်လုပ်ငန်းညီလာခံတွင်လည်း အမေရိကန်ဗဟိုဘဏ်သည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဘဏ်တိုးနှုန်း (Policy rate) ကိုမြှင့်တင်နိုင်ကြောင်း ခန့်မှန်းသုံးသပ်ခဲ့သည်။ ထိုကဲ့သို့ ခန့်မှန်းထားသည့်အတိုင်း ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်တွင် အမေရိကန်ဗဟိုဘဏ်သည် ၎င်း၏ အတိုးနှုန်းကို သုည ဒသမ ၅ ရာခိုင်နှုန်းမှ သုည ဒသမ ၇၅ရာခိုင်နှုန်းသို့ မြှင့်တင်လိုက်သဖြင့် အာဆီယံဒေသရှိ အတိုးနှုန်းနိမ့်သော ဘဏ်များကို ရိုက်ခတ်လာခဲ့သည်။

အမေရိကန်၏ကိုယ်ကျိုးစီးပွားကာကွယ်သော မူဝါဒက တရုတ်နိုင်ငံကို ရိုက်ခတ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် တရုတ်နိုင်ငံသည် အာဆီယံဒေသအတွင်း ကုန်သွယ်မှုပမာဏများပြားစွာ ဆောင်ရွက်နေသောကြောင့်ဖြစ်သည်။ အာဆီယံစီးပွားရေးကို ရိုက်ခတ်လာမည်ဆိုပါလျှင်လည်း အာဆီယံဘဏ်လုပ်ငန်းစုကို သေချာပေါက်ထိခိုက်မည်ဖြစ်သည်။

ယခုအခါကမ္ဘာကြီးသည် နိမ့်ကျမှုသစ်(New Mediocre) နှင့် ရင်ဆိုင်နေရပါသည်။ နိမ့်ကျမှုသစ်ဆိုသည်မှာ နိမ့်ကျမှုမျိုးစုံ (Multiple Lows) ကို ဆိုလိုသည်။ နိမ့်ကျမှုမျိုးစုံအဖြစ် စီးပွားရေးတိုးတက်မှုနိမ့်ကျခြင်း (Low growth)၊ ရင်းနှီးမြှုပ်နှံမှုနိမ့်ကျခြင်း (Low investment)၊ ကုန်သွယ်မှုနိမ့်ကျခြင်း (Low trade)၊ ကုန်ဈေးနှုန်းကျဆင်းခြင်း (Low commodity prices) နှင့် ငွေကြေးဖောင်းပွမှု နိမ့်ကျခြင်း (Low inflation) တို့ကို တွေ့မြင်နိုင်သည်။ New Mediocre ၏ ဖိတ်လျှံအကျိုးသက်ရောက်မှု (Spillover effect) အဖြစ် ငွေရေးကြေးရေးမတည်ငြိမ်မှုကို ဖြစ်စေနိုင်သည်။ အတိုးနှုန်းနိမ့်ကျသော စက်မှုနိုင်ငံများရှိ ရင်းနှီးမြှုပ်နှံသူများသည်လည်း ၎င်းတို့၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ (Portfolios) ကို စီးပွားရေးထွန်းသစ်စနိုင်ငံများ (Emerging economics) သို့ ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

ဆန်းသစ်ပြောင်းလဲမှုနည်းပညာ(Innovative technology) သည် ငွေရေးကြေးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းကို မြန်ဆန်စွာပြောင်းလဲစေပါသည်။ ထို့ကြောင့် အာဆီယံဘဏ်များသည်ခေတ်မီနည်းပညာကို အသုံးပြုလျက် ကြိုတင်စီမံမှုများ ဆောင်ရွက်ထားသင့်သည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးတိုးတက်မှုနိမ့်ကျခြင်းနှင့် အတိုးနှုန်းနိမ့်ကျခြင်းတို့က အာဆီယံဘဏ်များ၏ဝင်ငွေကို ကျဆင်းစေနိုင်သောကြောင့်ဖြစ်သည်။

စားသုံးသူများ၏ လိုအပ်ချက်နှင့်အမူအကျင့် (Needs and behaviour) သည်လည်း ပြောင်းလဲလျက်ရှိသည်။ ယခုအခါ စားသုံးသူများသည် ပိုမိုမြန်ဆန်ပြီး ပိုမိုအဆင်ပြေသော ဝန်ဆောင်မှုများ (Faster and more convenient services) ကို တောင်းဆိုလျက်ရှိသည်။

> bPfsm;onf
> enf;ynmopfsm;uk
> tcsefESifhpfajy;nD
> trDvdkuf toHk;csEdkif
> ta&;uif;Dnf

ထို့ကြောင့် အာဆီယံဘဏ်များသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများတွင် စရိတ်သက်သာစေသော နည်းပညာကို စတင်ကျင့်သုံးခဲ့ကြသည်။ အဆိုပါနည်းပညာက စရိတ်သက်သာစေသည့်အပြင် စွမ်းဆောင်ရည်တိုးစေပြီး ဖောက်သည်များအတွက် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုကိုလည်း ဖြည့်ဆည်းပေးနိုင်ပါသည်။ သို့သော်လည်း နည်းပညာသည် ယခင်အတိတ်ကာလများထက် ပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ ထို့ကြောင့် မိမိတို့၏ယှဉ်ပြိုင်မှုကို ထိန်းထားရန်အတွက် ဘဏ်များသည် ငွေရေးကြေးရေးဆိုင်ရာ နည်းပညာသစ်ကို အချိန်နှင့် တစ်ပြေးညီချမှတ်ကျင့်သုံးရန်လိုအပ်သည်။ လုပ်ငန်းဖွဲ့စည်းပုံ (Organizational Structure)၊ လုပ်ငန်းယဉ်ကျေးမှု (Corporate culture) နှင့် စီးပွားရေးပုံစံများ (Business models)ကို လိုက်ပါပြောင်းလဲပြီး နည်းပညာသစ်များနှင့် အံဝင်ခွင်ကျဖြစ်အောင် စီမံဆောင်ရွက်ရပါမည်။

ပိုမို၍အရေးကြီးသောအချက်မှာ ဘဏ်လုပ်ငန်းမဟုတ်သော နည်းပညာသစ်လုပ်ငန်းကြီးများ (Large non-bank fintech players)က ငွေရေးကြေးရေးလုပ်ငန်းစုအတွင်း သိသိသာသာနေရာယူလျက်ရှိခြင်းဖြစ်ပါသည်။ထို့ကြောင့် ဘဏ်များသည် နည်းပညာသစ်များကို အချိန်နှင့်တစ်ပြေးညီအမီလိုက်၍အသုံးချနိုင်ရန် အရေးကြီးသည်။ ထိုနည်းတူစွာပင် စီးပွားရေးပုံစံများ (Business models) သည်လည်း နေ့စဉ်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ထို့ကြောင့် အာဆီယံဘဏ်များသည် နည်းပညာသစ်အသုံးချခြင်းကို မလွဲမသွေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ကြောင့် အာဆီယံနိုင်ငံအချို့ရှိ အစိုးရနှင့်ဗဟိုဘဏ်တို့သည် နည်းပညာပိုမိုအသုံးပြုရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သို့မှသာ ဘဏ်လုပ်ငန်းစု၏ စွမ်းဆောင်ရည်မြင့်တက်ပြီး ထုတ်လုပ်မှုစွမ်းအား (Productivity) ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ဆက်လက်၍ သက်ဆိုင်ရာနိုင်ငံ၏ စီးပွားရေးကိုလည်း တိုးတက်စေမည်ဖြစ်သည်။ ထို့ပြင် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် လျင်မြန်သော ငွေကြေးပေးချေမှုစနစ် (Prompt Pay or the fast P2P payment system) ကို စတင်ကျင့်သုံးမည်ဖြစ်သည်။ Prompt Pay သို့မဟုတ် P2P စနစ်သည် မိုဘိုင်းတယ်လီဖုန်း သို့မဟုတ် အီးမေးလ်မှတစ်ဆင့် လူပုဂ္ဂိုလ်အချင်းချင်း အပြန်အလှန်ငွေပေးချေခြင်းဖြစ်သည်။ ဤစနစ်က စားသုံးသူများ၏ အမူအကျင့်ကို မြန်မြန်ပြောင်းလဲစေနိုင်သည်။ ကုန်စည်နှင့် ဝန်ဆောင်မှုများကို နိစ္စဓူဝ ဝယ်ယူရန်အတွက် အလွန်အဆင်ပြေသော ငွေပေးချေမှုနည်းလမ်းဖြစ်ပါသည်။ မိုဘိုင်းဖုန်း သို့မဟုတ် Online မှတစ်ဆင့် အလွယ်တကူ ငွေပေးချေနိုင်သောကြောင့် ဘဏ်သို့ လူကိုယ်တိုင်သွားရောက်ရန် မလိုအပ်တော့ပေ။

ဤစနစ်က ငွေသားအပေါ် အမှီပြုနေရခြင်းကို လျှော့နည်းစေပြီး ငွေသားကိုင်ဆောင်ထားရသည့်စရိတ် (Costs of cash handling)ကိုလည်း သက်သာစေသည်။ ထို့ကြောင့် ဘဏ်လုပ်ငန်းစု၏ စွမ်းဆောင်ရည်ကို တိုးတက်စေပြီး တိုင်းပြည်စီးပွားရေးကိုလည်း တိုးတက်စေနိုင်သည်။

Soruce: nationmultimedia

**သိန်းမြင့်ဝေ**

# တရုတ်နိုင်ငံသို့ ဆန်ပိုမိုတင်ပို့ရန် လာအိုနိုင်ငံမှ ဆောင်ရွက်လျက်ရှိ

လာအိုနိုင်ငံ၏ ဆန်အရည်အသွေးကို တရုတ်နိုင်ငံဝယ်လက်များက သဘောကျပြီးနောက် လာအိုနိုင်ငံသည် လာမည့် ၂၀၁၇ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်ပိုမိုရောင်းချရန် စီစဉ်နေပြီဖြစ်ကြောင်းသိရှိရ သည်။

လာအိုနိုင်ငံသည် ၂၀၁၅ ခုနှစ်မှစတင်၍ တရုတ်နိုင်ငံသို့ဆန်ရောင်းချလျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် Sticky rice နှင့် Purple rice အမျိုးအစားဆန်တန်ချိန် ၄၂၀၀ခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့ထားပြီး၊ တရုတ်ဈေးကွက်မှ ဝယ်လိုအား ပိုမြင့်မားလာမှုကြောင့် ၂၀၁၇ခုနှစ်တွင် အဆိုပါ ဆန်အမျိုးအစားများ တန်ချိန်၈၀၀၀ကျော် တိုးမြှင့်တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်းသိရှိရသည်။

၂၀၁၅ ခုနှစ် မတ်လတွင် တရုတ်နိုင်ငံအမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကော်မရှင်က လာအိုနိုင်ငံရှိ Xuanye (Lao) Co.,Ltd. အား ဆန်ခွဲတမ်း တန်ချိန် ၈၀၀၀ သတ်မှတ်ပေးကာ လာအိုဆန်များကို တရုတ်နိုင်ငံသို့ ရောင်းချရန်အတွက် တစ်ဦးတည်းသော ပို့ကုန်လုပ်ငန်းအဖြစ် ရွေးချယ်ခဲ့သည်။

လာအိုနိုင်ငံတွင် အဓိကဆန်ထုတ်ကုန်များကို ၂+၃ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံချက်(2+3 Investment Pormotion Scheme) ဆောင်ရွက်လျက်ရှိသည့် ဆာဝမ်နာခက် ပြည်နယ်မှ ထွက်ရှိပြီး အဆိုပါစီမံချက်အရ ကုမ္ပဏီများက ငွေကြေး၊ နည်းပညာနှင့်ဈေးကွက်ရှာဖွေမှု ပြုလုပ်ပြီး တောင်သူများက ၎င်းတို့၏မြေယာနှင့် လုပ်အား ပါဝင်ဆောင်ရွက်ပေးရသည်။ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လာအိုနိုင်ငံရှိ တောင်သူများအနေဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်နှင့်သယ်ယူပို့ဆောင်ခစရိတ် မြင့်မားခြင်းစသည့် အခက်အခဲများရှိကြောင်းသိရှိရသည်။

လာအိုဆန်များ ယခုကဲ့သို့တရုတ်ဈေးကွက်သို့ တင်ပို့နိုင်ခြင်းသည် လာအိုဆန်အား နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီစွာဖြင့် လာအိုနိုင်ငံ၏ စံပြထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်လာအောင် ဆောင်ရွက်ပေးသည့် လာအိုနိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန၏အခန်းကဏ္ဍကို မြှင့်တင်ပေးရာရောက်ကြောင်း၊ အဆိုပါဝန်ကြီးဌာနသည် တရုတ်နိုင်ငံသို့အရည်အသွေးမြင့်မားသည့် ဆန်များတင်ပို့နိုင်ရေးအတွက် ရေ၊ မျိုးစေ့၊ ဓာတ်မြေဩဇာနှင့်ရာသီဥတုအပေါ် စနစ်တကျစီမံဆောင်ရွက်ကာ အရည်အသွေးမြင့် ဆန်စပါးစိုက်ပျိုးရန် ရွှေ့ပြောင်းစီမံချက်တစ်ရပ်အား အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လာအိုနိုင်ငံရှိ ဆန်စပါးစိုက်ပျိုးသူတောင်သူများ ပို့ကုန်ဈေးကွက် အခိုင်အမာရရှိရန်နှင့် လာအိုနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို အကူအညီပေးနိုင်ရေးအတွက် ကမ္ဘာ့အကြီးဆုံးဈေးကွက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် တရုတ်ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် တရုတ်နိုင်ငံတွင် လာအိုအော်ဂဲနစ်ဆန်ဈေးကွက်တည်ထောင်နိုင်ရေး စဉ်းစားလျက်ရှိကြောင်းသိရှိရသည်။

၂၀၀၀ခုနှစ်မှစ၍ လာအိုနိုင်ငံသည် ဗီယက်နမ်၊ ထိုင်း၊ တရုတ်နှင့် အခြားနိုင်ငံများသို့ နှစ်စဉ် ဆန်တန်ချိန် သုံးသိန်းကျော် တင်ပို့လျက်ရှိသည်။ လာအိုနိုင်ငံအနေဖြင့် နိုင်ငံအတွင်း အစားအစာပြတ်လပ်မှုမရှိစေရေးအတွက် ၂၀၂၀ ခုနှစ်တွင် ဆန်တန်ချိန် ၅သန်းခန့်ထွက်ရှိနိုင်ရေး စီစဉ်ထားသည်။ ယခုနှစ်တွင် ဆန်တန်ချိန် ၄ ဒသမ ၁၂ သန်း ထွက်ရှိပြီး၊ လာမည့်နှစ်တွင် ဆန်တန်ချိန် ၄ ဒသမ ၃၅ သန်းထွက်ရှိရန် မျှော်မှန်းထားကြောင်း သိရှိရသည်။

**Source: Xinhua စန္ဒာထွန်း (TTI)**

## ကြက်သွန်

# ထိုင်းနယ်စပ်မှ ကြက်သွန်နီပိုမိုတင်ပို့

မြန်မာ- ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းတို့မှ ဒီဇင်ဘာ ၁၇ ရက် မှ ၂၃ ရက်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ၁၄၆ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၄၅၄ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မြဝတီမှ ၃၅၄ တန်နဲ့ တာချီလိတ်မှ တန် ၁၀၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က မြဝတီစခန်းတစ်ခုတည်းမှသာ ၁၅၉တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။မြန်မာ - တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅၉၀ တန်ဖိုးရှိ ကြက်သွန်နီ နှစ်တန်သာ တင်ပို့ခဲ့ပါတယ်။

မော်မော်အောင်

# ကြက်သွန်နီအဟောင်း လက်ကျန်နည်းပါးပြီး ဈေးကွက်သို့ အသစ်များဝင်ရောက်လာ

ပြည်ကြက်သွန်နီ (ပွဲရုံ)များတွင် ကြက်သွန်နီအဟောင်းလက်ကျန်တွေ နည်းပါးလာပြီး အစိုပေါက်ချိန်လည်းဖြစ်တာကြောင့် ဈေးနှုန်းလည်းကျလာပါတယ်။ သုံးစွဲသူတွေကလည်း ဈေးနှုန်းချိုတာကြောင့် အရောင်းအဝယ်လည်း နေ့စဉ်ဖြစ်တယ်လို့ ဆိုပါတယ်။ ဒေသတွင်း ကြက်သွန်နီ အသစ်အိတ်တွေလည်း ဝင်ရောက်လာပြီး ဈေးအသင့်အတင့်ဖြစ်တယ်လို့ ပြောပါတယ်။ မနှစ်က ကြက်သွန်နီ ဈေးဖောင်းပွနေတာကြောင့် အသစ်ပေါ်စမှာပင် ကြက်သွန်တောင်သူတွေ အမြတ်များများ ရရှိခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကြက်သွန်နီ (ပွဲရုံ) တစ်ပိဿာဈေး အဟောင်း (လတ်ချော) ကျပ် ၅၀၀ ရှိပါ တယ်။ ကြက်သွန်နီအသစ်ဈေးတွေကတော့ (သေး) ၄၅၀ ကျပ်၊ (လတ်) ကျပ် ၅၀၀ နှင့်(ကြီး) ၆၇၀ ကျပ်တို့ဖြစ်ပါတယ်။ ဒေသတွင်းလက်လီ အရောင်းဈေးကွက်မှာ (ဟောင်းလတ်) ကျပ် ၈၀၀၊ အသစ်(သေး) ၅၅၀ ကျပ်၊ (လတ်)၈၅၀ကျပ်နှင့် (ကြီး) ၉၅၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိကြပါတယ်။နှစ်သစ်ကူးကာလနီးလာတာကြောင့် ကြက်သွန်နီတွေ အရောင်းအဝယ်ဖြစ်နေပြီး နေ့စဉ်ပွဲရုံများတွင် အိတ် ၅၀၀ကျော် အရောင်းဖြစ်ကြောင်းလည်းသိရပါတယ်။

ဝင်းလှဲ့ဝါ(ပြည်)

# ပြည်(ပွဲရုံ) ကြက်သွန်ဖြူ ပုံမှန်ဝင်ရောက်ပြီး ဈေးဆက်ကျ

ဒီဇင်ဘာနောက်ဆုံးပတ် ပြည်(ပွဲရုံ) ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်နေပြီး အရောင်းအဝယ်လည်းဖြစ်နေသလို ဈေးနှုန်းလည်း အနည်းငယ်ထပ်ကျလာတာတွေ့ရပါတယ်။ ပွဲရုံဈေးကျလာလို့ ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်သူတွေကလည်း ဈေးချလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် ပြည်(ပွဲရုံ)လက်ကားတစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၄၈၀၀ နှင့် (ကြူကုတ်စ) ကျပ် ၄၇၀၀မှ ကျပ် ၅၀၀၀ထိ အရွယ်အစား မူတည်ပြီး ဈေးနှုန်းဖြစ်ပေါ်နေတာတွေ့ရပါတယ်။

ဒေသတွင်း လက်လီအရောင်းဈေးကွက်များမှာတော့ တစ်ပိဿာလျှင် (ရှမ်း) ကျပ် ၅၃၀၀၊ (ကြူကုတ်) ကျပ် ၅၄၀၀ ဖြင့် ရောင်းချလျက်ရှိပါတယ်။ ကြက်သွန်ဖြူဈေးကွက်မှာ တစ်နှစ်ပတ်လုံး ဈေးအမြင့်နဲ့ ဝယ်ယူစားသုံးနေကြရမှ ဒီဇင်ဘာလကုန်ပိုင်းမှာတော့ ဈေးကျလာတာ တွေ့ရပါတယ်။ ပွဲရုံများတွင်လည်း ကြက်သွန်ဖြူအိတ်တွေ အရောင်းအဝယ် ပြန်ဖြစ်နေတယ်လို့အရောင်းအဝယ်သမားတွေက ပြောကြပါတယ်။ ဒီတစ်ပတ် ကြက်သွန်ဖြူအိတ် ၂၃၀ ကျော်အထိ အရောင်းအဝယ်ဖြစ်လာတာလည်း သိရပါတယ်။

နီနီဝင်း

# ပြည်စားတော်ပဲ ဈေးအမြင့်နဲ့ ဈေးဆက်ငြိမ်လျက်ရှိ

ပြည်ဈေးကွက်ရဲ့ လက်လီပဲဈေးကွက်အတွင်း စားတော်ပဲ ဈေးမြင့်ပေမယ့် လက်ကျန်လည်းနည်းကာ အရောင်းအဝယ်ဖြစ်မှုပမာဏအနေဖြင့် လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့လို့ အိတ်အနည်းငယ်သာ အဝယ်ရှိတဲ့ စားတော်ပဲသီးနှံဟာ တစ်တင်းကျပ် ၃၇၅၀၀နဲ့လလယ်က ဈေးအတိုင်း ဈေးအမြင့်နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ်အတွင်း နှစ်ဆန်းပိုင်းတွင် တစ်တင်းကျပ် ၂၅၀၀၀ ခန့် နှစ်လယ်ပိုင်းအထိ ရရှိကာ ဇူလိုင်လမှစ၍ တစ်တင်း ကျပ်သုံးသောင်းကျော်ရရှိလာပြီး ယခုနှစ်ကုန်သည့်အချိန်အထိ ဈေးကောင်းရလျက်ရှိကြောင်း သိရှိရပါတယ်။

ခင်ဆွေဝင်း

## ချင်း

# ရှမ်းချင်း ပြည်တွင်းနဲ့ ဒေသတွင်းဝယ်လက်သာရှိလို့ အရောင်းအဝယ်အေး

ဒီတစ်ပတ်မှာလည်းအောင်ပန်းဈေးကွက်မှာ အောင်ပန်းတစ်ဝိုက်နဲ့လွယ်မောဘက်မှချင်းများအဝင်များနေပါတယ်။ ချင်းအဝင်များနေပေမယ့် အရောင်းအဝယ်ကတော့ပါးနေပါတယ်။ ဒီနှစ်မှာတော့ ချင်းဈေးကွက် အရမ်းကို ငြိမ်သက်နေတယ်လို့ကုန်သည်များထံမှသိရှိရပါတယ်။ ပြည်ပအဆွဲကလည်း နားနေပြီး ပြည်တွင်းဝယ်လက်နဲ့ ဒေသတွင်းဖောက်သည်တွေသာ ဝယ်ယူနေတာကြောင့် အရောင်းအေးဈေးအေးနေတယ်လို့ ပွဲရုံများမှသိရှိရပါတယ်။ မုံရွာ၊ မန္တလေးဘက်မှကုန်သည်များကထိုးချင်းတွေကိုလက်လီ ပြန်ရောင်းဖို့အတွက် ဝယ်ယူနေပါတယ်။ အချို့ကုန်သည်တွေက အခြောက်ခံဖို့အတွက် ဝယ်ယူနေတယ်လို့ သိရှိရပါတယ်၊ တစ်ပတ်အတွင်းချင်း(စို) ပိဿာချိန် ၁ ဒသမ ၅ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပိဿာကို ကျပ် ၂၅၀-၃၀၀ရှိတယ်လို့သိရပါတယ်။ချင်းခြောက်ကတော့လက်ကျန်ကိုသာ အရောင်းအဝယ်ပြုလုပ်နေကြတယ်လို့ သိရှိရပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကျပ် ၁၅၀၀ ဈေးဝန်းကျင်ရှိပြီး ပိဿာချိန် ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရှိရပါတယ်။

စောယုထွေး (တောင်ကြီး)

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၅၂၀ တန်ဖိုးရှိ ချင်းစို၂၇တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၂၁တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစို ၆တန် ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ စစ်တွေနယ်စပ်မှာ ချင်းစိုတစ်တန်ရဲ့မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်းအရ) ၉၉၆၂၀၈ ကျပ်ခန့်ရှိတယ်လို့သိရပါတယ်။

မော်မော်အောင်

# ပြည်ချင်း ဈေးကျပေမယ့် အရောင်းအဝယ်အေး

ပြည်ချင်းဈေးကွက်သို့ ယခုတစ်ပတ်အတွင်း အောင်ပန်းချင်းပိဿာချိန် ၃၀ ဝင်အိတ် ၃၀၀ ခန့် အဝယ်လိုင်လာပါတယ်။ ပွဲရုံလုပ်ငန်းရှင်များအနေနဲ့ ဈေးကွက်အတွင်း ပစ္စည်းအဝင်များလာလို့ ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ချပြီး ရောင်းဝယ်လျက်ရှိပါတယ်။ ဈေးကျပေမယ့် အဝယ်မလိုက်ဘဲ ချင်းတက် တစ်ပိဿာကျပ် ၅၀၀- ၆၀၀ နဲ့ တစ်နေ့ကို ပိဿာချိန် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး အရောင်းအေးလျက်ရှိပါတယ်။ ယခုတစ်ပတ်တွင် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့ကိုလည်း ဈေးကွက်မှတစ်ဆင့် တစ်နေ့ကို ပိဿာချိန် ၂၀၀ ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ဝင်းဝင်းခိုင်



# ပြည်ဈေးကွက်မှာ မြေပဲဆီဆန်ဈေးမြင့်လို့ ဆီဈေးပါ မြင့်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မြေပဲဆီဆန်ဈေးပြန်မြင့်ပြီး လုံးဆန်ဈေး အနည်းငယ်ပြန်ကျလာတာတွေ့ရပါတယ်။ မြေပဲဆီဆန်ကို ဆီစက်သမားများက အဝယ်ရှိသဖြင့် ဈေးမြင့်လာသလို မြေပဲဆီဈေးမှာလည်း ဈေးမြင့်လာတာတွေ့ရပါတယ်။ မြေပဲဆန်ကို မြန်အောင်ကြားရှိ ကျေးရွာများ ဝက်ထီးကန်၊ ပေါင်းတလည်၊ ကံမနဲ့ ဥသျှစ်ပင်ဘက်မှ တစ်နေ့လျှင် အိတ် ၁၅၀၀ ခန့် အဝင်ရှိပြီး ဝင်သလောက် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ ဆီဆန်ဈေးမြင့်ပေမယ့် လုံးဆန်ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။ လုံးဆန်ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိပြီး ဆီဆန်ကို မကွေးဆီစက်များက အဝင်ရှိသဖြင့် ဈေးကွက်တွင် တစ်နေ့လျှင်အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီဈေးမှာ တစ်ပိဿာလျှင် ၄၅၀၀ကျပ်ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ဝေဝေမင်း

## နနွင်း

# တရုတ်နိုင်ငံသို့ နနွင်းတက် ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ၁၇ရက်မှ ၂၃ရက်အတွင်း အမေရိကန်ဒေါ်လာ ၃၆၉၀၂ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၅၁ တန်ခန့် တင်ပို့ခဲ့ပါတယ်။ယခင်ရက်သတ္တပတ်က မူဆယ်မှ၅၃ တန်၊ စစ်တွေမှ ၁ တန် တင်ပို့ခဲ့တဲ့အတွက် တရုတ်နိုင်ငံသို့ နနွင်းတက် ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။ နနွင်းတက် တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက်ပေါက်ဈေး ၉၉၉၀၅၀ ကျပ်ဝန်းကျင်ရှိတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

မော်မော်အောင်

# ရှမ်းနနွင်း လက်ကျန် အဟောင်းကိုသာ အဆွဲများ

ရှမ်းနနွင်းမှာ လာမယ့် ၂၀၁၇ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလပိုင်းလောက်မှာတော့ ဈေးကွက်ထဲကိုနနွင်းသစ်တွေလှိုင်လှိုင်ဝင်လာတော့မှာဖြစ်ပါတယ်။ အခုချိန်မှာတော့ အရင်လက်ကျန်အဟောင်းတွေကိုပဲ ပုံမှန်အရောင်းအဝယ်လုပ်နေရပါတယ်။ နနွင်းက ချင်းဈေးကွက်လိုပဲ ပြည်တွင်းဝယ်လက်တွေနဲ့သာ နည်းနည်းချင်း အဆွဲရှိနေပါတယ်။ နနွင်းဈေးကတော့ အဆင့်အလိုက်၊ အရောင်အလိုက် ဈေးကွာခြားပါတယ်။ တောင်ပို့လစနနွင်းနံပါတ်(၁)က တစ်ပိဿာကို ကျပ် ၂၃၀၀-၂၄၀၀ ရှိပါတယ်။ ဆင်တောင် နံပါတ်(၁)က တစ်ပိဿာ ကျပ် ၂၄၀၀-၂၅၀၀ ရှိပြီး နံပါတ်(၂)ကတော့ တစ်ပိဿာကို ကျပ် ၁၂၀၀-၁၃၀၀ ဈေးရှိပါတယ်။ လက်ကျန် နနွင်းအဟောင်းတွေကို ပြည်တွင်းဝယ်လက်တွေဖြစ်တဲ့ တောင်တွင်းကြီး၊ ပြည်၊ ရန်ကုန်ဘက်က ဆွဲနေတယ်လို့သိရှိရပါတယ်။ နနွင်းကို အမှုန့်ကြိတ်ဖို့အတွက်နဲ့ ခြင်ဆေးခွေပြုလုပ်ဖို့အတွက် ဝယ်ယူကြတယ်လို့ သိရှိရပါတယ်။ တစ်ပတ်တွင်းအရောင်းအဝယ်ကတော့ ပိဿာချိန်ပေါင်း ခုနစ်သောင်းရှစ်သောင်းခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရှိရပါတယ်။

စောထုထွေး (တောင်ကြီး)

# a[majymjcif;tEyknm



ဇေယျာဆွေ

မြန်မာနိုင်ငံမှာ အစိုးရဌာနဆိုင်ရာများနဲ့ အသင်းအဖွဲ့အသီးသီးတို့မှာ ဆောင်ရွက် လုပ်ကိုင်နေကြတဲ့ လုပ်ငန်းများ အောင်မြင်ရေးအတွက် ရည်ရွယ်ပြီး ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ တွေ့ဆုံနှီးနှော ဖလှယ်ပွဲများ အသီးသီး ကျင်းပဆောင်ရွက်လျက်ရှိရာ ယခင်ကာလများနှင့် မတူအောင် တိုးတက်များပြားလျက် ရှိနေပါတယ်။ ဌာနဆိုင်ရာများနဲ့ အသင်းအဖွဲ့တွေက ပညာရပ်ဆိုင်ရာမှာ ကျွမ်းကျင်နှံ့စပ်တဲ့ ပညာရှင် အသီးသီးဟာ မိမိတို့ရဲ့ အတွေ့အကြုံ၊ လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်တွေကို ဟောပြောပို့ချ ဆွေးနွေးကြတဲ့ နေရာမှာ ဗဟုသုတဖြစ်ဖွယ်အကြောင်းအရာများ အပါအဝင်၊ နာယူမှတ်သားဖွယ်၊ ဆောင်ရွက်ရမည့် အချက်များစွာ ပါဝင်ကြပေမယ့် ဟောပြောပို့ချမှုဆိုင်ရာ အရည်အသွေး ပြည့်ဝမှု အားနည်းချက်တွေကြောင့် ပစ်မှတ်ထားတဲ့ ပရိသတ်ဆီကို တန်ဖိုးရှိတဲ့ ဟောပြောပို့ချချက်တွေ မရောက်တတ်ကြတာကို တွေ့မြင်ကြရသလို ကျွန်တော်တို့ ကိုယ်တိုင်လည်း ဘာသာရပ်ဆိုင်ရာ ခေါင်းစဉ် တစ်ခုခုကို ရှင်းလင်းဆွေးနွေးရမယ်ဆိုရင် ဘယ်လို ဆွေးနွေးကြမလဲဆိုတာ သိသာထင်ရှားစွာ ဖော်ပြထားတဲ့ လက်လှမ်းမီတဲ့ သင်ခန်းစာကို အလွယ်တကူ တွေ့ဖို့ ခဲယဉ်းကြပါတယ်။ ဒါကြောင့် မိတ်ဆွေများ ဆွေးနွေးဟောပြောတဲ့ နေရာမှာ အတုယူ လိုက်နာနိုင်ဖို့ New York Times မဂ္ဂဇင်းရဲ့ ရောင်းအားအကောင်းဆုံး စာရေးဆရာ Neil Patel ရေးထားတဲ့ Ten Tips for a Killer Presentation ဆောင်းပါးပါ လေ့လာတွေ့ရှိထားတာတွေကို မျှဝေလိုက်ပါတယ်။

## မျက်စိရှုပ်အောင် မလုပ်ပါနဲ့

ဟောပြောဆွေးနွေးကြတဲ့ အချိန်မှာ သုံးစွဲရတဲ့ ပိုစတာ၊ လက်ကမ်းစာစောင်နဲ့ ပါဝါပွိုင့်တွေကို စာသားတွေ အများကြီးနဲ့ ပရိသတ် မျက်စိရှုပ်အောင် လုပ်မထားသင့်ပါဘူး။ စကားလုံး နည်းနည်းနဲ့ ရိုးရိုးရှင်းရှင်းလေး ရေးသားတင်ပြထားသင့်ပါတယ်။ ပရိသတ်က စာဖတ်ဖို့လာတာ မဟုတ်ပါဘူး။ သင့်ရဲ့ ဟောပြောမှုကို လာနားထောင်တာပါ။

## ပရိသတ်ကိုကြည့်ပါ

ဟောပြော ဆွေးနွေးတဲ့အခါတိုင်းမှာ ပရိသတ်ကို ကြည့်ပြီး တော့ ဆွေးနွေးပါ။ ပရိသတ် တစ်ဦးတည်းကို ကြည့်ပြီး ပြောတာထက် အများစုနဲ့ မျက်လုံးချင်းဆုံအောင် ကြည့်ပြီး ဟောပြောရပါမယ်။ အဲဒီလို မလုပ်ဘူးဆိုရင်တော့ ပရိသတ်ကို ဟောပြောတာနဲ့ မတူ တော့ဘဲ တစ်ယောက်တည်း စကားပြောသလို ဖြစ်နေပြီး ပရိသတ်ရဲ့ အာရုံကို ဆွဲဆောင်နိုင်မှု အားနည်းသွားပါလိမ့်မယ်။

## ကိုယ့်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို ထုတ်ပြပါ

ပရိသတ်တွေ အများကြီးနဲ့ အသက်အရွယ်ကြီးတဲ့ ပရိသတ်တွေ ဖြစ်ပါစေ ကိုယ့်ရဲ့အရည်အသွေးကို ပေါ်လွင်အောင် ထုတ်ပြသင့် ပါတယ်။ ဒါမှသာလျှင် ဟောပြောမှုက အသက်ဝင်ပြီး ပရိသတ်ရဲ့ စိတ်ဝင်စားမှုကို ရလာမှာ ဖြစ်ပါတယ်။ မူရင်းဆောင်းပါးမှာတော့ နာမည်ကြီးမင်းသား တွမ်ခရုဇ် ရိုက်ကူးထားတဲ့ Matrix ဇာတ်ကားထဲက Agent Smith လိုမဖြစ်ပါစေနဲ့လို့ ဥပမာပေးထားပါတယ်။ Agent Smith ရဲ့ စရိုက်က ဘယ်လိုမျိုးလဲဆိုတာကတော့ Matrix ရုပ်ရှင်ကြည့်ရင် သိနိုင်ပါတယ်။

## ပရိသတ်ကို ရယ်မောအောင်လုပ်ပါ

လူတွေဟာ ရယ်မောရခြင်းကို ကြိုက်နှစ်သက်ကြပါတယ်။ ဒါကြောင့် ဟောပြောဆွေးနွေးပွဲတွေမှာ ပရိသတ်ကို ဟောပြောတဲ့ အကြောင်းအရာနဲ့ ဆက်စပ်တဲ့ ဟာသလေးတွေနဲ့ ရယ်မောရအောင် လုပ်ပေးပါ။ ဒီလိုလုပ်ပေးခြင်းဟာ ပရိသတ် စိတ်ဝင်စား တက်ကြွမှုရှိပြီး ကိုယ့်ရဲ့ ဟောပြောပညာပေးမှုကို ပရိသတ် ကောင်းမွန်စွာ လက်ခံရရှိစေပါတယ်။

## ပရိသတ်နဲ့ အပြန်အလှန် စကားပြောပေးပါ

ပရိသတ် အများစုဟာ ဟောပြောပွဲမှာ စကားထပြောရမှာကို ကြောက်ကြပါတယ်။ ဒါပေမဲ့ သူတို့ကိုစကားပြောလာအောင် ဖန်တီးတတ်ရပါမယ်။ အလွယ်ဆုံးနည်းတစ်ခုကတော့ သူတို့ကို လွယ်ကူတဲ့ မေးခွန်းတွေမေးပြီး ဖြေခိုင်းတာနဲ့ ပရိသတ်က ကိုယ့်ကို မေးခွန်းတွေ မေးခိုင်းစေခြင်းအားဖြင့် သူတို့နဲ့ အပြန်အလှန် စကားပြောဆိုမှု ဖြစ်စေပြီး ကိုယ့်ရဲ့ ဆွေးနွေးဟောပြောမှုကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်။

## ရိုးသားပါ

ရိုးသားစွာ ဟောပြောပါ။ ဟောပြောကြသူ အများစုဟာ သူတို့ ကို ပြောဖို့ လိုအပ်တာကို ပြောရမယ့်အစား ပရိသတ် ကြားချင်တာကို သာ ပြောနေတတ်ကြပါတယ်။ အမှန်တရားဖြစ်တဲ့အတွက် ပရိသတ်က နားမထောင်ချင်တာတွေ ဖြစ်တတ်ကြတာကြောင့် အမှန်တရားကိုသာ ရိုးသားစွာ ဟောပြောပါ။ ဒါမှသာလျှင် ပရိသတ်က အမှန်တရားကို သိရှိပြီး ကိုယ့်ကို လေးစားမှု ရှိလာမှာ ဖြစ်ပါတယ်။

## လွန်ကဲတဲ့ ကြိုတင်ပြင်ဆင်မှုများ မလုပ်ပါနဲ့

ဟောပြောမှုများကို ထိုက်သင့်အားလျော်စွာ ကြိုတင်လေ့ကျင့် ပါ။ ဒါပေမယ့် မလွန်ကဲစေပါနဲ့။ လွန်ကဲတဲ့ လေ့ကျင့်မှုများက ဟောပြော ဆွေးနွေးတဲ့နေရာမှာ အသက်ဝင်မှု အားနည်းပြီး စာကျက်ထားသလို စကားပြောဆိုမှုတွေကြောင့် ကိုယ့်ရဲ့ ဟောပြော ဆွေးနွေးမှုတွေဟာ ပရိသတ်ကို အနှောင့်အယှက်ဖြစ်စေပြီး ဟောပြောပွဲကို အားနည်းစေတတ်ပါတယ်။

## ဟောပြောစဉ် လှုပ်ရှားမှုတွေ လုပ်ပေးပါ

ဟောပြော ဆွေးနွေးနေတုန်းမှာ သင့်တော်တဲ့ ကိုယ်ဟန် အမူအရာနဲ့ ကိုယ်ခန္ဓာ လှုပ်ရှားလျှောက်လှမ်းမှုတွေ လုပ်ပေးရပါမယ်။ ဒါပေမယ့် ဟောပြောဆွေးနွေးသူ အများစုဟာ ဟောပြောနေစဉ်အတွင်းမှာ ဒီလို လှုပ်ရှားမှုတွေ လုပ်ကြဖို့ကို မေ့နေတတ်ကြပါတယ်။ ပရိသတ်တွေဟာ စင်ပေါ်မှာ တောင့်တောင့်ကြီး ရပ်ပြီး ဟောပြောတတ်ကြတဲ့ ဟောပြောသူမျိုးကို မကြိုက်ကြပါဘူး။ လက်ဟန်ခြေဟန်တွေနဲ့ ကိုယ်ခန္ဓာ လှုပ်ရှားမှုတွေကို ဟောပြောတဲ့ အကြောင်းအရာနဲ့ လိုက်လျောညီထွေ ဟောပြောကြတာမျိုးကို ကြိုက် နှစ်သက်ကြပါတယ်။ ဒါပေမဲ့ ပရိသတ် မျက်စိနောက်အောင်တော့ သိပ်မလုပ်ကြနဲ့ပေါ့။

## ကိုယ်ပြောတာကို သတိထားပေးပါ

ဟောပြောသူတွေဟာ ကိုယ်ပြောနေတုန်းမှာ " အဲ-ဟို-ဟိုဟာ - ဟိုဒင်း. . " စတဲ့ အသုံးမဝင်တဲ့ စကားလုံးတွေကို ထပ်ခါထပ်ခါ ပြောမိတတ်တာကို သတိမထားမိကြဘူး။ ဒီလိုမျိုးတွေဟာ ဟောပြော ဆွေးနွေးချက်တွေမှာ ပရိသတ်ကို စိတ်အနှောင့်အယှက် ဖြစ်စေတတ်လို့ သတိထားရပါမယ်။ တချို့ ပရိသတ်တွေဟာ အဲဒီလို စကားလုံးမျိုးတွေကို ဟောပြော ဆွေးနွေးသူက ဘယ်လောက်များများ ပြောသွားတယ်ဆိုတာမျိုးကို ရေတွက်ထားကြပြီး လှောင်ပြောင်တတ်ပါသေးတယ်။

## မိမိကိုယ်ကို ဆန်းစစ်ပါ

ဟောပြောဆွေးနွေးသူတွေဟာ မိမိကိုယ်ကို ဝေဖန်သုံးသပ်မှု လုပ်ရသလို ပရိသတ်တွေ အမှတ်တရ ရှိနေတတ်ကြတဲ့ အခြား အောင်မြင်နေတဲ့ ဟောပြော ဆွေးနွေးသူတွေနဲ့လည်း နှိုင်းယှဉ် သုံးသပ်မှု လုပ်ရပါမယ်။ ပရိသတ်တွေ ကိုယ့်ကို အမြဲအမှတ်ရနေစေ ဖို့အတွက် ဟောပြော ဆွေးနွေးစဉ်မှာ မိမိကိုယ်ကို အမှတ်တံဆိပ်တစ်ခုအဖြစ် ကြော်ငြာသလို ဟောပြောနိုင်ရပါမယ်။ ဒါမှသာလျှင် သင်ဟာ ပြိုင်ဖက်ကင်းတဲ့ အမှတ်တရ ရှိနေရမယ့် ဟောပြောသူ တစ်ယောက် ဖြစ်နေမှာပါ။

ဆွေးနွေး ဟောပြောမှုများမှာ ပါဝါပွိုင့် အသုံးပြုတဲ့ presentation များရှိကြတဲ့အတွက် Wikipedia ရဲ့ Board အဖွဲ့ဝင် Mercedes Benzes ရဲ့ Brand Ambassador ဖြစ်သူ Guy Kawasaki ၏ အကြံပြုချက် 10-20-30 ကိုလည်း ကိုးကားနိုင်ရန် တင်ပြလိုက်ပါတယ်။

10- ဆိုတာက မိမိတင်ပြ ဆွေးနွေးမယ့် ပါဝါပွိုင့်ကို Slide ၁၀ချပ်ထက် မများစေရန် ဂရုပြုသင့်ပါတယ်။ ၁၀ ချပ်ထက် ပိုမိုတဲ့ presentation တွေဟာ ပရိသတ်တွေကို ပါဝါပွိုင့် ၊ Slide တွေနဲ့ ငြီးငွေ့စေပြီး ဟောပြော ဆွေးနွေးတဲ့သူရဲ့ ဟောပြောချက်တွေကို နား မထောင်ရဘဲ ပါဝါပွိုင့် Slide တွေကို ကြည့်ပြီး ငြီးငွေ့သွားစေနိုင် တယ်လို့ အကြံပြုထားပါတယ်။

20- ဆိုတာက မိမိတင်ပြဆွေးနွေးမည့် အချိန်ကို မိနစ် ၂၀ ထက် ပိုမများစေရန် စီမံဆောင်ရွက်သင့်ကြောင်း အကြံပြုထားပါတယ်။ လေ့လာဆန်းစစ်မှုတွေအရ နားထောင်တဲ့ ပရိသတ်တွေဟာ ဘာသာရပ်တစ်ခုအပေါ် နားထောင်နိုင်တဲ့ အကြာဆုံး စိတ်ဝင်စားနိုင်မှုမှာ နာရီဝက်ထက် မပိုကြောင်း တွေ့ရှိရတဲ့အတွက် ယခုကဲ့သို့ အကြံပြုကြောင်း တင်ပြထားပါတယ်။

30- ဆွေးနွေးပို့ချမည့် ပညာရှင်ဟာ မိမိဆွေးနွေးရာမှာ အသုံးပြုမယ့် ပါဝါပွိုင့် Slide ၏ Text Size (စာလုံးအရွယ်အစား)ကို ၃၀ ထက် မသေးစေရန် အကြံပြုထားပါတယ်။ ပါဝါပွိုင့်ပါရှိတဲ့ စာလုံးအရွယ်အစားများ သေးငယ်လွန်းပါကလည်း ပရိသတ်အနေနဲ့ ဖတ်ရှုရာမှာ အခက်အခဲ ဖြစ်စေနိုင်လို့ လိုက်နာကျင့်သုံးရမယ့် အချက်တစ်ချက်အနေနဲ့ တင်ပြလိုက်ရပါတယ်။

## ပြည်ပဲဈေးကွက်သို့ မတ်ပဲသစ်အချို့စတင်ဝင်ရောက်

ပြည်ပဲဈေးကွက်အတွင်းသို့ ဒီဇင်ဘာလဆန်းမှစ၍ ပဲဝင်ရောက်မှု ပါးသွားခဲ့ရာ ရန်ကုန်ဝယ်လက်များ ဝယ်ယူမှုအပေါ် လက်ကျန်ပဲအချို့ဖြင့်သာ ရောင်းချခဲ့ရပါတယ်။ ဒ့ါပြင် ပဲဈေးနှုန်းများလည်း ကျဆင်းခဲ့တဲ့အတွက် လှော်ပဲသမားအချို့က အနည်းငယ်သာရောင်းချခဲ့ကြပါတယ်။ တစ်ခါတစ်ရံ ရက်ခြားဆိုသလို အိတ် ၁၅၀ မှ ၂၀၀ နီးပါး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခုလကုန်ပတ်အတွင်း ပန်းတောင်းဘက်မှ မတ်ပဲအသစ်အချို့ အိတ် ၃၀ မှ ၄၀ ကျော် ဝင်လာခဲ့ပါတယ်။ မတ်ပဲသစ်တစ်တင်း ၃၄၀၀၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့တဲ့အတွက် ပဲဟောင်းဈေးနှုန်းအနေဖြင့် တစ်တင်း ကျပ် ၃၆၀၀၀ ရရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ ယခင်နှစ်က ဇန်နဝါရီလဆန်းပိုင်းတွင် ပဲသစ် အနည်းငယ်အဝင်စရှိကာ တစ်တင်း ၅၉၀၀၀ ကျပ် ဈေးဖွင့်ခဲ့တယ်လို့လည်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲဈေးအမြင့်ဆုံးရလျက်ရှိ

ဒီဇင်ဘာ နောက်ဆုံးပတ်မှာ ပြည်ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲကတော့ ကုလားပဲသီးနှံဖြစ်ပါတယ်။ ကုလားပဲသီးနှံမှာ ပဲဟောင်းလက်ကျန်သိပ်မရှိတော့သလို ပဲဝင်ရောက်မှုလည်း မရှိခဲ့ဘူးလို့ သိရပါတယ်။ ဒါကြောင့် လက်ကျန်ပဲအနည်းငယ်သာ ပဲခွဲစက်သမားများနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းအနေဖြင့် တစ်တင်းကျပ် ၅၀၀၀၀ အထိ ရရှိနေတာကြောင့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းစတဲ့ ပြည်ပဝယ်လက်များတဲ့ ပဲများထက် ဈေးကောင်းရခဲ့ပြီး နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများအရလည်း ယခုနှစ်ဈေးနှုန်းဟာ အမြင့်ဆုံး ဈေး ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

**ခင်ဆွေဝင်း**

# စာတ်ဆီ/ဒီဇယ်

## ရေကြောင်းလမ်းမှ ဒီဇယ်၊ ဓာတ်ဆီတန်ချိန် ၆၀၀၀၀ ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၂၄၁၂၄၂၇၀ တန်ဖိုးရှိ ဒီဇယ် ၄၆၇၁၄ဒသမ ၄၀၅ တန်နဲ့ ကန်ဒေါ်လာ ၁၀၀၅၉၁၅၂ တန်ဖိုးရှိဓာတ်ဆီ ၁၇၂၀၇ဒသမ ၂၀၃တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၇၅၀၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၇၄၀၀၀ ကျော်အဝင်လျော့ပြီး ယခင်တစ်ပတ်တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၈၆၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၁၀၀၀ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာဓာတ်ဆီရော၊ ဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၆၈၅၈၁၈ တန်ဖိုးရှိ ဒီဇယ် ၁၄၃၆ ဒသမ ၀၃၆ တန်နဲ့ ကန်ဒေါ်လာ ၃၈၉၂၅၉ တန်ဖိုးရှိဓာတ်ဆီတန်ချိန် ၆၈၀ တင်သွင်းခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၆၀၀၃၀၅ တန်ဖိုးရှိ ဒီဇယ် ၃၃၈၃ တန်နဲ့ ကန်ဒေါ်လာ ၁၁၇၀၄၀ တန်ဖိုးရှိဓာတ်ဆီ တန်ချိန် ၂၀၀၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၈၅၈၀ တန်ဖိုးရှိ ဓာတ်ဆီ ၁၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း **(92)**နဲ့ **(95)** မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ်၇၂၀၊ အောက်တိန်း **(92)** ကျပ် ၇၃၀ ၊ အောက်တိန်း **(95)** ကျပ် ၇၇၀၊ အဆင့်မြင့်ဒီဇယ် ၇၅၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာ ၂၆ ရက်မှာ ဒီဇယ် ဝယ်ဈေး ကျပ် ၁၄၉၀၀၀၊ ရောင်းဈေး ကျပ် ၁၅၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် ဝယ်ဈေးကျပ် ၁၀၀၀ ဈေးမြင့်ခဲ့ပြီး ရောင်းဈေးဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာ ၂၆ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၃၂၀၀၀၊ ရောင်းဈေး ကျပ် ၁၃၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါဈေးအနည်းငယ်ကျခဲ့တယ်လို့ သိရပါတယ်။ပြင်ပလက်လီတစ်ဂါလံဈေးများမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၂၀၀၊ ဓာတ်ဆီတစ်ဂါလံ ကျပ် ၂၈၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီဈေးငြိမ်ပြီး ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဓာတ်ဆီ တစ်လီတာ ၆၄၅ကျပ် ၊ ဒီဇယ် ကျပ် ၇၁၀၊ အဆင့်မြင့်ဒီဇယ် ၇၅၅ကျပ်၊ အောက်တိန်း **(92)** ၇၅၅ကျပ် နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဒီဇင်ဘာ ၂၆ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၅၀၀၀၀၊ ရောင်းဈေး ကျပ် ၁၅၉၀၀၀၊ ဓာတ်ဆီဈေးမှာ ဝယ်ဈေး ကျပ် ၁၃၄၀၀၀၊ ရောင်းဈေး ကျပ် ၁၃၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ်၃၂၀၀၊ ဓာတ်ဆီ ကျပ် ၂၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီဈေးငြိမ်နေသော်လည်း ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်း မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ဓာတ်ဆီ ကျပ်၃၂၀၀၊ ဒီဇယ်ကျပ် ၃၃၃၀၊ အောက်တိန်း ၃၃၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၂၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်းတစ်ဂါလံ ၃၄၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးနှုန်းများမှာဓာတ်ဆီတစ်ဂါလံ ၃၅၀၀ကျပ်၊ ဒီဇယ်တစ်ဂါလံ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလံ ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## ငွေလဲနှုန်းများ ပြန်လည်ကျဆင်း

ယခုတစ်ပတ်တွင်ဝယ်လိုအားများ မြင့်တက်လာမှုကြောင့် ငွေလဲနှုန်းများ ကျဆင်းနေရာမှ ပြန်လည်မြင့်တက်လာသော်လည်း နှစ်တစ်နှစ်၏ နောက်ဆုံးရက်တွင်ပြန်လည်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ပြည်တွင်းငွေလွှဲနှုန်းများသည် စံချိန်တင်အမြင့်ဆုံးနှုန်းအဖြစ် ကျပ် ၁၄၇၀ အထိရောက်ရှိခဲ့ပြီး ၁၃၆၅ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့သည်။ သို့သော် ယခုတစ်ပတ်တွင် ဝယ်လိုအား များပြားလာခြင်းကြောင့်ဈေးကွက်အတွင်း ငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ တစ်ဒေါ်လာလျှင် ၁၃၇၅ ကျပ်အထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ သို့သော် နှစ်တစ်နှစ်၏ နောက်ဆုံးရက်ဖြစ်သည့် ဒီဇင်ဘာ ၃၁ ရက်တွင်မူ ၁၃၆၂ ကျပ်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲမှာ ဒေါ်လာဈေးကအတက်အကျတော်တော်များတယ်။ ပထမရက်တွေတုန်းက ဈေးကျနေရာကနေ ပြန်ပြီးမြင့်တက်လာတာပါ။ နှစ်ကုန်တဲ့အချိန်မှာ ကုမ္ပဏီတွေက ပြည်ပကို ငွေလွှဲပို့ရမှာဖြစ်တဲ့အတွက် အခုလို အဝယ်လိုက်လာတာပါ။ ဒါပေမယ့် နှစ်ကုန်မယ့်ရက်ရောက်တော့ ဈေးပြန်ကျလာတယ်" ဟုငွေလဲကောင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ငွေလဲစင်တာများတွင် ဒီဇင်ဘာ ၂၆ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၇၄ ကျပ်၊ ဝယ်ဈေး ၁၃၆၈ ကျပ်ရှိခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် ရောင်းဈေး ၁၃၆၈ကျပ်၊ ဝယ်ဈေး ၁၃၆၃ ကျပ်သို့ ကျဆင်းခဲ့သည်။ ဒီဇင်ဘာ ၃၁ ရက်တွင် ရောင်းဈေး ၁၃၆၂ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းရွှေဈေး အနည်းငယ်ပြန်လည်မြင့်တက်

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်တွင် ဈေးနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရသည်။ အဝယ်လိုက်လာ၍ ဈေးမြင့်တက်လာရခြင်းမဟုတ်ဘဲ ရွှေအဝင်နည်းနေသဖြင့် ဈေးအနည်းငယ်ပြန်လည်မြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်များက သုံးသပ်ပြောကြားခဲ့သည်။

"ပြည်တွင်းရွှေဈေးကွက်မှာ ဒီတစ်ပတ် ဈေးနည်းနည်းပြန်ကျလာတယ်။ မန္တလေးဘက်ကလည်း ရွှေအဝင်နည်းလာတယ်။ ရွှေအဝင်နည်းလာတော့ ဈေးပြန်တက်လာတာပါ။ ကမ္ဘာ့ရွှေဈေးကလည်း ပြန်တက်လာတယ်။ ရွှေအဝင် နည်းလာသလို ကမ္ဘာ့ရွှေဈေးကလည်း မြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေးက ပြန်တက်လာတာပါ။ ဒီတစ်ပတ်ထဲမှာ ငွေလဲနှုန်းကကျသွားတော့ ရွှေဈေးက အရင်တစ်ပတ်တွေကထက် ကျလာပါတယ်။ ဈေးကျသွားပေမယ့် နှစ်သစ်ကူးကာလဖြစ်တဲ့အတွက် အရောင်းအဝယ်ကပါးတယ်"ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးသည် ဒီဇင်ဘာ ၂၆ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၃၉၀၀၀ရှိခဲ့ရာမှ ဒီဇင်ဘာ ၂၇ရက်တွင် ကျပ် ၈၄၅၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၂၈ ရက်တွင် ထပ်မံမြင့်တက်ခဲ့ရာ ကျပ် ၈၄၈၀၀၀ သို့ရောက်ရှိခဲ့သည်။ သို့သော် ဒီဇင်ဘာ ၃၁ ရက်တွင် ကျပ် ၈၄၅၀၀၀ သို့ ပြန်လည်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာ ၂၆ ရက်တွင် တစ်အောင်စလျှင် ၁၁၃၃ ဒေါ်လာရှိခဲ့ပြီး ဒီဇင်ဘာ ၃၀ ရက်တွင် ၁၁၆၂ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## FMI ရှယ်ယာဈေးများ ဆက်လက် ကျဆင်း

ယခုတစ်ပတ်အတွင်း FMI ၏ ရှယ်ယာဈေးနှုန်းများသည် ယခင်တစ်ပတ်ကထက် ဆက်လက်ကျဆင်းခဲ့ကြောင်း YSX ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက FMI ၏ ရှယ်ယာဈေးနှုန်းများသည် ကျပ် ၁၅၀၀၀ ရှိခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ ကျပ် ၁၃၅၀၀ သို့ ရောက်ရှိခဲ့သည်။

အဆိုပါဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တစ်နှစ်တာကာလပတ်လုံး အနိမ့်ဆုံးဈေးနှုန်းပင်ဖြစ်ပြီး တစ်နှစ်အတွင်း စံချိန်တင် ကျဆင်းခြင်းပင်ဖြစ်ကြောင်း သိရသည်။

အခြားသောရန်ကုန်စတော့အိတ်ချိန်းဝင် ကုမ္ပဏီများဖြစ်သည့် MTSH ၏ ရှယ်ယာဈေးနှုန်းသည် တစ်စုလျှင် ကျပ် ၄၄၀၀ ဖြင့် ဈေးအနည်းငယ် ကျဆင်းကာအရောင်းအဝယ်ဖြစ်လျက်ရှိပြီး MCB ၏ ရှယ်ယာဈေးနှုန်းမှာ ကျပ် ၉၁၀၀ ဖြင့် ဈေးကျဆင်းကာ အရောင်းအဝယ်မဖြစ်သည့် ရက်များပင်ရှိခဲ့ကြောင်း သိရသည်။

လာမည့်နှစ် ဇန်နဝါရီ ၂၀ ရက်တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် ပထမ ပုဂ္ဂလိကဘဏ်ကို အတည်ပြုသတ်မှတ်ခဲ့ကြောင်း YSX က သတင်းထုတ်ပြန်ခဲ့သဖြင့် လာမည့်နှစ်တွင် စာရင်းဝင်ကုမ္ပဏီပေါင်း လေးခုအထိရှိလာမည်ဖြစ်သည်။

**မယ်သီတာ**

## Currency Exchange Rate

December 30, 2016
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.38 |
| BDT Bangladesh Taka | 78.72 |
| CAD Canada Dollars | 1.35 |
| CNY China Yuan Renminbi | 6.95 |
| EUR Euro | 0.95 |
| H KDHong Kong Dollars | 7.75 |
| I NR India Rupees | 67.96 |
| I DR Indonesia Rupiahs | 13439.49 |
| JPY Japan Yen | 116.81 |
| MYR Malaysia | 4.49 |
| PKR Pakistan Rupees | 104.80 |
| PHP Philippines Pesos | 49.53 |
| RUB Russia Rubles | 60.49 |
| SGD Singapore Dollars | 1.47 |
| KRWSouth Korea Won | 1204.97 |
| LKR Sri Lanka Rupe | 149.70 |
| THB Thailand Baht | 35.81 |
| GBP United Kingdom Pounds | 0.81 |
| VND VietnamDon | 22763.00 |

*Source:xe.com*

## World Gold Price

December, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 26 | 1133 | 1134 | 1135 |
| 27 | 1138 | 1138 | 1137 |
| 28 | 1141 | 1142 | 1142 |
| 29 | 1159 | 1160 | 1160 |
| 30 | 1159 | 1160 | 1160 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 26 -12-2016 | 838.00 | 838.30 |
| 27-12-2016 | 846.00 | 845.80 |
| 28-12-2016 | 844.50 | 843.30 |
| 29-12-2016 | - | - |
| 30-12-2016 | 847.50 | 847.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 26 | 6 .95 | 35.92 | 79.08 | 67.76 |
| 27 | 6. 95 | 36.02 | 78.60 | 67.89 |
| 28 | 6 95 | 36.03 | 78.25 | 68.17 |
| 29 | 6 .95 | 35.82 | 79.02 | 67.92 |
| 30 | 6.95 | 35.81 | 78.72 | 67.96 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 26- December | 15.73 | 2599.07 | 1759.52 | 5534.82 | 889.00 |
| 27- December | 15.60 | 2588.07 | 1759.52 | 5534.82 | 902.00 |
| 28- December | 15.89 | 2577.12 | 1767.58 | 5615.01 | 904.00 |
| 29- December | 16.21 | 2567.26 | 1738.24 | 5576.93 | 904.00 |
| 30- December | 16.20 | 2561.66 | 1741.82 | 5584.54 | 904.00 |

Source:kitco.com

## Energy NYMEX 30-12-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.94 | 0.17 | 0.32 |
| Brent Crude Futr (USD/bbl) | 57.08 | 0.23 | 0.40 |
| Gasoline Rbob Fut (Cent/gal) | 168.10 | -0.10 | -0.06 |
| Natural Gas Futr (USD/MMBtu) | 3.80 | 0.00 | 0.03 |
| Heating Oil Futr (Cent/gal) | 170.60 | 0.23 | 0.14 |

## ဘိလပ်မြေ



### ပင်လယ်ရေကြောင်းလမ်းမှ ဘိလပ်မြေ ဆက်တိုက်အဝင်နည်း

ဒီဇင်ဘာ၁၈ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၂၈၂၃ တန်ဖိုးရှိ ဘိလပ်မြေ ၁၅၇ ဒသမ ၀၇၀ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၅ ဒသမ ၉၇၀ တန်၊ ဂျပန်နိုင်ငံမှ သုညဒသမ ၃၀ တန်၊ မလေးရှားမှ သုညဒသမ၀၅တန်၊ ထိုင်းနိုင်ငံမှ ၁၂၅ တန်နဲ့ ယူကေမှ ၂၅ ဒသမ ၇၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ် တင်သွင်းတန်ချိန် ၆၁၀ ကျော်နဲ့နှိုင်းယှဉ်ရင်တန်ချိန် ၄၅၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ယခင်သီတင်းပတ်ရော ဒီတစ်ပတ်ပါ ဆက်တိုက်ဆိုသလို ဘိလပ်မြေ အဝင်နည်းနေတယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက် အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်တန်ချိန်၁၅၀ကျော်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၆၁၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၅၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၆၅၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၄၂၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၈၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေအရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ဆင်(ထိုင်း)က ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်(ထိုင်း)ကကျပ်၁၀၀၊ ကြံ့ခိုင်ကောင်က ကျပ် ၃၀၀ ဈေး မြင့်ခဲ့တယ်လို့ သိရပါတယ်။ အထိုင်ဈေးနဲ့အရောက်ဈေးက ကျပ် ၂၀၀ ဝန်းကျင်ကွာဟ တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေ တဲ့ အထိုင်ဈေးမှာ ဆင် (ထိုင်း)ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ မော်လမြိုင်ဆင် ကျပ် ၄၉၀၀၊ ကြံ့ခိုင် ကောင်(နီ) ကျပ် ၅၃၀၀၊ ကြံ့ခိုင်ကောင် (စိမ်း) ကျပ် ၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါ တယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၆၄၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၂၀၀၊ နဂါး ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ်၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ပစ္စည်းအဝင်အထွက်မျှတယ်လို့လည်း သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ အပါချီ ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၀၀၀၊ ကြံ့ ကျပ် ၅၅၅၀၊ မြင်းခေါင်း ကျပ် ၄၀၀၀ နဲ့ ဆင်မြန်မာ ကျပ် ၅၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်း သိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ် မြေဩဇာအဝင်ပို

ဒီဇင်ဘာ ၁၈ ရက် မှ ၂၄ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၂၅၆၀၂၈ တန်ဖိုးရှိ မြေဩဇာတန်ချိန် ၂၃၂၄၇ ဒသမ၀၀၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၅၀၄ တန်၊ တရုတ်နိုင်ငံမှ ၁၇၄၄၈ ဒသမ ၈၀တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၁၀၀၀၊ အစ္စရေးနိုင်ငံမှ ၄၈ တန်၊ ဂျပန်နိုင်ငံမှ တန်ချိန်၃၀၀၊ လာအိုနိုင်ငံမှ တန်ချိန်၃၀၀၊ ရုရှားနိုင်ငံမှ ၁၀၆ ဒသမ ၀၂ တန်၊ စင်ကာပူနိုင်ငံမှ ၉ဒသမ ၃၈၉တန်၊ ထိုင်းနိုင်ငံမှ ၂၃၇၆ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၁၅၄ဒသမ ၈၀တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယားဆာလဖိတ်၊ ပိုတက်ဆီယမ်နိုက်တြိတ်၊ ပိုတက်ဆီယမ်ကလိုရိုက်၊ စူပါဖော့စဖိတ်၊ အာမိုနဲ့ဩဂဲနစ် အမျိုးအစားများတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်တန်ချိန် ၆၈၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၆၃၀၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ဓာတ်မြေဩဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာတန်ချိန် ၂၃၂၄၀ ကျော် အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တန်ချိန် ၆၈၈၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၆၃၀၀ကျော် တင်သွင်းမှုပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ တန်ချိန် ၁၃၁၈၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၅၁၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၃၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှ မြေဩဇာ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအေးပြီး ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ်၂၁၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၀၀၀၀၊ ကွန် ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၂၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားက ကျပ်၁၀၀၀၊တီစူပါ ကျပ်၇၀၀ ဈေးမြင့်လာပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွှက်လှေ-တရုတ်) ကျပ် ၂၂၅၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ်၂၂၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၁၈၈၀၀၊ ပိုတက်(အိန္ဒိယ) ကျပ်၂၃၅၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ်၂၂၂၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ်၂၂၂၀၀ ၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၆၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၆၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၅၀၀၊ မြွားကမ္ဘာ ကျပ်၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ /နို့မှုန့်

### နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက် အထိ သီတင်းပတ်အတွင်းကန်ဒေါ်လာ ၆၄၆၃၂၉တန်ဖိုးရှိ နို့ဆီ၄၆၆ဒသမ ၉၄၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီနဲ့ အိုကေနို့ဆီ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၄၈၀ကျော်နဲ့ နှိုင်းယှဉ်ရင် ၁၄ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်နို့မှုန့်အဝင်မှာ အိန္ဒိယမှ သုည ဒသမ ၀၀၅ တန်၊ ဂျာမနီမှ သုည ဒသမ ၁၉၂ တန်၊ တရုတ်နိုင်ငံမှ သုည ဒသမ ၂၄၉ တန်၊ နယူးဇီလန်မှ ၁၀၁ ဒသမ ၅၂၅ တန်၊ဂျပန်နိုင်ငံမှ သုည ဒသမ ၀၀၄ တန်၊ ပြင်သစ်နိုင်ငံမှ သုည ဒသမ ၀၀၁ တန်၊ အိုင်ယာလန်မှ ၄ ဒသမ ၁၇၆ တန်၊ အမေရိကန်မှ သုည ဒသမ ၀၂၄ တန်၊ စင်ကာပူမှ ၄ ဒသမ ၉၅၃တန်နဲ့ စပိန်မှ သုညဒသမ ၁၂၂တန်၊ စုစုပေါင်း ၁၁၁ ဒသမ ၂၅၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းတန်ချိန် ၆၈ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၀ ကျော် အဝင်ပိုတယ်လို့သိရပါတယ်။

**မကွေးဈေးကွက်မှာ** ရာသီသီးနှံအတွက်အဝယ်ရှိတာကြောင့် အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ ၁၂း၁၃ (အပြာ) ကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၂၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၅၅၀၀၊ အာမို ၁၅ ပတ်လည် ကျပ် ၃၅၃၀၀၊ အာမို ၁၆း၆း၈ကျပ် ၃၃၃၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)ကျပ် ၂၁၃၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၃၁၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ်၁၈၇၀၀၊ တောင်သူမ ကျပ် ၁၅၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၁၂ မှ ၂၃/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၁၂ မှ ၁၆/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၈၉-၀၀ | ၃၃၉-၀၀ | (+) | ၅၀-၀၀ |
| ၂။ | လွယ်ဂျယ် | ၉၅၀-၀၀ | ၅၀၁-၀၀ | (+) | ၄၄၉-၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၂၇၀-၀၀ | ၄၂၆၆-၀၀ | (-) | ၉၉၆-၀၀ |
| ၅။ | တာချီလိတ် | ၆၉၀၀-၀၀ | - | (+) | ၆၉၀၀-၀၀ |
| ၆။ | မြဝတီ | ၁၄၀၁-၃၂ | ၆၂၈-၇၀ | (+) | ၇၇၂-၆၂ |
| ၇။ | ကော့သောင်း | ၁၃၃၆၅-၀၀ | ၁၄၉၁၄-၅၀ | (-) | ၁၅၄၉-၅၀ |
| ၈။ | မြိတ် | ၂၆၀-၀၀ | ၃၆၀၀-၀၀ | (-) | ၃၃၄၀-၀၀ |
| | စုစုပေါင်း | ၂၆၅၃၅-၃၂ | ၂၄၂၄၉-၂၀ | (+) | ၂၂၈၆-၁၂ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၁၂ မှ ၂၃/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၁၂ မှ ၁၆/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၇၅၅-၄၀၀ | ၁၀၇၉၀-၃၀၀ | (-) | ၂၀၃၄-၉၀ |
| ၂။ | လွယ်ဂျယ် | ၂၂၉-၅၀၀ | - | (+) | ၂၂၉-၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၆၇-၇၅၀ | ၈၈၆-၂၅၀ | (-) | ၅၁၈-၅၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၂၆၁၃-၅၃၄ | ၁၈၄၂-၁၈၈ | (+) | ၇၇၁-၃၄၆ |
| ၆။ | ကော့သောင်း | ၂၀-၈၉၂ | - | (+) | ၂၀-၈၉၂ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၁၂၀၀-၀၀၀ | ၁၆၀၀-၀၀၀ | (-) | ၄၀၀-၀၀၀ |
| | စုစုပေါင်း | ၁၃၁၈၇-၀၇၆ | ၁၅၁၁၈-၇၃၈ | (-) | ၁၉၃၁-၆၆၂ |

ခင်မိုးသူ

## နှမ်း

# နယ်စပ်စခန်းစုံမှ နှမ်းရောင်စုံတင်ပို့

ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ မြဝတီစခန်းစုံမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၀၂ သန်းတန်ဖိုးရှိနှမ်းရောင်စုံ ၁၉၂၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ နှမ်းဖြူ(အခွံချွတ်) ၁၈ တန်၊ လွယ်ဂျယ်မှ နှမ်းဖြူလေးတန်ခွဲ၊ ချင်းရွှေဟော်မှ နှမ်းဖြူ ၅၂၂ တန်ကျော်၊ နှမ်းနက် တန် ၁၂၀၀ ခန့်နဲ့ နှမ်းညို ၉၆ တန်နီးပါး၊ မြဝတီမှ နှမ်းနက် ၈၆ တန်ခွဲ ဖြစ်ပါတယ်။

ယခင်တစ်ပတ်က ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတစ်ခုတည်းမှသာ နှမ်းဖြူ/နှမ်းနက် ၁၂၅၁ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်နှမ်းတင်ပို့မှုကို ကြည့်မယ်ဆိုလျှင် ချင်းရွှေဟော်မှ နှမ်း ၅၆၇ တန်ပိုမိုတင်ပို့နိုင်ခဲ့သလို မူဆယ်၊ လွယ်ဂျယ်နဲ့ မြဝတီကုန်သွယ်ရေးစခန်းများမှလည်း ယခင်တစ်ပတ်က နှမ်းတင်ပို့မှုမရှိဘဲ ယခုတစ်ပတ်မှသာ နှမ်းရောင်စုံတင်ပို့ခဲ့တာဖြစ်ပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ နှမ်းဈေးကတော့ ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်တွင် နှမ်းဖြူတစ်တန်ကို ၁၃၇၀၅၁၈ ကျပ်နဲ့ နှမ်းနက်တစ်တန်ကို ၂၅၆၅၇၃၇ ကျပ်ရှိရာမှ ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ရက်အတွင်းမှာတော့ နှမ်းဖြူတစ်တန်ကို ၁၃၃၈၅၂၁ ကျပ်၊ နှမ်းနက်တစ်တန်ကို ၂၅၀၅၈၃၇ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းသွားခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

# ပြည်နှမ်းဈေးကွက် ရောင်းလိုအားရှိသော်လည်း ဝယ်လို အားနည်း၍ ဈေးပြန်ကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းသစ်များ ဝင်ရောက်မှုများလာသဖြင့် နှမ်းဈေးကျလာတာ တွေ့ရပါတယ်။ မြန်အောင်၊ပေါင်းတည်နှင့်ပေါက်ခေါင်းမြို့နယ်ဘက်ရှိကျေးရွာများမှ တစ်နေ့လျှင် နှမ်းအိတ် ၁၀၀၀ခန့် ဝင်ရောက်လာသဖြင့် ဈေးကွက်တွင် နှမ်းလက်ကျန်များနေတဲ့အတွက် နှမ်းဈေးကျလာတာ တွေ့ရပါတယ်။ ယခင်နှစ် ဆောင်းနှမ်းပေါ်ချိန်က နှမ်းဈေးမှာ ယခုနှစ်ထက်ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၅၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ်၃၁၆၀၀နဲ့ စမုံနက်နှမ်း တစ်တင်းလျှင် ကျပ်၄၅၀၀၀ ဈေးဖြင့် ပြည်ဈေးကွက်တွင် တစ်နေ့လျှင် အိတ်၇၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနက်ကို အောင်လံနဲ့ မန္တလေးဝယ်လက်များက အဝယ်ရှိခြင်း၊ နှမ်းနီကို မြို့တွင်းဆီစက်များက အဝယ်ရှိနေသော်လည်း နှမ်းလက်ကျန်များတဲ့အတွက် ဈေးကျနေတာဖြစ်ပါတယ်။

**ဝေဝေမင်း**

| ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၁၂-၂၀၁၆) ကျပ်/ပိဿာ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၅၀ | ၂၁၅၀ | □ |
| ရန်ကုန် | ၃၈၀၀ | ၃၈၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၄၀ | ၁၉၁၀ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၂၀၆၀ | ၂၀၁၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၁၀၀ | ၂၀၃၀ | ▽ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၅၀၀ | ၃၃၀၀ | ▽ | ၂၁၀၀ | ၂၁၀၀ | □ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၈၀ | ၂၀၄၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |

*Source: mirt*




**မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း**

၃၀-၁၂-၂၀၁၆ US$/Ton

| အမျိုးအစား | ဒီဇင်ဘာဒုတိယပတ် | ဒီဇင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၄၅.၀၀ | ၇၃၁.၅၀ | ▽ |
| RBD P.Olein | ၇၄၅.၀၀ | ၇၃၆.၅၀ | ▽ |
| RBD P.Strarin | ၇၄၇.၅၀ | ၇၄၂.၀၀ | ▽ |

*Source: econ.mpob*

**ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၀- ၁၂ -၂၀၁၆ )နေ့**

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၇၇၃.၁၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၄၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၈၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၅၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၅.၈၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၅.၄၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၉၃၉.၀၄၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၃၀-၁၂-၂၀၁၆နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၉၅ ဒေါ်လာနှင့် USD ဈေး ၁၃၆၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၃၀-၁၂-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## စားအုန်းဆီ

# ပဲပုပ်ဈေးကျဆင်းခြင်းနှင့် နှစ်အကုန်တွင် စားအုန်းဆီများ ရောင်းချမှုများပြားခြင်းတို့ကြောင့် စားအုန်းဆီဈေးကျဆင်း



နှစ်အကုန်ဈေးကောင်းရသဖြင့် နှစ်ရက်ဆက်တိုက်ရောင်းချမှုမြင့်မားလာခြင်းနှင့် ပဲပုပ်ဆီဈေးကျဆင်းခြင်းတို့ကြောင့် ဒီဇင်ဘာ ၂၉ရက်တွင် မလေးရှားစားအုန်းဆီဈေးပြန်လည်ကျဆင်းခဲ့ကြောင်း ဘီရီကော်ဒါသတင်းတွင် ဖော်ပြသည်။ မလေးရှားစားအုန်းဆီ ပြည်ပတင်ပို့မှု ပြန်လည်မြင့်မားလာခြင်းနှင့် ရောင်းလိုအား ကျဆင်းလာခြင်းတို့ကြောင့် စားအုန်းဆီဈေးက ဒီဇင်ဘာ ၂၈ ရက်တွင် ရက်သတ္တပတ်တစ်ပတ်ခွဲအတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် မတ်လအတွက် ကြိုတင်ချုပ်ဆိုသော စားအုန်းဆီဈေးက ဒီဇင်ဘာ ၂၈ ရက်ဈေးသိမ်းချိန်တွင် သုညဒသမ၇ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၃၁၀၆ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၉၃) နှုန်းထိ ရောက်ရှိခဲ့သည်။

တစ်ရက်အတွင်း ရောင်းချရသောပမာဏမှာ ၂၅တန်ရှိအတွဲပေါင်း ၄၃၀၈၉ တွဲရှိခဲ့ရာ ၂၀၁၅ ခုနှစ်က ရှိခဲ့သောတစ်ရက်ပျှမ်းမျှ ရောင်းချမှုအတွဲ ၄၄၆၀၀တွဲနှင့် နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းခဲ့သည်။

“ နှစ်အကုန်စာရင်းပိတ် အရောင်းများခဲ့တဲ့အပြင် ပဲပုပ်ဆီဈေးကလည်း ကျဆင်းနေပါတယ်။ ဒါပေမဲ့ ရောင်းလိုအားကတော့ ကျဆင်းနေဆဲဖြစ်ပြီး ထုတ်လုပ်မှုကလည်း ကျနေပါတယ်။ ဒါကြောင့် ဈေးကွက်မှာတော့ တက်ရိပ်ပြနေပါတယ်” ဟု ကွာလာလမ်ပူအခြေစိုက် ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောသည်။

ရာသီအလိုက်ဖြစ်ပေါ်တတ်သော သဘောအရ ကမ္ဘာတွင် စားအုန်းဆီ အများဆုံးထုတ်လုပ်လျက်ရှိသော မလေးရှားနိုင်ငံ၏စားအုန်းဆီထုတ်လုပ်မှုမှာ ယခုနှစ်နောက်ဆုံးသုံးလပတ်တွင် ကျဆင်းခဲ့သည်။ မုတ်သုံအဝင်တွင် မိုးရွာသွန်းမှုက စားအုန်းဆီထုတ်လုပ်မှုကို ထိခိုက်စေခဲ့သဖြင့် နှစ်အကုန်မှာ ရောင်းလိုအား ကျဆင်းခဲ့သည်။ အစိုးရက ထုတ်ပြန်သော ကိန်းဂဏန်း အချက်အလက်များအရ နိုဝင်ဘာ စားအုန်းဆီထုတ်လုပ်မှုမှာ ၆ဒသမ၁ရာခိုင်နှုန်း ကျဆင်းပြီး တန်ချိန် ၁ ဒသမ ၅၇သန်းရှိခဲ့သည်။ ဒီဇင်ဘာတွင်လည်း ထုတ်လုပ်မှုကျဆင်းလိမ့်မည်ဟု ကုန်သည်များနှင့်လေ့လာဆန်းစစ်သူတို့က ခန့်မှန်းကြသည်။

စားအုန်းဆီ၏အမြင့်ဆုံးရရှိနိုင်သောဈေးမှာ တစ်တန်ကို ၃၁၆၃ ရင်းဂစ်ရှိမည်။ အဆိုပါအမြင့်ဆုံးဈေးကို ဖောက်ထွက်နိုင်သည့်အလားအလာကောင်းများရှိနေပြီး လာမည့်သုံးလတွင် တစ်တန်ကို ၃၄၁၅ ရင်းဂစ်နှုန်းအထိ ရောက်ရှိနိုင်ကြောင်း ရိုက်တာသတင်းဌာနကုန်စည်နှင့်စွမ်းအင်ဈေးနှုန်းလေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောသည်။

စားအုန်းဆီနှင့် ပဲပုပ်ဆီတို့မှာ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဈေးကွက်တွင် ဝေစုရရှိရေးအတွက် ယှဉ်ပြိုင်နေသော ကုန်စည်များဖြစ်သည့်အတွက် ပဲပုပ်ဆီဈေးနှုန်းအတက်အကျကလည်း စားအုန်းဆီဈေးကို ဂယက်ရိုက်ခတ်မှုရှိသည်။

အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့(CBOT)တွင် မတ်အတွက် ရောင်းချသော ပဲပုပ်ဆီဈေးက သုညဒသမ ၁ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံဒါလီယံဈေးကွက်တွင် မေအတွက် ကြိုတင်စာချုပ်ချုပ်ဆိုရောင်းချသော ပဲပုပ်ဆီဈေးက ၁၃၃၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**ဉာဏ်တင်**

# ၂၀၁၆ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုဆိုင်ရာ ထူးခြားသောအပြောင်းအလဲများ

|r , fo Dvm|



နှစ်တစ်နှစ်ကို ကူးပြောင်းရောက်ရှိ ခဲ့ပြီဖြစ်ပါတယ်။ အဲဒီလို ကူးပြောင်း ရောက်ရှိခဲ့ချိန်မှာ နှစ်တစ်နှစ်အတွင်း အပြောင်းအလဲ ပေါင်းများစွာ ဖြစ်ပေါ်ခဲ့တာဟာ လူတစ်ဦးချင်းစီမှသည် နိုင်ငံတစ်နိုင်ငံအတွင်းဖြစ်ပေါ်ခဲ့တယ်ဆိုတာ ငြင်းလို့မရနိုင်ပါဘူး။

အပြောင်းအလဲလို့ဆိုရာမှာကောင်း သောအပြောင်းအလဲတွေ ဖြစ်ခဲ့သလို မကောင်းသောအပြောင်းအလဲတွေ လည်းဖြစ်ခဲ့ရပါတယ်။

မြန်မာနိုင်ငံမှာလည်း အကောင်းရော အဆိုးပါ ဒွန်တွဲခဲ့တဲ့ဖြစ်ရပ်တွေ ဟာ ၂၀၁၆ ခုနှစ်အတွင်းမှာ ရောထွေး ယှက်တင်ဖြစ်ခဲ့တာကို အားလုံးအသိပဲ ဖြစ်မှာပါ။ ၂၀၁၆ ခုနှစ်ဟာ မြန်မာနိုင်ငံအတွက် ထူးခြားတဲ့အပြောင်းအလဲတစ်ခု ဖြစ်ခဲ့ပါတယ်။

အဲဒါကတော့ ပြည်သူတွေကိုယ်တိုင် လိုလိုလားလားနဲ့ ရွေးချယ်တင် မြှောက်ခဲ့တဲ့ ပြည်သူ့အစိုးရတစ်ရပ် ပေါ်ထွက်ခဲ့တာဟာ ကောင်းသော အပြောင်းအလဲလို့ ဆိုရမှာပါ။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အစိုးရအဖွဲ့ဟာ နိုင်ငံတော်ကို ကောင်းသော အပြောင်းအလဲများဖြစ်ပေါ်စေဖို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာ ဘက်စုံတိုးတက်စေဖို့ လုပ်ဆောင်ခဲ့ပါတယ်။

ဦးထင်ကျော်အစိုးရဟာ ၂၀၁၆ ခုနှစ်မှာ သူ့ရဲ့ကျန်ရှိတဲ့ သက်တမ်းသုံးလအတွင်း နိုင်ငံတော်အတွက် တတ်စွမ်းသမျှ လုပ်ဆောင်ပေးခဲ့တာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။

အဲဒီလိုအပြောင်းအလဲတွေအနက် နိုင်ငံတော်ရဲ့စီးပွားရေး ဘက်စုံတိုးတက်ဖို့အတွက် ကုန်သွယ်ရေးကဏ္ဍမှာ ဖြစ်ပေါ်ခဲ့တဲ့ ပြောင်းလဲမှုတွေကတော့ နိုင်ငံတော်စီးပွားရေးတိုးတက်ဖို့အတွက် ကောင်းသောအလားအလာတွေအဖြစ် ရပ်တည်ခဲ့ပါတယ်။

လက်ရှိနိုင်ငံတော်အစိုးရဟာ ကုန်သည်လုပ်ငန်းရှင်များ ကုန်သွယ်မှုပြုရာမှာ ယခင်ကထက် ပိုမိုအဆင်ပြေချောမွေ့စေဖို့အတွက် ဖြေလျှော့မှုပေါင်းများစွာကို ပြုလုပ်ပေးခဲ့ပါတယ်။

၂၀၁၆ခုနှစ်အတွင်း နိုင်ငံတော်အစိုးရက ကုန်သွယ်မှုဆိုင်ရာ အပြောင်းအလဲတွေကိုပြုလုပ်ခဲ့ရာမှာလအလိုက် ဖြစ်ပေါ်ခဲ့မှုတွေကို တင်ပြရမယ်ဆိုရင်-

**ဇန်နဝါရီလ**

ဇန်နဝါရီလအတွင်းမှာ ဦးသိန်းစိန် အစိုးရဟာ ၎င်းလက်ထက်က ဖွဲ့စည်းခဲ့တဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကို ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှာထုတ်ပြန်ခဲ့ပါတယ်။

ဇန်နဝါရီလ ၁၅ ရက်မှာ အမျိုးသားပို့ကုန်မဟာဗျူဟာရဲ့ပဲမျိုးစုံနဲ့ဆီထွက် သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်သာလန်နိုင်ငံ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာန (CBI)က ကူညီထောက်ပံ့မယ့် ဆွေးနွေးပွဲတစ်ခုကို ရန်ကုန်မြို့ရှိ ဟိုတယ်ရန်ကုန်မှာ ကျင်းပခဲ့ပါတယ်။

ဇန်နဝါရီလ ၁၉ ရက်မှာ မူဆယ် မြို့မှာရှိတဲ့မူဆယ်ဗဟိုအထူးစီးပွားရေးဇုန်လမ်းမကြီးနဲ့ နိုင်ငံတကာအဆင့်မီ မင်္ဂလာမူဆယ်လမ်းလျှောက်ဈေးကို ဖွင့်လှစ်ခဲ့ပါတယ်။

ဇန်နဝါရီလ ၂၆ ရက်မှာကုန်သွယ်မှုသတင်းအချက်အလက်ဘဏ္ဍာတိုက် တစ်ခုဖြစ်တဲ့ Myanmar Trade Portal ဝက်ဘ်ဆိုက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဆွေးနွေးပွဲကို နေပြည်တော်ဟိုတယ်ဇုန်ရှိ Hotel Royal ACE မှာ ကျင်းပခဲ့ပါတယ်။

ပြည်ပနိုင်ငံများသို့ ဈေးကွက်ထိုး ဖောက်နိုင်ရန်ရည်ရွယ်ပြီး တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့မှာ Myanmar Trade Center(Seoul) ကို ဇန်နဝါရီ လ ၂၅ ရက်က ဖွင့်လှစ်ခဲ့ပါတယ်။

**ဖေဖော်ဝါရီလ**

ဖေဖော်ဝါရီလ၁၀ရက်မှာပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုမိုပူးပေါင်းလုပ်ဆောင်နိုင်ရေးအတွက် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့်ကမ္ဘာ့ဘဏ်အုပ်စုမှ အပြည်ပြည်ဆိုင်ရာငွေကြေး ကော်ပိုရေးရှင်း(IFC) တို့အကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်နဲ့ပတ်သက်ပြီးဆွေးနွေးပွဲကို နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှာ ကျင်းပခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၁၇ ရက်မှာ အာ ဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် (Self-Certification System) ကိုကျင့်သုံးဆောင်ရွက်ရာမှာ လိုက်နာရမယ့်စည်းကမ်းချက်တွေကို ကြေညာချက်အမှတ် ၉/ ၂၀၁၆နဲ့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အသုံးပြုပြီး တစ်ပတ်ရစ် ပစ္စည်းများ (Used Machine)တင်သွင်းခွင့်ကို တစ်နှစ်ထပ်မံခွင့်ပြုကြောင်း အမိန့်ကြော်ငြာစာအမှတ် ၁၀/ ၂၀၁၆ ကို ဒီဇင်ဘာလ ၁၉ ရက်က ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ဒါ့အပြင်နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအနေဖြင့် ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာများအား ကုန်သွယ်မှုပြုရာမှာ လိုက်နာဆောင်ရွက်ရမယ့် သတ်မှတ်ချက်များကို ဖေ ဖော်ဝါရီလ ၁၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/ ၂၀၁၆ နဲ့ ထုတ်ပြန်ခဲ့ပါတယ်။

**မတ်လ**

ကုန်သွယ်မှုသတင်းအချက်အလက် မြှင့်တင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုသတင်းအချက်အလက် ကွန်ရက် (Trade Information Network- TIN) ကိုတည်ထောင်နိုင်ရန်အတွက် ကနဦးစတင်တည်ထောင်မည့်အဖွဲ့ဝင်များရဲ့ ဆွေးနွေးချက်မှတ်တမ်းလက်မှတ်ရေးထိုးနိုင်ရေးညှိနှိုင်း အစည်းအဝေးကို မတ်လ ၉ ရက်က နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ ကျင်းပခဲ့ပါတယ်။

မော်တော်ယာဉ်များကိုတင်သွင်းရာမှာ စည်းကမ်း သတ်မှတ်ချက်နဲ့ ကိုက်ညီမှုမရှိတဲ့ မော်တော်ယာဉ်အရောင်းစင်တာ ၄၇ ခုကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။

**ဧပြီလ**

ဧပြီလ ၁ ရက်မှစတင်ပြီး အစိုးရသစ်တာဝန်ယူခဲ့ရာ ဝန်ကြီးဌာနများကို ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီလိုဖွဲ့ စည်းခဲ့ရာမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဦးစီးဌာနများကို ပြန်လည်ပြင် ဆင်ဖွဲ့စည်းခဲ့ရာဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနဲ့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဆိုပြီး ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

ဧပြီလ ၂၃ ရက်နဲ့ ၂၄ ရက်တို့မှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဟာ ပြည်တွင်းပို့ကုန် သွင်းကုန်လုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းရှင်များနဲ့ UMFCCI မှာတွေ့ဆုံပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှာ ပို့ကုန်သွင်းကုန်ကွန်တိန်နာများ အချိန်မီထုတ်ယူနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

**မေလ**

မူဆယ်နှင့်မြဝတီကုန်သွယ်ရေးဇုန်တို့တွင် လိုင်စင်ရရှိပြီး တင်သွင်း ရန်ကျန် ရှိနေသည့်လုပ်ငန်းသုံးယာဉ်ယန္တရားများအနက် မူဆယ်(၁၀၅)မိုင်ကုန်သွယ် ရေးဇုန်မှ ၈၀၀၃ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ ၄၆၃၂စီးတို့ကို သွင်းကုန် လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုပြီး ပြန်လည်တင်သွင်းခွင့်ပြုခဲ့ပါတယ်။

ကုန်သည်လုပ်ငန်းရှင်များအား ယာဉ်ယန္တရားတင်သွင်းခွင့်များအား ယာယီရပ်ဆိုင်းထားခဲ့ရာမှ လုပ်ငန်းလိုအပ်ချက်အရ ယာဉ်ယန္တရားတင်သွင်းမှုများအား လိုင်စင်တစ်စောင်လျှင် ၁၀ စီး တင်သွင်းခွင့်ပြုခဲ့ပြီး လိုင်စင်အရေအတွက်ကို ကန့်သတ်ထားခြင်း မရှိသည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။

မူဆယ်နဲ့မြဝတီကုန်သွယ်ရေးဇုန်များမှာ တရားဝင်တင်သွင်းဖို့ကျန်ရှိနေတဲ့ လုပ်ငန်းသုံးယာဉ်များကိုလည်း ကွန်ပျူတာမှတ်တမ်းများအရ စိစစ်ခွင့်ပြုပေးခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီးဒေါက်တာ သန်းမြင့်ဟာ မေလ ၂၀ ရက်မှာ အေးရှားဝေါလ်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနဲ့ မြန်မာစက်မှုဆိပ်ကမ်းတို့ကို သွားရောက်ပြီး ကုန်တင်ကုန်ချလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုဝန်ကြီး ဟာ မေလ ၁၈ ရက်မှာ ရန်ကုန်မြို့ ကုန်တင်ကုန်ဆိပ်ကမ်းများမှာ ကုန်တင်ကုန်ချပြုလုပ်ရာ၌ အခက်အခဲများဖြစ် ပေါ်နေခြင်းကိစ္စနှင့် ပတ်သက်ပြီး UMFCCI အစည်းအဝေးခန်းမမှာ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

မြန်မာဥရောပသမဂ္ဂ သတင်းအချက်အလက်မျှဝေရန်ဌာနကို မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂဈေးကွက်များအကြား ပို့ကုန်သွင်းကုန် စီးဆင်းမှု မြန်ဆန်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရုံးကို မေလ ၂၇ ရက်က ရန်ကုန်မြို့မှာ ဖွင့်လှစ်ခဲ့ပါတယ်။

**ဇွန်လ**

ဇွန်လ ၇ ရက်နေ့မှာ ပို့ကုန် သွင်းကုန်လိုင်စင် ထုတ်ပေးခြင်းလုပ်ငန်းများအား အင်တာနက်ရရှိသည့်နေရာတိုင်းမှ လျှောက်ထားနိုင်သည့် Fully Online Licensing စနစ်ကို စတင်ခဲ့ပါတယ်။

တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ဆိုင်ကယ်များကို တရားဝင်သတ်မှတ်ထားသည့်ဈေးနှုန်းများအတိုင်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တင်သွင်းခွင့်ပြုခဲ့ပါတယ်။

Re-export စနစ်ဖြင့် ကုန်သွယ်မှု ပြုရာတွင် ယခင်က ခွင့်ပြုခဲ့သည့် ကုန်ပစ္စည်းအမယ်များအပြင် နောက်ထပ် ကုန်ပစ္စည်းအမယ် ၁၄ မျိုးဖြစ်သည့် ကားတာယာ၊ နှမ်း(နှမ်းဖြူ/ နှမ်းနက်)၊ ငရုတ်သီးခြောက်၊ မြေပဲ၊ ဝါဂွမ်း၊ ပဲပုပ်စေ့၊ ချည်မျှင်၊ သစ်သီးအစို၊ လျှပ်စစ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အချိုရည်အမျိုးမျိုးနှင့် စားသောက်ကုန် ပစ္စည်းများ၊ အဝတ်အထည်၊ စားသုံးဆီ နဲ့ ကြက်သွန်ဖြူတို့ကို Re-export စနစ်ဖြင့် ကုန်သွယ်မှုပြုခဲ့ပါတယ်။

**ဇူလိုင်လ**

ဇူလိုင်လ ၂၂ ရက်နေ့တွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရဲ့ မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာနကို ဖွင့်လှစ် ခဲ့ပါတယ်။

**ဩဂုတ်လ**

ဩဂုတ်လတွင် သွင်းကုန်လိုင်စင် လျှောက်ထားရယူ ဆောင်ရွက်ရမယ့် ကုန်စည်လိုင်းပေါင်း ၄၄၀၅ လိုင်းအနက် ကုန်စည်လိုင်း ၂၆၇ လိုင်းအား သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်လိုင်းများအဖြစ် စက်တင်ဘာ ၁ ရက်မှ စတင်ဖြေလျှော့ခဲ့ပါတယ်။

ပြည်ပသို့တင်ပို့ခွင့်မပြုသော ကုန် ပစ္စည်း ၁၂ မျိုးအနက် ပို့ကုန်ပစ္စည်း ၅ မျိုးဖြစ်တဲ့ ပန်းနှမ်းဆီ၊ မုန်ညင်းစေ့၊ မုန်ညင်းဆီ၊ နေကြာဆီ၊ နေကြာစေ့ ဆီကြိတ်ဖတ်အားလုံးနှင့် ပုဇွန်၊ ဖွဲတို့ကို ဩဂုတ်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် ၆၂/ ၂၀၁၆ အရ ဖြေလျှော့ ပေးခဲ့ပါတယ်။

➲ စာမျက်နှာ - ၃၀ သို့

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ပြည်တွင်းဂျုံဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ဂျုံတင်သွင်းမှုအပေါ် စည်းကြပ်ကောက်ခံသည့် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းအား အိန္ဒိယအစိုးရက ထပ်မံဖယ်ရှား

အိန္ဒိယနိုင်ငံတွင် နှစ်နှစ်ဆက်တိုက် မိုးခေါင်ရေရှားမှု ခံစားခဲ့ရပြီးနောက်ဆက်တွဲအဖြစ် ဂျုံအရန် သိုလှောင်မှု ပမာဏများလျော့ကျလာခဲ့ကြောင်း၊ ယခုအခါ ပြည်တွင်းဂျုံဈေးနှုန်းများ မြင့်တက်လာသည့်အတွက် အိန္ဒိယအစိုးရသည် ဂျုံတင်သွင်းမှုအပေါ် စည်းကြပ်ကောက်ခံသည့် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းအား ဒီဇင်ဘာ ၈ ရက်က ထပ်မံဖယ်ရှားပေးခဲ့ကြောင်း သိရှိရပါသည်။

ဩစတြေးလျ၊ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့တွင် ပုံမှန်ထက် ဂျုံအထွက်နှုန်းတိုးတက်ခဲ့သော်လည်း တင်သွင်းမှုမြင့်တက်လာနိုင်ပြီး ကမ္ဘာ့ ဂျုံဈေးနှုန်းမှာလည်း သုံးရာခိုင်နှုန်းမှ ငါး ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု ကုန်သည်များက ခန့်မှန်းထားကြောင်း၊ သို့ရာတွင် အိန္ဒိယနိုင်ငံတွင် လက်ရှိ ဖြစ်ပေါ်နေသည့် ဂျုံဈေးနှုန်းမှာ ခိုင်မာအားကောင်းလျက်ရှိရာ ပြည်တွင်းဈေးကွက်ရှိဈေးနှုန်းထက် ပြည်ပမှတင်သွင်းခြင်းက ပိုမိုသက်သာနေသေးကြောင်း၊ ယခုနှစ်အတွင်း ပြည်ပမှ ဂျုံတန်ချိန် ငါးသန်းခန့် တင်သွင်းမည်ဟု မျှော်မှန်းထားကြောင်း အိန္ဒိယကုန်သည်များက ပြောကြားခဲ့ပါသည်။

အိန္ဒိယအစိုးရသည် ပြီးခဲ့သည့် စက်တင်ဘာကလည်း ပြည်တွင်းဂျုံဈေးနှုန်းများ မြင့်တက်နေသည့်အတွက် ဂျုံတင်သွင်းမှုအပေါ် စည်းကြပ်နေသည့် သွင်းကုန်ခွန်နှုန်းထားအား ၂၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း၊ အဆိုပါ သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းအား သုည ရာခိုင်နှုန်းသို့ ယခုဆက်လက်၍ ထပ်မံလျှော့ချခြင်းဖြစ်ကြောင်း၊ ဒီဇင်ဘာ ၈ ရက်က အိန္ဒိယဘဏ္ဍာရေး ဝန်ကြီး အရန်ဂျိတ်တလေက အောက်လွှတ်တော်တွင် ကြေညာခဲ့ပါသည်။ အဆိုပါကြေညာချက်သည် စတင်ကြေညာသည့်နေ့တွင် ချက်ချင်း သက်ရောက်မည်ဖြစ်ပြီး ကြေညာချက် အကျုံးဝင်သည့် နောက်ဆုံးရက်ကိုမူ သတ်မှတ်ထည့်သွင်း ဖော်ပြထားခြင်းမရှိကြောင်း သိရှိရပါ သည်။

အိန္ဒိယနိုင်ငံတွင် ထိုကဲ့သို့ ဂျုံတင်သွင်းမှုအပေါ် သွင်းကုန်ခွန်လျှော့ချလိုက်သည့်အတွက် ပြည်ပမှဂျုံတင်သွင်းမှုများ မြင့်တက်လာနိုင်ပြီး ပြည်တွင်း ဂျုံဈေးနှုန်းကျဆင်းလာစေနိုင်ကြောင်း၊ ထိုမျှသာမက စားသောက်ကုန်ဈေးနှုန်း ဖောင်းပွမှုကို ထိန်းချုပ်ရာ၌လည်း အထောက်အကူဖြစ်စေနိုင်ကြောင်း၊ လာမည့်နှစ်ရက် သုံးရက်အတွင်း ဂျုံဈေးနှုန်းများမှာ တစ်ကီလိုဂရမ်လျှင် ယခင် ဈေးနှုန်း ၂၁ ဒသမ ၅၀ရူပီးမှ ၂၀ ရူပီးအထိ ကျဆင်းမည်ဟု မျှော်လင့်ထားကြောင်း၊ ပြီးခဲ့သည့် နှစ်တစ်နှစ်လုံး ဂျုံတစ်ကီလိုဂရမ်လျှင် ၁၇ ရူပီးဝန်းကျင်ဖြင့်သာ ရောင်းချခဲ့ကြောင်း သိရှိရပါသည်။

ဂျုံလုပ်ငန်းရှင်များ၏ ခန့်မှန်းချက်များအရ အိန္ဒိယနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ၍ ဂျုံ တန်ချိန် ၂ ဒသမ ၁ သန်းဝန်းကျင်ခန့် တင်သွင်း ထားခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၁၅ မှ ၂၄၀ နှုန်းထားအတွင်း စာချုပ်ချုပ်ဆို ဝယ်ယူထားသည့် ဂျုံ တန်ချိန် ၆ ဒသမ ၅ သိန်းခန့်မှာလည်း ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် အိန္ဒိယဆိပ်ကမ်းများသို့ ရောက်ရှိလာဖွယ်ရှိကြောင်း၊ ထိုမျှသာမက ယူကရိန်းနှင့် ရုရှားနိုင်ငံတို့မှ တင်သွင်းမည့် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၉၇ မှ ၂၁၂ ဝန်းကျင် ပေးချေရသည့် ဂျုံတန်ချိန် ခြောက်သိန်းမှာလည်း အလားတူကာလတွင် ရောက်ရှိလာနိုင်ကြောင်း၊ လက်ရှိတွင် အိန္ဒိယနိုင်ငံထွက်ဂျုံများအား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၆ မှ ၃၂၀ ဝန်းကျင်နှုန်းဖြင့် ရောင်းချနေကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ယန်ဇီမြစ်ဝှမ်းစီးပွားရေးဇုန်အား တီထွင်ဆန်းသစ်မှု နည်းပညာဇုန်အဖြစ်ရည်မှန်း

ယန်ဇီမြစ်ဝှမ်းစီးပွားရေးဇုန်ကို အဆင့်မြင့် နည်းပညာဇုန်အဖြစ် ထူထောင်ရန် ရည်မှန်းထားကြောင်း၊ ယန်ဇီ စီးပွားရေးဇုန်အတွင်း၌ ပြည်နယ်ကိုးခုနှင့် မြူနီစပါယ်အုပ်ချုပ်ရေးမြို့ နှစ်မြို့ (ရှန်ဟိုင်းနှင့် ချုံချင်း) အပါအဝင် စုစုပေါင်း မြို့ကြီး ၅၀ ရှိပြီး ခေတ်မီနည်းပညာ တိုးတက်မှု အားသာချက်များစွာ ရှိနေကြောင်း၊ စုစုပေါင်း လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနှင့် တစ်နိုင်ငံလုံး ဂျီဒီပီ၏ သုံးပုံတစ်ပုံရှိကြောင်း သိရှိရပါသည်။

စက်တင်ဘာက ထုတ်ပြန်ခဲ့သည့် အမျိုးသားအဆင့် ဖွံ့ဖြိုးမှုနည်းဗျူဟာ၌ ယန်ဇီမြစ်ဝှမ်း စီးပွားရေးဇုန်သည် တရုတ်ပြည်မကြီး၏ ခေတ်မီနည်းပညာ ဖွံ့ဖြိုးမှုနှင့် စက်မှုဖွံ့ဖြိုးမှု၏ အဓိကတွန်းအားတစ်ခုအဖြစ် ဖော်ပြထားပါသည်။

Shanghai Academy of Social Sciences ၏ အစီရင်ခံစာအရ Innovation-driven industrial transformation ၌ ရှန်ဟိုင်းသည် ထိပ်ဆုံးတွင်ရှိနေပြီး နန်ကျင်းသည် ဒုတိယ၊ ချန်ဒူးသည်တတိယနှင့် ဝူဟန်၊ ဟန်ကျိုး၊ ဆူးကျိုး၊ ချန်ရှစသည့်မြို့များသည် တီထွင်ဆန်းသစ်မှု နည်းပညာတွင် အကောင်းဆုံးမြို့များဖြစ်ကြောင်း အဆင့်များခွဲခြား ဖော်ပြထားပါသည်။ ထိုသို့ သတ်မှတ်ရာ၌ နည်းပညာတီထွင် မှုနယ်ပယ်၌ရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ အဆင့်မြင့်နည်းပညာ ကုန်စည်များ ထုတ်လုပ်ခြင်းနှင့် ဆောင်ရွက်မှုအခြေအနေစသည့် ညွှန်းကိန်း ၃၁ ခုနှင့်အသေးစိတ်တိုင်းတာထားကြောင်း သိရှိရပါသည်။

ထိုသို့ စိစစ်အမှတ်ပေးတိုင်းတာခြင်း၏ ရည်ရွယ်ချက်မှာ မြို့အသီးသီး၏ Unique natural endorsements များကို မိမိဒေသအသီးသီး၏ နည်းပညာတိုးတက်မှုအတွက် ရှာဖွေဖော်ထုတ်၍ ပြည်နယ်အသီးသီးရှိ အားနည်းချက်၊ အားသာချက်များကို သိရှိပြီး အချင်းချင်း ပေါင်းစပ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဥပမာ ဆူးကျိုးမြို့သည် နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံရာတွင် ထိပ်ဆုံးမှဖြစ်သော်လည်း R&D ၌ အားနည်းမှုတွေ့ရသည့်အတွက် R&D အားကောင်းသည့် ဝူဟန်၊ နန်ဂျင်း စသည့် မြို့များနှင့် ပူးပေါင်းဆောင်ရွက် ရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

ယေဘုယျအားဖြင့် တရုတ်အရှေ့ပိုင်းပြည်နယ်များသည် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ပြီး အနောက်ဘက်ဒေသများမှာ ဖွံ့ဖြိုးမှု နှေးကွေးနေကြောင်း သိရှိရပါသည်။ ယန်ဇီမြစ်ဝှမ်းတစ်လျှောက် စီးပွားရေးအခြေခံကောင်းမွန်သည့် မြို့ပေါင်း ၉၀၀၀ ကျော်ရှိပြီး တစ်ခုနှင့်တစ်ခု ပေါင်းစပ်ဆောင်ရွက်၍ နည်းပညာတိုးတက်ထွန်းကားရာဒေသအဖြစ် ဖော်ဆောင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနက ရူပီးကုဋေ ၁၁၀ ခန့် ခွင့်ပြု

အိန္ဒိယနိုင်ငံ၊ ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနသည် ဂူဂျရတ်၊ မွမ်ဘိုင်း၊ ကင်နာတာကာ၊ ကီရာဏ၊ တမီးနာဒူး၊ ဂိုအာ ဒေသအတွင်း ကမ်းရိုးတန်းဒေသရှိ ခရိုင်များတွင် နေထိုင်သည့် ရေလုပ်သားလူ့အဖွဲ့အစည်းများ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရူပီးကုဋေ ၁၁၀ အသုံးပြုရန် ဒီဇင်ဘာ ၃၀ ရက်တွင် ခွဲဝေချထားပေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ခွင့်ပြုဘဏ္ဍာငွေအား ငါးဖမ်းဆိပ်များ အဆင့်မြှင့်တင်ခြင်း၊ သင်္ဘောလုပ်ငန်းဆိုင်ရာ ဆက်စပ်လုပ်သား ၂၀၀၀၀ ကျော်အား ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းများပေးခြင်း၊ ပင်လယ်ရေနက်ပိုင်းငါးဖမ်းသင်္ဘောများ တိုးတက်ကောင်းမွန်လာစေရေး အထောက်အကူပေးရေးတို့တွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် ဆိပ်ကမ်းဦးစားပေး ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Sagarmala's port led development) တွင် ကမ်းရိုးတန်းနေပြည်သူလူထုအား အရေးကြီးသည့် ပါဝင်သူများအဖြစ် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

ဆိပ်ကမ်းများ အဆင့်မြှင့်တင်ခြင်း၊ ဆိပ်ကမ်းဦးစားပေး စက်မှုလုပ်ငန်းများနှင့် ဆိပ်ကမ်းများ အချင်းချင်း ဆက်သွယ်မှု တိုးတက်ကောင်းမွန်လာခြင်းတို့သည် ကမ်းရိုးတန်းဒေသတွင် မှီတင်းနေထိုင်သည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ သို့ဖြစ်၍ Sagarmala အစီအစဉ်အရ ၂၀၂၅ ခုနှစ်တွင် တိုက်ရိုက်အလုပ်အကိုင်ပေါင်း သိန်း ၄၀ အပါအဝင် အလုပ်အကိုင် စုစုပေါင်း ၁၀ သန်းခန့် ဖန်တီးပေးနိုင်ရန် မျှော်မှန်းဆောင်ရွက် လျက်ရှိရာ ကမ်းရိုးတန်းဒေသများတွင် အကောင်အထည်ဖော်မည့် စီမံကိန်းပေါင်း ၂၀၀ ကျော်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ထိုင်းအစိုးရက အစိုးရငွေချေးစာချုပ်များ ထုတ်ရောင်းမည်

ထိုင်းအစိုးရသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ဘတ် ၁၀၀ ဘီလီယံ တန်ဖိုးရှိ အစိုးရငွေချေးစာချုပ်များ ထုတ်ရောင်း၍ အရေးကြီးသော ပြည်နယ် ၁၈ ခု၏ ဖွံ့ဖြိုးရေးအတွက် သုံးစွဲမည်ဖြစ်ရာ တိုင်းပြည်စီးပွားရေး တိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် အစိုးရကြွေးမြီသည် ၂၀၁၆ ဘဏ္ဍာနှစ်တွင် ဘတ် ၅ ဒသမ ၉၉ ထရီလီယံ (GDP ၏ ၄၂ ဒသမ ၇ ရာခိုင်နှုန်း) ရှိသဖြင့် ယခင်ဘဏ္ဍာနှစ်ထက် ဘတ်ဘီလီယံ ၂၀၀ မြင့်တက်ခဲ့ပါသည်။ ထို့နောက် အစိုးရကြွေးမြီသည် ၂၀၁၇ ဘဏ္ဍာနှစ်တွင် GDP ၏ ၄၅ ဒသမ ၅ ရာခိုင်နှုန်းသို့ ရောက်ရှိမည်ဟု မျှော်မှန်းထားပါသည်။

ယခင်နှစ်များက အရေးကြီး ပြည်နယ်များ၏ ဖွံ့ဖြိုးရေးအတွက် တစ်ပြည်နယ်လျှင် ရန်ပုံငွေဘတ်သန်း ၅၀၀ ခန့်ကိုသာ သုံးစွဲခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် တစ်ပြည်နယ်လျှင် ဘတ် ၆ ဘီလီယံခန့်အထိ သိသိသာသာ တိုးမြှင့် သုံးစွဲမည်ဖြစ်ပါသည်။ ယင်းဖွံ့ဖြိုးရေး ရန်ပုံငွေများကို ပြည်နယ်များ ကိုယ်တိုင် စီမံခန့်ခွဲ၍ သုံးစွဲရမည်ဖြစ်သည်။ ပြည်နယ်အလိုက် ဖွံ့ဖြိုးရေး စီမံကိန်းများ ချမှတ်ရာတွင် အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဖက်အဖွဲ့အစည်း များအားလုံး ပါဝင်သည့် အစည်းအဝေးများ ကျင်းပ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်နယ်အလိုက် ဖွံ့ဖြိုးရေးစီမံချက်များကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း တင်ပြရန်နှင့် ဖေဖော်ဝါရီလတွင် ရန်ပုံငွေများကို လွှဲပြောင်းပေးမည် ဖြစ်သည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂–၁– ၂၀၁၇)

မြင့်ဆွေ

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျ

ယခုတစ်ပတ်တောင်ကြီးဈေးကွက်မှာ ပြောင်း တစ်ပိဿာကို ၅ ကျပ်ဈေးကျပြီး ၂၈၅ ကျပ် (တစ်တန် ၁၇၄၅၃၁ ကျပ်) နဲ့ ဝယ်လက်များက ဈေးဖွင့်ဝယ်ယူခဲ့ပါတယ်။ ရာသီဥတုက အေးတာကြောင့် ပြောင်းများမှာ အစိုဓာတ်ပိုမိုပါဝင်နေပြီး ဝယ်လက်မကြိုက်သဖြင့် အရောင်းအဝယ်အေးနေခဲ့ပါတယ်။ ယခုတစ်ပတ်အစာစပ်စက်ရုံတွေက အဓိကဝယ်ယူခဲ့ပြီး ပိဿာချိန် ၄၀၀၀၀၀ ကျော် ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဝယ်လက်များရဲ့ ဈေးပေးဝယ်ယူမှုကြောင့် မတ်ပဲအဟောင်းတစ်ပိဿာကို ၁၆၇ ကျပ် ဈေးတက်ပြီး ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်) နဲ့ တစ်ပတ်အတွင်း အိတ် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ၁၅၆၄ ကျပ်မှ ယခုတစ်ပတ်မှာ ၁၅၂၉ ကျပ် (တစ်တန် ၉၃၆၃၄၅ ကျပ်) အထိဈေးကျခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့မယ့်ကုန်သည်များက နေ့စဉ် အိတ် ၈၀၀ ခန့် ဝယ်ယူခဲ့ပါတယ်။ မြို့ပေါ်မှတစ်ဆင့် ပြန်လည်ရောင်းချမယ့်ကုန်သည်များက ပဲလွန်းပြာ တစ်ပိဿာ ၁၅၈၃ ကျပ် (တစ်တန် ၉၆၉၄၁၄ ကျပ်) ဈေးပေးပြီး နေ့စဉ်အိတ် ၁၀၀ နဲ့ ၁၅၀ အကြား ဝယ်ယူခဲ့ပါတယ်။ နှမ်းနက်စမုံကို ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၃၀၀၀ ဈေးမှ ယခုတစ်ပတ်မှာ ၃၁၁၁ ကျပ် (တစ်တန် ၁၉၀၅၁၄၆ ကျပ်) နဲ့ နေ့စဉ်အိတ် ၃၀၀ နီးပါး ရောင်းချ ခဲ့ပါတယ်။ နှမ်းဖြူကို တရုတ်ဝယ်လက်များက ယခုတစ်ပတ်အတွင်း ပိုမိုဝယ်ယူနေပြီး နှမ်းဖြူ ပုံမှန်တစ်ပိဿာ ကျပ် ၂၀၀၀ ( တစ်တန် ၁၂၂၄၇၈၀ ကျပ်) နှမ်းဖြူ ထိပ်စ တစ်ပိဿာ ကျပ် ၂၁၇၀ (တစ်တန် ၁၃၂၈၈၈၆ ကျပ် ) အထိ ဈေးပေးဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးမြင့်တက်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းနက်နဲ့ သိပ္ပံနှမ်းကို မန္တလေးဝယ်လက်များက ဈေးပေးဝယ်တာကြောင့် တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်တစ်ပိဿာကို ယခင်တစ်ပတ်ထက် ၅ ကျပ်ဈေးပိုရပြီး ကျပ် ၂၅၆၀( တစ်တန် ၁၅၆၇၇၁၉ ကျပ်) သိပ္ပံနှမ်းတစ်ပိဿာကို ၄၅ ကျပ် ဈေးပိုရပြီး ကျပ် ၃၀၀၀ (တစ်တန် ၁၈၃၇၁၇၀ ကျပ်) ဝယ်ယူခဲ့ပါ တယ်။ နှမ်းနီကို ယခင်တစ်ပတ်က တစ်ပိဿာ၁၈၂၅ ကျပ်မှ ယခုတစ်ပတ်မှာ ကျပ် ၁၇၈၀ (တစ်တန်၁၀၉၀၀၅၅ ကျပ်) အထိ ဈေးချပြီး ဆီစက်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ပါတယ်။ တစ်ပတ်အတွင်း နှမ်းမျိုးစုံအိတ် ၃၅၀၀ ကျော် ရောင်းချခဲ့ရပါတယ်။ ယခုတစ်ပတ်ဈေးကွက်ထဲကိုဝင်လာတဲ့ ပဲတီစိမ်းက အရည်အသွေး ကောင်းတာကြောင့် ယခင်တစ်ပတ်ထက် တစ်ပိဿာ ကျပ် ၁၁၀ ပိုပြီး ၁၅၆၅ ကျပ် ( တစ်တန် ၉၅၈၃၉၁ ကျပ်) ဈေးနဲ့ တစ်ပတ် အတွင်း အိတ် ၂၂၀၀ ကျော် ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာကျပ် ၁၃၅၀ မှ ယခုတစ်ပတ်မှာ ၁၃၁၅ ကျပ် (တစ်တန် ၈၀၅၂၉၃ ကျပ်) နဲ့ ဈေးကျခဲ့ပြီး ရန်ကုန်တင်ပို့မယ့်ကုန်သည်များက တစ်ပတ်အတွင်း အိတ် ၁၀၀၀ ကျော် ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ရွှေဘိုမှာ နှမ်းနဲ့ မြေပဲဈေးကောင်းရ

ယခုတစ်ပတ် ရွှေဘိုဈေးကွက်မှာ နှမ်းနက်၊ နှမ်းဖြူနဲ့ မြေပဲလုံးဆန်အဖြူတို့ တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်ထိပ်စ တစ်ပိဿာကို ကျပ် ၂၉၁၀ မှ ကျပ် ၃၀၅၀ (တစ်တန် ၁၈၆၇၇၉၀ ကျပ်) နှမ်းနက်ပုံမှန် တစ်ပိဿာကို ကျပ် ၂၄၅၀ မှ ကျပ် ၂၅၂၀ (တစ်တန် ၂၅၄၃၂၂၃ ကျပ်) အထိ တက်ဈေးပေးပြီး မန္တလေးကုန်သည်များက ဝယ်ယူသွားပါတယ်။ မြေပဲလုံးဆန်အဖြူကို ယခင်တစ်ပတ်ထက် တစ်ပိဿာ ကျပ် ၁၁၀ ပိုပေးပြီး ၂၃၅၅ ကျပ် (တစ်တန် ၁၄၄၂၁၇၈ ကျပ်) နဲ့ တစ်ဆင့် ပြန်ရောင်းချသူများက ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်မှာ မတ်ပဲ FQ နဲ့ ပဲစင်းငုံနီတက်ဈေးရ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ FQ နဲ့ ပဲစင်းငုံနီတို့ တက်ဈေးရပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FQ တစ်တန်ကို ၁၂၅၄၀၀၀ ကျပ်မှ ယခုတစ်ပတ် ၁၂၇၅၀၀၀ ကျပ်၊ ပဲစင်းငုံနီတစ်တန်ကို ယခင်တစ်ပတ်က ၈၅၀၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၈၈၀၀၀၀ ကျပ်အထိ ဈေးတက်ခဲ့ပြီး မတ်ပဲ FAQ က ယခင်တစ်ပတ်တစ်တန် ရောင်းဈေး ၁၁၈၀၀၀၀ ကျပ် မှ ၁၁၇၅၀၀၀ ကျပ်အထိ ဈေးအနည်းငယ်ကျခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မန္တလေးသို့ မြင်းခြံမှ ပဲတီစိမ်းတင်ပို့

ယခင်တစ်ပတ်အတွင်း မြင်းခြံဈေးကွက်ကို ဝင်လာတဲ့ ပဲတီစိမ်း (လုံးကြီး) တစ်ပိဿာကို ၁၀၁၅ ကျပ် ( တစ်တန် ၆၂၁၅၇၆ ကျပ်) ပဲတီစိမ်း(လုံးသေး) တစ်ပိဿာကို ၈၇၅ ကျပ် (တစ်တန် ၅၃၅၈၄၁ ကျပ်) နဲ့ မန္တလေးတင်ပို့သူများက တစ်ပတ်အတွင်းအိတ် ၃၀၀ ခန့် ဝယ်ယူခဲ့ပါတယ်။ ပဲစင်းငုံနီကို ဝယ်ယူသူများက တစ်ပိဿာကျပ် ၁၂၉၀ (တစ်တန် ၇၈၉၉၈၃ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပေမယ့် ရောင်းချသူများက ဈေးပိုတောင်းတာကြောင့် အရောင်းအဝယ် အနည်းငယ်သာ ဖြစ်ခဲ့ပါတယ်။ ကုလားပဲလုံးကြီးတစ်ပိဿာ ၂၄၇၅ ကျပ် ( တစ်တန် ၁၅၁၅၆၆၅ ကျပ်) နဲ့ ပဲခွဲစက်များက ဝယ်ယူခဲ့ပြီး မြို့ခံဆီစက်ပိုင်ရှင်များက ဆီကြိတ်ရန် နှမ်းညိုကို တစ်ပိဿာ ကျပ် ၁၃၅၀ ( တစ်တန် ၈၂၆၇၂၆ ကျပ်) နဲ့ ဝယ်ယူခဲ့ပါတယ်။ မန္တလေးတင်ပို့သူများက စီပီပြောင်း တစ်ပိဿာကို ၂၈၅ ကျပ် (တစ်တန် ၁၇၄၅၃၁ ကျပ် ) ဈေးပေးဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း မြေပဲဆီ တစ်ပိဿာကို ကျပ် ၄၁၀၀၊ နှမ်းဆီတစ်ပိဿာကို ကျပ် ၂၉၅၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မူဆယ်မှာ ပြောင်းဈေးတက်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်လာသလို တစ်ဖက်နိုင်ငံကို ယခင်တစ်ပတ်ထက် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ ပြောင်း ၅၀ ကီလို တစ်အိတ်ကို ယခင်တစ်ပတ်က ၆၇ ယွမ်နဲ့ ၇၃ ယွမ်ကြား ရောင်းချခဲ့ရာမှ ယခုတစ်ပတ်မှာ ၆၉ ယွမ်နဲ့ ၇၄ ယွမ်( တစ်တန် ၁၃၈၀ ယွမ်မှ ၁၄၈၀ ယွမ်) ကြား ဈေးရခဲ့ပါတယ်။ တစ်ဖက်နိုင်ငံကို ယခင်တစ်ပတ်ထက် တန် ၁၀၀၀ ကျော်ပိုပြီး တန်ချိန် ၃၂၀၀၀ ကျော် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းဖြူကို ဝယ်သူကြိုက်ပြီး ဈေးပိုပေး

ယခုတစ်ပတ်မကွေးဈေးကွက်မှာ နှမ်းဖြူကို ဝယ်သူ ကြိုက်ပြီးဈေးပိုပေးခဲ့ပါတယ်။ ယခင်တစ်ပတ်ကထက် တစ်ပိ သာ ကျပ် ၉၀ ဈေးပိုပြီး ၂၂၂၅ ကျပ် ( တစ်တန် ၁၃၆၂၅၆၈ ကျပ်) နဲ့ နှမ်းလှော်ဖိုများက ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက် တစ်ပိဿာ ၂၅၅၅ ကျပ်မှ ယခုတစ်ပတ်မှာ ကျပ် ၂၅၁၀ (တစ်တန် ၁၅၃၇၀၉၉ ကျပ်) အထိဈေးကျခဲ့ပါတယ်။ နှမ်းနက်အရည်အသွေးညံ့တာကြောင့် ဝယ်ယူမှုအားနည်းပြီး ဈေးလျှော့ပေးခဲ့တာလို့ မန္တလေးကိုတင်ပို့တဲ့ နှမ်းကုန်သည်တစ်ဦးကပြောပါတယ်။ နှမ်းနီက တစ်ပိဿာကျပ် ၁၉၈၀ (တစ်တန် ၁၂၁၂၅၃၃ ကျပ်)၊ နှမ်းနက်စမုံတစ်ပိဿာကျပ် ၂၈၉၀ ( တစ်တန် ၁၇၆၉၈၀၈ ကျပ်) ဈေးပေးခဲ့ပြီး တစ်ပတ်အတွင်းနှမ်းရောင်စုံ အိတ် ၇၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်ထက် တစ်ပိဿာ ကျပ် ၃၀ ပိုပြီး ကျပ် ၁၂၄၀ (တစ်တန် ၇၅၉၃၆၄ ကျပ်) နဲ့ တစ်ပတ်အတွင်းအိတ် ၃၀၀၀ ကျော် မန္တလေးဝယ်လက်များက ဝယ်ယူခဲ့ပါတယ်။ ပဲနောက်က ယခင်တစ်ပတ်ဈေး အတိုင်းတစ်ပိဿာ ၁၁၀၅ ကျပ် (တစ်တန် ၆၇၆၆၉၁ ကျပ် နဲ့ တစ်ပတ်အတွင်း အိတ် ၂၅၀၀ ကျော် ရောင်းချခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်အတွင်း ရန်ကုန်ဝယ်လက်များက တစ်ပိဿာကို ကျပ် ၂၀ ဈေးပိုပေးပြီး တစ်ပိဿာကို ၁၃၉၅ ကျပ် (တစ်တန် ၈၅၄၂၈၄ ကျပ်) နဲ့ ဝယ်ယူခဲ့ပြီး ပစ္စည်းအရည်အသွေး ညံ့တာကြောင့် ပစ္စည်းကောင်းများကို ရှာဖွေဝယ်ယူခဲ့သဖြင့် အိတ် ၃၀၀ ခန့်သာ နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပဲတီစိမ်းက တစ်ရက်ထက်တစ်ရက် ဈေးမြင့်ပြီး ယခုနောက်ဆုံး တစ်ပိဿာ ၁၂၆၅ ကျပ် (တစ်တန် ၇၇၄၆၇၄ ကျပ်) နဲ့ ဝယ်လက်များက ဝယ်ခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီးက တစ်ပိဿာကို ၂၃၉၅ ကျပ်( တစ်တန် ၁၄၆၆၆၇၄ ကျပ်) နဲ့ ပဲခွဲစက်ပိုင်ရှင်များက နေ့စဉ်အိတ် ၁၀၀ ခန့် ဝယ်ယူခဲ့ပါတယ်။ မန္တလေးကုန်သည်များက တစ်ပိဿာကျပ် ၃၀၀၀ (တစ်တန် ၁၈၃၇၁၇၀ ကျပ်) နဲ့ တစ်ပတ်အတွင်းအိတ် ၅၀၀၀ ကျော် ဝယ်ယူ ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပဲတီစိမ်းအသစ်ဝင်

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ ပဲတီစိမ်းတစ်ပိဿာကို ၁၂၆၅ ကျပ် (တစ်တန် ၇၇၄၆၇၄ ကျပ်) နဲ့ ဈေးကွက်ဝင်လာပြီး မန္တလေးတင်ပို့သူများက တစ်ပတ်အတွင်း အိတ် ၅၀၀ ခန့် ဝယ်ယူပါတယ်။ ပဲပုပ်က တစ်ပိဿာ ၂၅ ကျပ် မြင့်တက်ခဲ့ပြီး ၁၀၅၅ ကျပ် (တစ်တန် ၆၄၆၀၇၂ ကျပ်) နဲ့ ဒေသတွင်း ဝယ်လက်များက တစ်ပတ်အတွင်းအိတ် ၁၀၀၀ ကျော် ဝယ်ယူတယ်လို့ သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးတက်လာတဲ့အတွက် ဟသ်ာတဈေးကွက်မှ မတ်ပဲကို အမြင့်ဈေးနဲ့ ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၁၅ ကျပ် ရတဲ့ မတ်ပဲက ယခုတစ်ပတ်မှာ ကျပ် ၁၈၆၀ ( တစ်တန် ၁၁၃၉၀၄၆ ကျပ်) နဲ့ တစ်နေ့အိတ် ၂၀၀၀ ခန့်ဝယ်ယူခဲ့ပါတယ်။ ပဲလွန်းဖြူက တစ်ပိဿာကျပ် ၁၃၂၀ ( တစ်တန် ၈၀၈၃၅၅ ကျပ်) ဈေးဖွင့်သော်လည်း အရောင်းအဝယ် အနည်းငယ်သာ ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်ဝင်လာတဲ့ ပဲတီစိမ်းအသစ်က တစ်ပိဿာ ကျပ် ၁၂၀၀ ( တစ်တန် ၇၃၄၈၆၈ ကျပ်) နဲ့ ဈေးဖွင့်သော်လည်း ဝယ်လက်များမကြိုက်သဖြင့် အနည်းငယ်သာ ရောင်းချရတယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးမှာ ပြောင်းဈေးကျ

ယခုတစ်ပတ်လားရှိုးဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်ထက်တစ်ပိဿာ ၁၀ ကျပ်ဈေးကျပြီး ကျပ် ၂၉၀ ( တစ်တန် ၁၇၇၅၉၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် ပိဿာချိန် ၁၀၀၀၀၀ ကျော်ပိုပြီး ပိဿာချိန် ၁၈၀၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခု တစ်ပတ်အတွင်း လားရှိုးမှ မူဆယ်ကို သယ်ယူခနှုန်းမှာ တစ်ပိဿာ ၈၆ ကျပ်ရှိတယ်လို့ သိရပါတယ်။

# a&Tlq ,f&Sp;aumif;&aeaom jrefrmz&JoD;

နေကလျာခိုင်(မူဆယ်)



ဖရဲသီးသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသော မြန်မာ့သစ်သီးဝလံတစ်မျိုးဖြစ်ပြီး ကုန်စိမ်းသီးနှံ ဖြစ်သည့်အတွက် ဝယ်လိုအားက ရောင်းလိုအားထက်ပိုလျှင် ဈေးတက်၍ရောင်းလိုအားက ဝယ်လိုအားထက်ပိုလျှင်ဈေးကျသည်မှာ သဘာဝ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဖရဲသီးများကို ယခင်က ရာသီစာ သီးနှံအဖြစ်သာ စိုက်ပျိုးကြသော်လည်း ယခုအခါ တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိတဲ့ သီးနှံဖြစ်ပါတယ်။ အချို့ဒေသတွေမှာတော့ ကြားသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိပါတယ်။ ဖရဲသီးများကို တပ်ကုန်း၊ ရန်ကုန်၊ ကျောင်းကုန်း၊ မိတ္ထီလာ၊ မြင်းခြံ၊ ခရမ်း၊ ကူမဲ၊ ကျောက်ဆည် ဒေသများတွင် စိုက်ပျိုးကြပါသည်။ တောင်သူများအနေဖြင့် ဖရဲသီးစိုက်ပျိုးခြင်းကြောင့် မိမိဒေသအတွင်း အလုပ်အကိုင်များရရှိပြီး ဝင်ငွေများလည်းရရှိကြောင်း သိရှိရပါသည်။ ဖရဲထွက်ရှိရာ ဒေသအလိုက် အရည်အသွေးပေါ် မူတည်၍ ဈေးကောင်းပေးဝယ်ကြပြီး နေပြည်တော်၊ တပ်ကုန်းဖရဲသီးထက် ကလေး၊ တမူးမှ ထွက်ရှိသော ဖရဲသီးများကို ပိုမို နှစ်သက်ကြကြောင်း သိရပါသည်။ မြစ်သား၊ တံတားဦး၊ ကျောက်ဆည်၊ ဝမ်းတွင်း၊ မိတ္ထီလာ၊ မြင်းခြံ၊ သာစည်မြို့များမှလည်းဖရဲသီးအထွက် ကောင်းကြောင်း သိရပါသည်။ ဖရဲသီးမှာရိုးရိုးနှင့် အစေ့မဲ့ဟူ၍ နှစ်မျိုးရှိရာ ယခုအရောင်းအဝယ်လိုက်၍ ဈေးကောင်းရလျက်ရှိသော ဖရဲအမျိုးအစားမှာ အစေ့မဲ့ဖရဲသီးဖြစ်ကြောင်း သိရပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဒီဇင်ဘာလ ၁ ရက်မှ ၂၆ ရက်ထိ ဖရဲသီးတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၁၆သန်းတန်ဖိုးရှိ ဖရဲသီး ၄၈၁၄၃ တန် (ကားစီးရေ ၃၅၆၃ စီး) ရှိကြောင်း သိရပါသည်။ ယခင်ဘဏ္ဍာနှစ် ကာလတူဖြစ်သည့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ဒီဇင်ဘာလ ၁ ရက်မှ ၂၆ ရက်ထိ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၅၈ သန်းတန်ဖိုးရှိ ဖရဲသီး တန် ၄၁၅၉၂ ဒသမ ၈၀၀ (ကားစီးရေ ၂၉၃၅ စီး) တင်ပို့နိုင်ခဲ့ပါသည်။ ယခုနှင့် ယခင်ဘဏ္ဍာနှစ် ကာလတူ ဒီဇင်ဘာလ ၁ ရက်မှ ၂၆ ရက်ထိဖရဲသီးတင် ပို့မှုနှိုင်းယှဉ်ချက်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၅၈ သန်းတန်ဖိုး ရှိဖရဲသီး ၆၅၅၀ တန် (ကားစီးရေ ၆၂၈ စီး) ပိုမိုတင်ပို့နိုင်ခဲ့သည်။ ယခင် ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ တစ်နှစ်လုံးတွင် အမေ ရိကန်ဒေါ်လာ ၆၀ ဒသမ ၁၅၁ သန်းတန်ဖိုးရှိဖရဲသီး ၅၆၆၂၁၂ ဒသမ ၃၀၀ တန် (ကားစီးရေ ၃၈၀၈၂စီး) တင်ပို့နိုင်ခဲ့ရပါသည်။ ယခုရက်ပိုင်းအတွင်း အဝင်များနေသော ဖရဲသီး အမျိုးအစားများမှာ ခရမ်း၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ကျောင်း ကုန်းဘက်မှထွက်ရှိသော အစေ့မဲ့ဖရဲသီးဖြစ်ပြီး တစ်ကီလိုကို ၃ ဒသမ ၈ယွမ်မှ ၅ ဒသမ သုညယွမ်အထိ ဈေးရရှိ၍ဒီဇင်ဘာလ၊ လဆန်းပိုင်းမှစပြီး ဖရဲ ဈေးကောင်းလာကြောင်းလည်း တွေ့ရှိရပါသည်။ ဖရဲသီးတစ်ကီလိုလျှင် အနိမ့်ဈေး ၃ ဒသမ ၈ ယွမ် ဖြင့် တစ်တန်လျှင် ၃၈၀၀ ယွမ်၊ မြန်မာငွေဖြင့်ကျပ် ၇ ဒသမ ၃၃၄ ကျပ်သိန်း၊ ၁၆ တန် ကားတစ်စီးလျှင် ၆၀၈၀၀ ယွမ်၊ မြန်မာငွေဖြင့်ကျပ် ၁၁၇ ဒသမ ၃၄၄ သိန်းရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။ ဖရဲသီး တစ်ကီလိုလျှင် အမြင့်ဈေး ၅ ဒသမ သုညယွမ်ဖြင့် တစ်တန်လျှင် ၅၀၀၀ယွမ်၊ မြန်မာငွေဖြင့်ကျပ် ၉ ဒသမ ၆၅၀ ကျပ်သိန်း၊ ၁၆ တန် ကားတစ်စီးလျှင် ၈၀၀၀၀ ယွမ်၊ မြန်မာငွေဖြင့်ကျပ် ၁၅၄ ဒသမ ၄၀၀သိန်း ရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ဖရဲသီးစိုက်ပျိုးသူများသည် ယခင်ကအရည်အသွေးကို အဓိကမထားဘဲ စိုက်ပျိုးခဲ့သော်လည်း တရုတ်နိုင်ငံက အရည်အသွေးကိုစိစစ်ပြီး ဝယ်ယူလာခဲ့သည့်အတွက် ယခုအခါတွင် အရည်အသွေးကို အဓိကထားပြီး စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။ ဖရဲစိုက်တောင်သူများသည် အရည်အသွေး ကောင်းပါမှ ဈေးကောင်းရမည်ဆိုသည်ကို နားလည်လက်ခံနေကြပြီဖြစ်ရာ ဈေးနှုန်းကွာဟမှုသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကြီးမားလာသည်ကို တွေ့ရသည်။ ထို့ပြင် ဖရဲစိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာပိုင်းများတွင်လည်း ယခင်ကထက် ပိုမိုအားစိုက်လာသည့်အတွက် အရည်အသွေးကောင်းမွန်သည့် ဖရဲသီးများ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ဖရဲသီးများကို အဓိကဝယ်ယူလျက်ရှိသည့် တရုတ်နိုင်ငံတွင်လည်း ဖရဲသီးများကို စိုက်ပျိုးလျက်ရှိသော်လည်း တရုတ်နိုင်ငံတွင် ဖရဲသီးပေါ်ချိန်၌ မိုးများရွာသွန်းနေခြင်းကြောင့် ဖရဲစိုက်ခင်းများ ပျက်စီးနေကြောင်း၊ တရုတ်နှစ်သစ်ကူးပွဲတော်နီးကပ်နေချိန်ဖြစ်၍ တရုတ်နိုင်ငံတွင် ဖရဲသီးလိုအပ်ချက်များ များပြားနေခြင်းတို့ဖြစ်ပေါ်လာနိုင်ကြောင်း၊ မြန်မာနိုင်ငံဘက်တွင်လည်း ဖရဲစိုက်ပျိုးရာဒေသများတွင် မိုးများရွာသွန်းလျက်ရှိနေသဖြင့် ဖရဲသီးထွက်ရှိနှုန်းများ ကျဆင်းလာနိုင်ကြောင်း၊ အဆိုပါအချက်များကြောင့် တစ်ဖက်နိုင်ငံတွင်ဖရဲသီးဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း ဈေးကွက်အတွင်း သုံးသပ်လျက်ရှိသည်။

ထို့ကြောင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဖရဲသီးများတင်ပို့ရောင်းချနေသည့် ဖရဲစိုက်တောင်သူများ၊ ကုန်သည်များအနေဖြင့် အကျိုးအမြတ်များ ရရှိနိုင်ကြောင်း ဈေးကွက်သတင်းများအရ သိရှိရသည်။

❑

## အထည်အလိပ်နှင့်အဝတ်အထည်လုပ်ငန်းကဏ္ဍာ ညှိနှိုင်းအစည်းအဝေးကျင်းပ



အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၏ ဦးစားပေး ကဏ္ဍများထဲတွင် တစ်ခုအပါအဝင် ဖြစ်သော အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၏ Working Group အစည်းအဝေးကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ရန်ကုန်မြို့၊ UMFCCI ရှိ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းရုံး၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ချို၊ အမျိုးသား ပို့ကုန် မဟာဗျူဟာ Program Manager ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းဌေး၊ အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ မန်နေဂျာ ဒေါ်မေသန္တာဦး၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ Joint Secretary ဦးစိုင်းမောင်၊ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသက်ထားခင်နှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) Consultant ဦးနေမျိုးထက်တို့တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း အဆိုပြုလွှာ (Project Proposal) နှင့် ပတ်သက်၍ Sustainable Consumption and Capacity Building ခေါင်းစဉ်ဖြင့် ဆောင်ရွက်မည့် အစီအစဉ် အသေးစိတ်များကို လည်းကောင်း၊ အထည်ချုပ်လုပ်ငန်းရှိ Training centre အဆင့်မြှင့်တင်ရေးအတွက် Upgrading training facility for Garment sector development ခေါင်းစဉ်ဖြင့် ထည့်သွင်းဆောင်ရွက်မည့်လုပ် ငန်းစဉ်များကို လည်းကောင်း ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**NES Unit**

## ဇေယျာတိုင်း အလှဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင်ကျရောက်မည့် နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ် ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ဇေယျာတိုင်းအလှဓာတ်ပုံပြိုင်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ရာ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှစ၍ စတင်လက်ခံမည်ဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၂ရက်မတိုင်မီ ဆုများကို ရွေးချယ်ကြေညာမည်ဖြစ်သည်။ ဆုရရှိသည့် ဓာတ်ပုံများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ မော်ကွန်းတိုက်နှင့်ပြည်ထောင်စုနေ့အထိမ်းအမှတ် ဓာတ်ပုံပြခန်းတွင် ဓာတ်ပုံများ ပြသသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဘာဝပထဝီမြေကြီးနှင့် မြစ်ချောင်းတောတောင်များကို အမှီသဟဲပြု ကာ အသက်မွေးဝမ်းကျောင်းပြုသည့် ကျေးလက်နေပြည်သူအများစုရှိကြပြီး သမိုင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအလှအပနေရာများ၊ တိုင်းရင်းသားတို့၏ရိုးရာဓလေ့များဖြင့် ဂုဏ်ယူဖွယ်မှတ်တမ်းတင်ပြီး မျှဝေခံစားနိုင်စေရန်၊ ပြည်းတွင်းပြည်ပခရီးသွားလုပ်ငန်းကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ (၅)ပုံဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထား၍ တင်သွင်းယှဉ်ပြိုင်ရမည် ဖြစ်ပြီး ယှဉ်ပြိုင်ရမည့်ကဏ္ဍ၊ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစား၊ ဆုကြေးငွေ၊ ပြိုင်ပွဲဝင်ဓာတ်ပုံပေးပို့ရမည့်နေရာ စသည့် အသေးစိတ်အချက်များကို တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ သတင်းမီဒီယာများတွင် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရှိရ ပါသည်။

**ရီလင်းထွန်း (မုံရွာ)**

# ပြည်ပမှ ဆိုင်ကယ်မျိုးစုံဝင်ရောက်မှုလျော့ကျ

ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၆၇ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၉၈၂၄ စီးတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၁၉၃ စီး တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၃၆၉ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးဇုန်နဲ့ကုန်သွယ်ရေးစခန်းများရဲ့တင်သွင်းမှု အခြေအနေကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၇၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၉၆၀ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိ ကန်ဒေါ်လာ ၁ ဒသမ ၃၅၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၅၂ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၃ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၂ စီးတို့ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ကန်ပိုက်တီး၊ ကော့သောင်းနဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်တင်သွင်းနိုင်ခြင်း မရှိဘူးလို့ သိရပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်အပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၁၈၀ သန်းတန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၁၆၆ စီးကိုလည်း တင်သွင်းနိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုငါးမြစ်ချင်း တန် ၁၀၀ နီးပါး တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၁၀ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၉၅ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေချိုငါးမြစ်ချင်း တင်ပို့နိုင်ခြင်းမရှိသော်လည်း ယခုတစ်ပတ်မှာ ၉၅ တန် တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၁၀၆ သန်း တန်ဖိုးရှိ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ချင်း(အစို)၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ ဆီးယိုထုပ်၊ မန်ကျည်းစေ့ ၄၉၅ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ပရဆေးကုန်ကြမ်း တန်ချိန် ၅၀၀ ကျော် တင်ပို့

ဒီဇင်ဘာ ၁၇ရက်မှ ၂၃ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၇၅သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၅မျိုးကို တန်ချိန်ငါးရာကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ ဆီးဆန်၊ ဆီးသီးခြောက်၊ စကားပန်းပွင့်ခြောက်၊ နနွင်းတက်၊ စမုံနက်၊ ဆေးမြင်းခွာ၊ တောချင်း၊ တောဂျုံးမြစ်၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့နဲ့ ချဉ်ပေါင်ဖာလာ(အခွံပါ/မပါ) တို့ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က တန်လေးရာကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ပရဆေး တန်တစ်ရာခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကလည်း အမေရိကန်ဒေါ်လာ ၄၃၄၀၀ တန်ဖိုးရှိ ကြက်ဆူစေ့ ၆၂တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံသို့ ကော်ဖီစေ့ တန် ၂၀နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၅၆၀၆တန်ဖိုးရှိ ကော်ဖီစေ့၁၇တန် တင်ပို့ခဲ့ပါတယ်။ အောက်တိုဘာလမှာ ၅တန်တင်ပို့ခဲ့ပြီး နိုဝင်ဘာမှာ ၂၀ တန် တင်ပို့ခဲ့ပါတယ်။

ရှမ်းဒေသထွက်ကော်ဖီဟာ အထူးတန်းဝင်ကော်ဖီအဖြစ် ကမ္ဘာ့ကော်ဖီဈေးကွက် သတ်မှတ်ခံထားရပြီး ထိုင်း၊ မလေးရှားနဲ့ တရုတ်နိုင်ငံတွေက ဝယ်ယူကြောင်း၊ ကမ္ဘာ့ကော်ဖီဈေးကွက် တွင် ဝယ်လိုအားအကောင်းဆုံးနဲ့ ဈေးအမြင့်ဆုံးရရှိတဲ့ကော်ဖီအမျိုးအစားဖြစ်ကြောင်း၊ ရှမ်းမြို့နယ်အတွင်း ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းကို ၂၀၀၆-၂၀၀၇ခုနှစ်က စိုက်ဧက ၄၀၀၀ ကျော်ဖြင့် စတင်ခဲ့ပြီး ယခုအခါ စိုက်ဧက ၈၀၀၀ခန့်ရှိလာကြောင်း ရှမ်းမြို့နယ်ကော်ဖီအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ ဝါဂွမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၅၆၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါ ၄၈ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တန် ၃၀ သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ဝါ တင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။

ဝါစိုက်ပျိုးမှုကို တောင်တွင်းကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ ချောက်၊ အောင်လံ၊ ပေါင်းတည်နဲ့ ဝက်ထီးကန်ဒေသတွေမှာ အများဆုံး စိုက်ပျိုးကြပြီး တရုတ်နိုင်ငံဈေးကွက်ကို အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါလျော့နည်းတင်ပို့

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၃၈၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၆၉၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၂၃ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၈၇၁ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၆ သန်း၊ တန်ချိန်အားဖြင့် ၁၇၆ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ငါးခြောက်၊ ငါးဆားနယ်၊ ကင်းမွန်ခြောက်၊ ပုစွန်ခြောက်၊ ပုစွန်ဖွဲ့နဲ့ ပုစွန်ခြောက်မှုန့် တင်ပို့မှု ပိုမိုခဲ့ပေမယ့် ငါးရှဉ့်၊ ကဏန်း၊ ငါးမျိုးစုံ၊ ငါးလေးခြောက်၊ ငါးစီဖောင်း၊ ငါးမြစ်ချင်းစီဖောင်း၊ ငါးပူတင်းအရေခွံခြောက်၊ ငါးလိပ်ကျောက်အရေခွံခြောက်နဲ့ ခရုအသားခြောက်တင်ပို့မှုများ လျော့နည်းခဲ့ခြင်းကြောင့် ရေထွက်ပစ္စည်းတင်ပို့မှု လျော့နည်းရခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံယွမ်ဈေးအနေဖြင့် ငါးရှဉ့်တစ်တန်လျှင် ယခင်တစ်ပတ်ဈေးအတိုင်း ယွမ် ၃၁၀၀၀ ရှိပြီး ကဏန်းတစ်တန်လျှင် ယခင်တစ်ပတ်က ၅၂၀၄၈ ယွမ် ရှိရာမှ ယခုတစ်ပတ် ၅၃၃၈၁ ယွမ်သို့ ဈေးမြင့်တက်ခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။**မော်မော်အောင်**

## မြန်မာ-ထိုင်း နယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့လျက်ရှိ

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၆၉သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၆၄၃၄တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၉၆၃တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၄၇၁တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုအခြေအနေကိုကြည့်ပါက မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၁၆သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကဏန်း၊ အေးခဲပုစွန်၊ ကဏန်းပျော့၊ ပုစွန်၊ ကင်းမွန်တို့ကို ၃၆၇၃တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၄သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို တန်၁၂၀နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၇၉သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ အခြားရေထွက် ကဏန်း၊ ပုစွန်၊ ပင်လယ်ငါးရှဉ့်၊ ရေဘဝဲတို့ကို တန်ချိန် ၂၆၄၀ခန့် တင်ပို့နိုင်တယ်လို့ သိရပါတယ်။ ရေထွက်ကုန်ပစ္စည်းများကို ပိုမိုတင်ပို့ခဲ့ခြင်းမှာ မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေးစခန်းသုံးခုလုံးမှ ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ စခန်းများမှ သကြားတင်ပို့ပြီး ထိုင်းနယ်စပ်မှ သကြားတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၀၂သန်းတန်ဖိုးရှိ Re-export သကြား ၄၄၉၅၇ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၄၃၈၉၀ တန်၊ လွယ်ဂျယ်မှ ၆၇ တန်ခွဲနဲ့ ချင်းရွှေဟော်မှတန် ၁၀၀၀ ဖြစ်ပါတယ်။

မြန်မာ - ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၀၃ သန်း တန်ဖိုးရှိRe-exportသကြား ၁၂၅၅၀ တန် တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၃၂၅၇ တန်တင်သွင်းခဲ့လို့ ယခုတစ်ပတ်မှာ ၇၀၇ တန် လျော့နည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း သကြားတစ်တန်လျှင် ၁၀၄၅၂၀၀ ကျပ်ခန့်အထိ ဝယ်ယူရပြီး တစ်ဖက်နိုင်ငံမှာ ၅၀ ကီလိုတစ် အိတ်လျှင် ၂၆၇ ယွမ်ဈေးရရှိပါတယ်။ မူဆယ်ဂိုထောင်တွင် သကြားပြတ်လပ်မှုမရှိဘဲ အရောင်းအဝယ် ကောင်းမွန်ကာ ကုန်သွယ်မှုအနေဖြင့် ပုံမှန်စီးဆင်းလျက်ရှိတယ်လို့ သတင်း ရရှိပါတယ်။ **မော်မော်အောင်**

## အိန္ဒိယနိုင်ငံသို့ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်မှ ဒီဇင်ဘာ၁၇ရက်မှ ၂၃ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၃သန်းတန်ဖိုးရှိ ကွမ်းသီး ၆၇၁ တန်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၀၄တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၇တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

တင်ပို့မှုအခြေအနေကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁သန်းတန်ဖိုးရှိ ကွမ်းသီး ၁၂တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၂သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံနဲ့ စီးကရက်တို့အပြင် ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၆သန်းတန်ဖိုးရှိ စီးကရက် ၁၄တန်ကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

မိုးရေးအကောက်ခွန်ဌာနမှ အိန္ဒိယကုန်သည်များထံသို့ ကွမ်းသီးတင်ပို့လျှင် Custom Duty ၄၀ ရာခိုင်နှုန်းကိုကောက်ခံပါက အရှုံးပေါ်နိုင်၍ လုပ်ငန်းလုပ်ကိုင်ရန် တုံ့ဆိုင်းနေပြီး ကုန်သွယ်မှု အတားအဆီး နည်းပါးသော အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့ ရိဒ်စခန်းပေါက်မှ တင်ပို့လျက်ရှိသော်လည်း ယခုလပိုင်းတွင်မူ အမှတ် (၂)လိုင်းဖြစ်သော တရားမဝင်လမ်းကြောင်းမှ မိုးရေးမြို့တွင်းသုံးစွဲရန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၅သန်းတန်ဖိုးရှိ ကွမ်းသီး ၁၆ ဒသမ ၄တန်ကိုတင်ပို့လာနိုင်ခဲ့တယ်လို့ တမူးကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မန္တလေးတိုင်းဒေသကြီးအတွင်း လျှော်ဖြူဈေးကွက် ဖော်ဆောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီးအတွင်း လျှော်ဖြူဈေးကွက် ဖော်ဆောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး အပါအဝင် လျှော်ဖြူစိုက်ပျိုးသော ဒေသအားလုံးမှ ထွက်ရှိသည့် လျှော်ဖြူများအား ပြည်တွင်း/ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေး၊ လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်သူများ လိုအပ်လျက်ရှိသော စိုက်ပျိုးနည်းပညာများ ရရှိလာစေရန်နှင့် စိုက်ပျိုးမှုနည်းပညာများဖလှယ်နိုင်စေရေးနှင့် တန်ဖိုးမြှင့် ထုတ်ကုန် (Value Added) တီထွင်ထုတ်လုပ်ခြင်းဖြင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရန်ဟူသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် ကျင်းပခဲ့ခြင်း ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လျှော်ဖြူ(ဆေးကုလားမ) စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၂ ရက်က အဖွဲ့ဝင် ၄၆ ဦး ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ အဆိုပါအစုအဖွဲ့က ဦးဆောင်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် လျှော်ဖြူ (ဆေးကုလားမ) ကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရာတွင်လည်း ကုန်ကြမ်းအဖြစ်သာမဟုတ်ဘဲ ကုန်ချောအဆင့် (Value Added) ထုတ်လုပ်နိုင်သည်အထိ အချင်းချင်းနည်းပညာများ ဖြန့်ဝေဆောင်ရွက်ပါက ပိုမိုတိုးတက်လာမှာဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် ယခင်ကလည်း သရက်၊ ဖရဲ၊ သခွားအစုအဖွဲ့များကိုလည်း ဖွဲ့စည်းပေးခဲ့ကြောင်း၊ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများကိုလည်း ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် လုပ်ငန်းကျွမ်းကျင်သူများနှင့် ချိတ်ဆက်ပေးနိုင်ရန်အတွက် ဝိုင်းဝန်း၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အသင်းဥက္ကဋ္ဌ ဦးအုန်းညွန့်က ယခုအခါ ဝမ်းတွင်းမြို့တွင် လျှော်ဖြူစိုက်ဧက ၅၅၀ ဝန်းကျင်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင်လျှော်ဖြူကို ၂၀၀၄ခုနှစ်မှစ၍ စိုက်ပျိုး ထုတ်လုပ်သူ ၈၄ ဦးနှင့် စတင်စိုက်ပျိုးခဲ့ကြောင်း၊ လျှော်ဖြူပင်သည် အပူပိုင်းဇုန်အတွင်း ကျရောက်သည့် မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းတို့တွင် အထူးအောင်မြင်ဖြစ်ထွန်းကြောင်း၊ ယခုအခါ လျှော်ဖြူဈေးကွက်၌ အသန့်တစ်ပိဿာကျပ် ၄၀၀၀၀၊ အမျှင်တစ်ပိဿာ ကျပ် ၅၀၀၀၀ ဈေးရှိသည့်အတွက် စိုက်ပျိုးထုတ်လုပ်သူ များ အဆင်ပြေလျက်ရှိပါကြောင်း၊ မိမိတို့အနေနှင့် လျှော်ဖြူကို နှစ်ရှည်စိုက်ပျိုးခဲ့ပြီးဖြစ်သော်လည်း နောင်စိုက်ပျိုးမည့်သူများအတွက် ပျိုးပင်များထုတ်ပေးပြီး နည်းစနစ်များကိုလည်း ဖြန့်ဝေလျက်ရှိကြောင်း၊ စိတ်ဝင်စားသည့်သူများ စိုက်ခင်းသို့ လာရောက်လေ့လာကြောင်း၊ စိုက်ခင်းများသို့ပြည်တွင်းသာမက ပြည်ပမှလည်း လာရောက်လေ့လာကြောင်း၊ မိမိတို့စိုက်ပျိုးထုတ်လုပ်သည့် လျှော်ဖြူသည် ဈေးကွက်ကျယ်ပြန့်ရန်နှင့် လိုအပ်သည့် နည်းပညာများကိုလည်း အချင်းချင်း ဖလှယ်ရုံသာမက ဌာနဆိုင်ရာများကလည်း ဝိုင်းဝန်း၍ ပံ့ပိုးကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဦးကြံတိုင်းအောင်က မိမိတို့အနေနှင့်လျှော်ဖြူဈေးကွက်နှင့် နည်းပညာများရရှိရေးအတွက် သက်ဆိုင်ရာဌာနများမှ ပြည်ပအဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ ကုန်သည်များနှင့်သော် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးပါက စိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် အလွန်ဝမ်းသာမည် ဖြစ်ပါကြောင်း၊ လျှော်ဖြူတစ်ဧက စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက ပထမနှစ်မှစ၍ စတုတ္ထနှစ်အထိ စိုက်စရိတ် ကုန်ကျသော်လည်း ပဉ္စမနှစ်မှ စ၍ ဝင်ငွေစတင်ရရှိမှာဖြစ်ပြီး စတင်အစေးထုတ်သည့်နှစ်မှာပင် ယခင်က ကုန်ကျခဲ့သည့် ကုန်ကျစရိတ်များအား ပြန်လည်ရရှိနိုင်ကြောင်း၊ သက်တမ်းအနေဖြင့် တစ်နှစ်မှ ရှစ်လအထိ အစေးထုတ်ယူနိုင်သည့်အတွက် နှစ်ရှည်စီမံကိန်းအဖြစ် တွက်ချေကိုက်သည့် သီးနှံဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

အရှေ့တောင်အာရှဒေသ ဇီဝထုတ်ကုန်များ ကုန်သွယ်ခြင်းစီမံချက်မှ စီမံကိန်း မန်နေဂျာ ဦးကျော်ထွန်းဦးက မိမိတို့ ပရောဂျက်အနေဖြင့် ၂၀၁၆ မှ ၂၀၂၀ ခုနှစ်အထိ ဒေသတွင်း ဇီဝထုတ်ကုန်များ ကုန်သွယ်ခြင်းစီမံချက်အား ဆွစ်ဇာလန်အစိုးရက ငွေကြေးထောက်ပံ့ပြီး ဆွစ်ဇာလန် နိုင်ငံအခြေပြု အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဖြစ်သော Helvatas မှ အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း၊ အဆိုပါအဖွဲ့ အစည်းအနေဖြင့် ကျေးလက်နှင့်မြို့ပြလူနေမှုအသိုင်းအဝိုင်းများ ပို၍ကောင်းမွန်မှုတသော လူနေမှုအခြေအနေဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စီမံချက်ပထမ လေးနှစ်ကာလအတွင်း လာအို၊ ဗီယက်နမ်၊ မြန်မာ သုံးနိုင်ငံမှမျိုးရင်းထွက်ကုန်ပစ္စည်းများကို ရွေးချယ်ပြီးစီမံချက်မှတ်၍ ပံ့ပိုးကူညီပေးနေခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနက် မြန်မာမျိုးရင်းအမယ် ပစ္စည်းခြောက်မျိုးဖြစ်သော သနပ်ခါး၊ လက်ဖက်၊ လျှော်ဖြူ ဆီး၊ ပန်းနှမ်း၊ ဖာလာ စသည့်ကုန်ပစ္စည်းများကို ကုမ္ပဏီများနှင့် ဆက်သွယ်ချိတ်ဆက်ပေးရန် ဆောင်ရွက်ပေးနေပါကြောင်း၊ လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အစိုးရဌာနများနှင့်သော်လည်းကောင်း၊ အသင်းအဖွဲ့များနှင့်သော်လည်းကောင်း၊ ဈေးကွက်ဝယ်လိုအား၊ ရောင်း လိုအားများကို စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးစောမင်းအောင်က လျှော်ဖြူကိုယာမြေ၊ ပလပ်မြေများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး အခြားသီးနှံများထက် စိုက်စရိတ်နည်းကာ အကျိုးများသည့် သီးနှံတစ်မျိုးဖြစ်သည်ကို လေ့လာသိရှိခဲ့ရကြောင်း၊ ယခင်က လျှော်ဖြူကို လျှော်ကြိုးအဖြစ် အသုံးပြုရန်သာဖြစ်ပြီး မြန်မာမျိုးရင်းစစ်စစ်ဖြစ်သော လျှော်ဖြူကို ၁၈၂၆ ခုနှစ်မှစတင်စိုက်ပျိုးခဲ့သော်လည်း ၂၀၁၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် လျှော်ဖြူကို (ဆေးကုလားမ) ဈေးကွက်တစ်ခုသာ ဖော်ဆောင်နိုင်ခဲ့သည့်အတွက် တွင်တွင်ကျယ်ကျယ်စိုက်ပျိုးသင့်ကြောင်း၊ အဆိုပါလျှော်ဖြူသည် အပူပိုင်းဒေသတွင်စိုက်ပျိုးဖြစ်ထွန်းသည့်အတွက် မန္တလေးတိုင်းအတွင်း စိုက်ပျိုးသင့်ကြောင်း၊ လျှော်ဖြူကို စက်မှုလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ အစားအသောက်လုပ်ငန်းများတွင် ကုန်ကြမ်းအဖြစ် အသုံးပြုနေကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက လျှော်ဖြူစိုက် ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့် ရရှိရေးတို့ကို အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**ယဉ်ယဉ်အေး (မန္တလေး)**

## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကုန်စည်ပြပွဲ (Shan State Investment Fair) အတွက် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ



ရှမ်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်၊ ဒေသခံလုပ်ငန်းရှင်များနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအကြား ပိုမိုပူးပေါင်းဆောင်ရွက်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (Shan State Investment Fair) ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် တောင်ကြီးမြို့ရှိ Royal Taunggyi ဟိုတယ်၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် တောင်ကြီးမြို့ Cherry Queen ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အကြို ညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးစိုးညွန့်လွင်က မိမိတို့ပြည်နယ်အနေဖြင့် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ဆောင်ရွက်နေသည့် ပြည်နယ်ဖြစ်ကြောင်း၊ မြေနှင့် ရာသီဥတုအနေအထားအရလည်း မည်သည့်စိုက်ပျိုးသီးနှံမဆို စိုက်ပျိုးဖြစ်ထွန်းကြောင်း၊ မွေးမြူရေးအနေဖြင့်လည်း ဥစားကြက်၊ နွား၊ ဝက်တို့ မွေးမြူဖြစ်ထွန်းသကဲ့သို့ သတ္တုတွင်းလုပ်ငန်းသည်လည်း အောင်မြင်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အဓိကအားဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသော လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ဟဲဟိုးလေဆိပ်ကိုလည်း တိုးချဲ့၍ ဟဲဟိုးလေဆိပ်မှ ချင်းမိုင်၊ ထိုင်းရိုင်၊ မဲဆောက်ဒေသများသို့ တိုက်ရိုက်ပျံသန်း ပို့ဆောင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသထွက်ကုန်သီးနှံများအား အအေးခန်းသိုလှောင်ရုံ တည်ဆောက်ခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံခွင့်များ ရှိပါကြောင်း၊ မိမိတို့ ပြည်နယ်သည် တစ်နိုင်ငံလုံးဧရိယာ၏ လေးပုံတစ်ပုံ ကျယ်ဝန်းခြင်းကြောင့် ရင်းနှီးမြှုပ်နှံခြင်း လုပ်ငန်းများ ကြွယ်ဝပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ရှမ်းပြည်နယ်အနေဖြင့် စီးပွားရေး တိုးတက်လာစေရန်၊ ပြည်နယ်လုပ်ငန်းရှင်များအား နိုင်ငံတကာအထိ ပိုမိုကျယ်ပြန့်စေရန်၊ အိမ်နီးချင်းနိုင်ငံဈေးကွက်မှ နိုင်ငံတကာဈေးကွက်အထိ မိမိပြည်နယ်မှ ကိုယ်တိုင်ရပ်တည်ပေးပို့ရန် ရည်ရွယ်ချက်ဖြင့် ပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုပြပွဲတွင် ပြည်နယ်အတွင်း လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်း ပါဝင်ကြစေလိုကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ထို့နောက် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ အကြံပေး MR.Toru Homma၊ MMRD မှ ဦးဖြိုးကျော်သူက Shan State Investment Opportunity Survey နှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ကျော် (တောင်ကြီး)**

# ally AUTO SERVICES CO.,LTD.



ဂျပန်နိုင်ငံမှ လူကြီးမင်းတို့ ကြိုက်နှစ်သက်ရာ မော်တော်ကားများကို တိုက်ရိုက် လေလံဆွဲပေးခြင်းဖြင့် လူကြီးမင်းတို့ စိတ်ချမ်းသာစေရန် Ally Auto Services မှ ဝန်ဆောင်ခဈေးနှုန်းသက်သက်သာသာဖြင့် လူကြီးမင်းတို့ လက်ဝယ်အမြန်ဆုံး ရောက်ရှိရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁။ မော်တော်ကားတင်သွင်းခွင့် ပါမစ်လျှောက်ထားပေးခြင်း၊
၂။ ရန်ကုန်ဆိပ်ကမ်းမှ ကားထုတ်ပေးခြင်း၊
၃။ ကညနတွင် ကနဦး မှတ်ပုံတင်ပေးခြင်းစသည်တို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝန်ဆောင်မှုပေးနေပါသည်။

No.(47/49), Aung Mingalar Street, 5th Ward, Kamayut Township, Yangon.
Tel : 09-420023493, 09-5002615, E-mail: allyautoservices@gmail.com

# Super Car 1 Services Co., Ltd.




No.8, Pyi Thu Kwat Thit(1) Street, Sanchaung Township, Yangon.
Office : Ph : 01 2304628,
Hp : 09 5156549, 09 49251419, 09 421118111, 09 73153599
E-mail : supercarone@gmail.com.oakarminmyat@gmail.com.

# Kyaw Ye Win Export Import Co.,Ltd.



No. (86), Upper Block, Pansoedan Street, Mingalar Taung Nyunt Township, Yangon.
Ph : 01 242327, 394682, 09 862048




CNQC
QINGJIAN INTERNATIONAL (MYANMAR) GROUP DEVELOPMENT CO., LTD.

Tel : +95 1 554046 / +95 1 8604597 | Email : enquiry@cnqc.com.mm
အမှတ် ၂၂၊ ဦးချစ်မောင်အိမ်ရာ၊ဦးချစ်မောင်လမ်း၊တာမွေမြို့နယ်၊ရန်ကုန်မြို့၊မြန်မာနိုင်ငံ။


Goody
အရသာ နှစ်ဆတိုးစေတဲ့ 'ဂွတ်ဒီ'


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
လူကြီးမင်းတို့၏အဖိုးတန်ပစ္စည်းများကို
သဘာဝဘေးအန္တရာယ်များမှ
ကာကွယ်သိမ်းဆည်းနိုင်ရန်အတွက်
လုံခြုံစိတ်ချရဆုံး မြဝတီဘဏ်နှင့်
အမြန်ဆုံးဆက်သွယ်လိုက်ပါ. . .
" လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှန် မြဝတီဘဏ် "
လူကြီးမင်းတို့၏ အရေးကြီးသောစာရွက်စာတမ်းများနှင့် အဖိုးတန်လက်ဝတ်ရတနာများကို လုံခြုံစိတ်ချစွာသိမ်းဆည်းနိုင်ရန်အတွက်
Chubb တံဆိပ် Locker များဖြင့် မြဝတီဘဏ်(ရုံးချုပ်)နှင့် နေပြည်တော်ဘဏ်ခွဲတွင် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402, 2301418
Email : mwdbankygn@mptmail.net.mm
Phone No : (067) 421441, 421581, 421582,
Fax : (067) 421442, 421443
Email : mwdbanknpt@gmail.com
Safe Deposit Box
အရွယ်အစား နှစ်စဉ်ကြေး
(က) ၅"x ၅"x ၂၄" ကျပ် ၅၀,၀၀၀/ –
(ခ) ၅"x ၁၀"x ၂၄" ကျပ် ၇၅,၀၀၀/ –
(ဂ) ၁၀"x ၁၀"x ၂၄" ကျပ် ၁၀၀,၀၀၀/ –

## ပြောင်း

### တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှု လျော့နည်း

ဒီဇင်ဘာ ၁၇ရက်မှ ၂၃ရက်အထိ သီတင်းပတ်အတွင်း မြန်မာ- တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းသုံးခုမှ အမေရိ ကန်ဒေါ်လာ ၅ ဒသမ ၈၆၀ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၃၃၀၇၈ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၄၆၀၀ တန်၊ လွယ်ဂျယ်မှ ၄၄၂၆ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ၄၀၅၁ တန်ကျော်ဖြစ် ပါတယ်။ ယခင်ရက်သတ္တပတ်က ၄၇၀၉၅ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတန်ချိန် ၁၄၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ရက်သီတင်းပတ်အတွင်း ပြောင်းတစ်တန်လျှင် ၂၄၇၀၁၂ ကျပ်ရှိရာမှဒီဇင်ဘာ ၁၇ရက်မှ ၂၃ ရက်မှာ ၂၄၁၂၄၅ ကျပ်သို့ ဈေးဆက်လက်ကျဆင်းခဲ့တာတွေ့ရပါတယ်။ သယ်ယူစရိတ်မှာ တစ်ပိဿာ ၁၂၀ ကျပ်မှ ၁၂၅ကျပ်ရှိပြီး ကားစီးရေ ၁၁၃၉စီး ဝင်ရောက်ခဲ့တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။ **မော်မော်အောင်**

### တရုတ်နိုင်ငံသို့ ဝဥခြောက် ပြန်လည်တင်ပို့

ဒီဇင်ဘာ၁၇ရက်မှ၂၃ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၂ သန်းတန်ဖိုးရှိ ဝဥခြောက်၄၇ တန်နီးပါး တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ဝဥတင်ပို့မှုမရှိခဲ့ပါဘူး။

အလေ့ကျပေါက်တဲ့ ဝဥပင်တွေဟာ နတ်တော်၊ ပြာသိုမှာ ဖြိုင်ဖြိုင်ပေါ်ပြီး တစ်ဥလျှင် အနိမ့်ဆုံး တစ်ပိဿာမှ နှစ်ပိဿာကျော်အထိ အလေးချိန်ရှိကြောင်း ဝဥအစိုကို သေချာလှီးပြီး နေပူနှစ်ရက်လှန်း၍ သော်လည်းကောင်း၊ ပေါင်းခံပြီး အခြောက်ပြုလုပ်၍သော်လည်းကောင်း ဈေးကွက်မှာ ရောင်းချကြောင်း ဝဥစိုက်တောင်သူတစ်ဦးထံမှသိရပါတယ်။ **မော်မော်အောင်**



### မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးဦးစီး၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီမှ ရေနံချောင်းမြို့ မြို့မဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများ ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းဦးစီးသော စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ဒီဇင်ဘာ ၂၆ ရက်က ရေနံချောင်းမြို့၊ မြို့မဈေးအတွင်းရှိ မုန့်ဆိုင်များ၊ ကုန်ခြောက်ဆိုင်များ၊ မုန့်တိုက်များနှင့် စားသုံးဆီအရောင်းဆိုင်များတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မုန့်မျိုးစုံရောင်းဝယ်ရေးဆိုင်များတွင် သတ်မှတ်ပြဋ္ဌာန်းထားသော စံချိန်စံညွှန်း၊ အရည်အသွေး ပြည့်မီခြင်းမရှိသော ဒေသတွင်း ထုတ်လုပ်သည့်မုန့်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသည့် မုန့်များကို တွေ့ရှိရသည့်အတွက် ထပ်မံတင်ပို့ရောင်းချခြင်းမပြုရန်နှင့် မုန့်လုပ်ငန်းရှင်များအား အသိပညာပေးရန်အတွက် လိပ်စာနှင့်ဖုန်းနံပါတ်များ တောင်းယူခဲ့ခြင်း၊ အသိပညာပေးဆွေးနွေးခဲ့ခြင်း၊ စားသုံးဆီအရောင်းဆိုင်များတွင် ပြည်သူလူထုအတွက် ကျန်းမာရေးထိခိုက်စေနိုင်သော ရောဆီများကို မရောင်းချရန်နှင့် ရောင်းချလျက်ရှိသော ဆီများကိုလည်း ဆီအမျိုးအစားအလိုက် တံဆိပ်များသတ်မှတ်ရောင်းချရန်တို့ကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ငါးပိ၊ ငါးခြောက်၊ ငရုတ်သီးမှုန့်၊ အရောင်တင်၊ နန္နွင်းရောင်းချသောဆိုင်များတွင်လည်း ဆိုးဆေးများပါဝင်မှု ရှိ/မရှိ လိုက်လံစစ်ဆေးခဲ့ပြီး နမူနာများဝယ်ယူခဲ့ကြကြောင်း သတင်းရရှိပါသည်။ **စန္ဒာစိုးလွင်(မကွေး)**

## ရော်ဘာ

### နိုင်ငံတကာရော်ဘာဈေး တစ်တန်ကိုအမေရိကန်ဒေါ်လာ ၁၀၀ ကျော် ပြန်လည်ကျဆင်း

ဒီဇင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၁၀ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၆၆၁၆တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်တစ်ပတ်တင်ပို့မှုထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 ၂၃၂၆ တန်၊ RSS 5 ၅၂၉ တန်၊ MSR 20 ၆၁၄တန်ကျော်၊ MSR 50 တန် ၇၁၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS1 တန် ၇၀၊ RSS 3 ၄၈၆ တန်ခန့်၊ RSS5 ၈၇၉ တန်၊ MSR 20 ၈၈၅ တန်၊ MSR 50 ၉၇ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာတန် ၂၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၆၁၃၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၀၆ တန်ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးထပ်မံ မြင့်တက်လာပါတယ်။ RSS3 တစ်တန်လျှင် ကျပ် ၂၂ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၃၃၀၀၀ ဈေးတက်ပါတယ်။ RSS 5 ကတော့တစ်တန်ကို ကျပ်၂၀ ဒသမ ၄၈၇ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ကျပ် ၄၄၀၀၀ ဈေးကျကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရှိရပါတယ်။

ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁၉ သန်းဖိုးရှိ ရော်ဘာ ၈၉၉ တန်ကို မလေးရှား၊ ဂျပန်၊ ကိုရီးယားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS 3 ၇၆၄ တန်၊ ဂျပန်နိုင်ငံသို့ MSR 20 ၃၄တန်၊ ကိုရီးယားနိုင်ငံသို့ MSR20၊TSR 20 ၁၀၁ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ရော်ဘာအပို့ မရှိခဲ့ပါဘူး။

နိုဝင်ဘာ နောက်ဆုံးပတ်မှစပြီး ဆက်တိုက်တက်လာတဲ့ နိုင်ငံတကာ ရော်ဘာဈေးဟာ ယခုတစ်ပတ်မှာ တစ်တန်ကို ဒေါ်လာ ၁၀၀ ကျော် ဈေးပြန်ကျသွားပါတယ်။ဒါကြောင့် မြန်မာ့ရော်ဘာအိတ်စ်ပို့ဈေးလည်း တစ်တန်ကို ဒေါ်လာ ၁၀၀ဈေးကျကြောင်း၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ဈေးနှုန်းထုတ်ပြန်ချက်အရ RSS 1 တစ်တန်လျှင် ဒေါ်လာ ၁၉၅၀-၂၀၅၀၊ RSS 2 တစ်တန်လျှင် ဒေါ်လာ ၁၉၀၀-၂၀၀၀၊RSS 3 တစ်တန်လျှင် ဒေါ်လာ ၁၈၅၀-၁၉၅၀၊ RSS 4 တစ်တန်လျှင်ဒေါ်လာ ၁၈၀၀-၁၉၀၀၊ RSS 5 တစ်တန်လျှင် ဒေါ်လာ ၁၇၅၀-၁၈၅၀၊MSR 3L တစ်တန်လျှင် ဒေါ်လာ ၂၁၀၀-၂၂၀၀၊ MSR 10 တစ်တန်လျှင် ဒေါ်လာ ၁၈၅၀-၁၉၅၀၊ MSR 20 တစ်တန်လျှင် ဒေါ်လာ ၁၈၀၀-၁၉၀၀၊ MSR 50 တစ်တန်လျှင် ဒေါ်လာ ၁၇၀၀-၁၈၀၀၊ Crepe Rubber တစ်တန်လျှင်ဒေါ်လာ ၁၆၅၀-၁၇၅၀ အသီးသီးရှိကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

### ငပုတောမြို့နယ်၊ သရက်တော အလက(ခွဲ)ကျောင်းတွင် စားသုံးသူအသိပညာပေးပွဲနှင့် ဈေးများတွင် စားသုံးရန်မသင့်သော ကုန်စည်များ ရောင်းချမှုရှိ/မရှိ ကွင်းဆင်းဆောင်ရွက်

ငပုတောမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်စန်းနဲ့ ဝန်ထမ်းများသည် ဆက်စပ်ဌာနများဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီဌာနများ ပူးပေါင်းပါဝင်လျက် ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ငပုတောမြို့နယ်ရှိ သရက်တော အလက(ခွဲ)ကျောင်းမှာ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကျင်းပပြုလုပ်ရာ ကျောင်းရှိ ဆရာ/ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ၊ ကျောင်းသားမိဘများအပါအဝင် စုစုပေါင်း ၃၃၄ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်စန်းက စားသုံးရန်မသင့်သော အစားအစာများ၊ FDA မှ တားမြစ် ထားသော ကုန်စည်များ၊ အစားအသောက်များ၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်တဲ့ ဓာတုဆေးဝါးများ သုံးစွဲထားတဲ့ အစားအသောက်ကုန်စည်များနဲ့ရေရှည်စားသုံးမိပါက ဖြစ်ပွားတတ်တဲ့ရောဂါများ၊ စားသုံးသူရေးရာနှင့် ပတ်သက်တဲ့အသိပညာဗဟုသုတများကို အသေးစိတ်ဆွေးနွေးဟောပြောခဲ့ပြီး ငပုတော မြို့မဈေးကြီးအတွင်းတွင်လည်း ပူးပေါင်းအဖွဲ့များနှင့် ငရုတ်သီးမှုန့်များ၊ တားမြစ်ထားသောကုန်စည်များ၊ စားသုံးရန်မသင့်သော ကုန်စည်များ၊ရောင်းချခြင်းရှိ/မရှိကို ကွင်းဆင်းလေ့လာ စိစစ်ဆောင်ရွက်ခဲ့ကြောင်းသိရပါတယ်။ **မင်းမင်းဦး(ပုသိမ်မြို့)**

### ထားဝယ်မြို့ ရွှေဝယ်သီရိကစားကွင်း ပတ်လည်ရှိ စားသောက်ဆိုင်များ၊ အသားကင်ဆိုင်များနှင့် စည်ပင်သာယာမြို့မဈေးတို့တွင် စားသုံးရန်မသင့်သည့်ထုတ်ကုန်ပစ္စည်းများ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးနှင့်ဝန်ထမ်းများ ဦးဆောင်ပြီး သက်ဆိုင်ရာ ဆက်စပ်ဌာနများဖြစ်သည့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ထားဝယ်မြို့ ရွှေဝယ်သီရိကစားကွင်းပတ်လည်ရှိစားသောက်ဆိုင်များ၊ အသားကင်ဆိုင်များနှင့် စည်ပင်သာယာမြို့မဈေးရှိ ဆိုင်များတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်များ၊ စားသုံးသူပြည်သူများ စားသုံးရန်မသင့်သည့်စားသောက်ကုန်များ ရောင်းချမှုရှိ/မရှိ ဒီဇင်ဘာလ၂၄ ရက်



က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ကွင်းဆင်းစစ်ဆေးခဲ့သည့် ပူးပေါင်းအဖွဲ့သည် စားသောက်ဆိုင်များနှင့် အသားကင်ဆိုင်များ၌ စစ်ဆေးရာတွင် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိရေး၊ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးကို ရည်ရွယ်၍ တရားမဝင်တင်သွင်းလာသော အေးခဲအသားများ၊ အသားလုံးများနှင့် အသားချောင်းများရောင်းချမှုမရှိစေရေးကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# ငွေလဲနှုန်း အတက်အကျဒဏ်ခံနိုင်ရန် အရှေ့တောင်အာရှဗဟိုဘဏ်များ ငွေကြေးပူးပေါင်းဆောင်ရွက်

ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှား ဗဟိုဘဏ်သုံးခုသည် ငွေကြေးပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ် (Agreement on Currency Cooperation) ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ သဘောတူစာချုပ် ချုပ်ဆိုခြင်းသည် ဒေသဆိုင်ရာ ဗဟိုဘဏ် လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု၏ သော့ချက်ကျသော မှတ်တိုင်တစ်ခုဖြစ်သည်။



ထိုင်းဗဟိုဘဏ် (Bank of Thailand)၊ မလေးရှားဗဟိုဘဏ် (Bank Negara Malaysia) နှင့် အင်ဒိုနီးရှား ဗဟိုဘဏ် (Bank of Indonesia) တို့သည် အရှေ့တောင်အာရှနိုင်ငံများကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ၎င်းတို့၏ ငွေကြေး များကိုပိုမိုသုံးစွဲရန် သဘောတူခဲ့ကြသည်။ ၎င်းတို့၏ ငွေကြေးများကို ပို၍အသုံးပြုခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသော ပတ်ဝန်းကျင် (Enabling environment) ကို ဖန်တီးရာ ရောက်ပါသည်။ အထူးသဖြင့် အာဆီယံဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်ရာတွင် ကုန်ကျသောစရိတ်များ (Transaction Costs) ကို ကျဆင်းစေခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးပေးချေရာတွင် စွမ်းဆောင်ရည် တိုးတက်စေခြင်းတို့ကို ဖြစ်စေသည်။

"လက်ရှိကာလမှာ ကမ္ဘာလုံးဆိုင်ရာ ငွေရေးကြေးရေးဈေးကွက် အခြေအနေတွေ မတည်မငြိမ်ဖြစ်နေပါတယ်။ ဒီလို မတည်မငြိမ်ဖြစ်နေတဲ့ ကာလမှာ အာဆီယံစီးပွားရေးလုပ်ငန်းတွေအနေနဲ့ ကုန်သွယ်မှုအတွက် ငွေကြေးပေးချေရာမှာ ရွေးချယ်စရာ ငွေကြေးအမျိုးအစား ပိုများလာစေပါတယ်။ အများက လက်ခံသုံးစွဲနေတဲ့ ငွေကြေးကိုပဲ မှီခိုအားထားသုံးစွဲနေစရာ မလိုတော့ဘူး။ ငွေတန်ဖိုးအတက်အကျနဲ့ ပြင်းထန်တဲ့ရိုက်ခတ်မှုကိုလည်း သက်သာစေတာပေါ့"ဟူ၍ အဆိုပါဗဟိုဘဏ်သုံးဘဏ်က ပြောကြားပါသည်။

ထိုင်းနှင့် မလေးရှား ဗဟိုဘဏ်တို့သည် အင်ဒိုနီးရှားဗဟိုဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ရေး မူဘောင် (Framework of cooperation) ဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။ နှစ်နိုင်ငံ ကုန်သွယ်ရေး (Bilateral trade) အတွက် ငွေကြေးပေးချေရာတွင်လည်းကောင်း၊ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Direct investment) အတွက် ငွေကြေးပေးချေရာတွင်လည်းကောင်း ယင်းတို့၏ငွေကြေးများ (Local currencies) ကို ပိုမိုအသုံးပြုရန် ရည်ရွယ်ပါသည်။

ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းက အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ဒေသသုံးငွေကြေးများ (Local currencies) ကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာနိုင်သည်။ ထို့ပြင် ဒေသဆိုင်ရာ နိုင်ငံခြားငွေနှင့် ငွေကြေး ဈေးကွက်များ (Regional foreign exchange and money markets) ကို ဆက်လက်ဖွံ့ဖြိုးတိုးတက်စေနိုင်သည်။ ထိုမှတစ်ဆင့် ... ထိုမှသာမက အာဆီယံဒေသတွင်း စီးပွားရေးနှင့် ငွေရေးကြေးရေး ပေါင်းစည်းမှု (Economic and financial integration) ကို များစွာ အထောက်အကူ ဖြစ်စေနိုင်သည်။

ထိုင်းဗဟိုဘဏ်နှင့် မလေးရှား ဗဟိုဘဏ်တို့သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် အလားတူပူးပေါင်း ဆောင်ရွက်ရေးမူဘောင်ဆိုင်ရာ MoU ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အကောင်အထည်ဖော်လျက် ရှိပါသည်။ လတ်တလောတွင် ထိုင်းနိုင်ငံသည် ကုန်သွယ်ရေးလုပ်ငန်းများ၌ Local currencies ကို ၁၅ ရာခိုင်နှုန်း အသုံးပြုနေပြီး အမေရိကန် ဒေါ်လာကို ၈၅ ရာခိုင်နှုန်း အသုံးပြုနေပါသည်။ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်ကို အကောင်အထည်ဖော်နေသော ထိုင်းနိုင်ငံအနေဖြင့် ကုန်သွယ်မှုတွင် Local currencies ကို ၁၅ ရာခိုင်နှုန်းထက် ပိုမိုအသုံးပြုလာတော့မည် ဖြစ်ပါသည်။

ဗဟိုဘဏ်သုံးခု ပူးပေါင်းဆောင်ရွက်ခြင်းက အမေရိကန်ဒေါ်လာကြောင့် ဖြစ်ပေါ်လာသော နိုင်ငံခြား ငွေကြေး မတည်ငြိမ်မှုကို သိသိသာသာ လျော့ကျစေမည်ဖြစ်သည်။ လက်ရှိအချိန်ကာလတွင် ထိုင်းနှင့် မလေးရှား နှစ်စဉ် နှစ်နိုင်ငံကုန်သွယ်မှုသည် ထိုင်းဘတ်ငွေ ၂၀ ဘီလီယံရှိပြီး ထိုင်းနှင့် အင်ဒိုနီးရှားတို့၏ နှစ်စဉ် နှစ်နိုင်ငံ ကုန်သွယ်မှု ပမာဏသည် ထိုင်းဘတ်ငွေ ၁၅ ဘီလီယံ ရှိပါသည်။ ပူးပေါင်းဆောင်ရွက်ရေး မူဘောင်ကို လက်မှတ် ရေးထိုးပြီးနောက် ဗဟိုဘဏ်များသည် ငွေဖြစ်လွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Regulations on Liquidity) ကို ဖြေလျှော့ကြမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ဖြေလျှော့ခြင်းက ကူးသန်းရောင်းဝယ်ရေးဘဏ်များကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။ ထို့နောက် ဘတ်နှင့် ရင်းဂစ် ငွေကြေးပေးချေမှုအတွက် သက်ဆိုင်ရာ ဘဏ်များ (Dealers for baht-ringgit settlements) ကို ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် ဘတ်-ရင်းဂစ်ပေးချေမှုကို ဆောင်ရွက်နိုင်မည့် ဘဏ်များအဖြစ် Bangkok Bank, CIMB, Kasikornbank နှင့် Maybank တို့ ပူးပေါင်း ဆောင်ရွက်ကြမည် ဖြစ်သည်။

**Source: nationmultimedia.com**

**သိန်းမြင့်ဝေ**

## နယ်စပ်ဒေသ ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးနှင့် စပ်လျဉ်း၍ အာရှဖွံ့ဖြိုးရေး ဘဏ် (ADB) နှင့် ဆွေးနွေးပွဲ ကျင်းပ

နယ်စပ်ဒေသကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေးနှင့် ပို့ကုန်သွင်းကုန် လုပ်ငန်းစဉ်များ ကြန့်ကြာမှု မရှိစေရန်အတွက် ကုန်သည်စက်မှုအသင်းချုပ်မှ ဦးဆောင်၍ အာရှဖွံ့ဖြိုးရေးဘဏ်၏ ဦးဆောင်စီစဉ်မှုဖြင့် International Trade Supply Chain Workshop Group ၏ ဒုတိယအကြိမ်မြောက် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက်က ကုန်သည်စက်မှုအသင်းချုပ်တွင် ကျင်းပခဲ့ကြောင်း UMFCCI ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။



အဆိုပါ ဆွေးနွေးပွဲတွင် သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်း၊ ကုန်သေတ္တာတင် မော်တော်ယဉ်များ အသင်းတို့က နယ်စပ်ဒေသတွင် လက်ရှိ ကြုံတွေ့နေရသော ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများအား တင်ပြခဲ့ကြသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အနေဖြင့် ကုန်သွယ်မှု လျှင်မြန်စေရေးနှင့်ပတ်သက်၍ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးအား ပညာပေးခြင်းများနှင့် သင်တန်းပေးခြင်း အစီအစဉ်များအား ၎င်းတို့၏ လေ့လာဆန်းစစ်မှုများအပေါ် မူတည်၍ ပြုလုပ်ပေးနေပြီး ရေရှည်တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ရည်ရွယ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အနေဖြင့် ကုန်သည်စက်မှုအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် International Trade Supply Chain Workshop Group အား ဩဂုတ်လ ၉ရက်က စတင်မိတ်ဆက်ခဲ့ပါသည်။

ဒုတိယအကြိမ်မြောက် ဆွေးနွေးပွဲတွင် ကုန်သွယ်မှုဆိုင်ရာ ပြဿနာများအား လျှင်မြန်စွာ အဖြေထုတ်နိုင်ရန်အတွက် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ၊ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး ဦးဆောင်သော အဖွဲ့ဝင်များ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ အသီးသီး တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## ရန်ကုန်စတော့အိတ်ချိန်းက ပထမပုဂ္ဂလိကဘဏ်ကို စာရင်းဝင်ကုမ္ပဏီအဖြစ် သတ်မှတ်

ရန်ကုန်စတော့အိတ်ချိန်း(YSX) သည် ပထမပုဂ္ဂလိကဘဏ်(First Private Bank Ltd.)ကို စာရင်းဝင်ကုမ္ပဏီ (Listed) အဖြစ် အတည်ပြုသတ်မှတ်လိုက်ကြောင်း ဒီဇင်ဘာလ ၃၀ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကဲ့သို့ စာရင်းဝင်ကုမ္ပဏီ ဖြစ်လာခဲ့သည့် ပထမပုဂ္ဂလိကဘဏ်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှ စတင်ကာ YSX တွင် ရှယ်ယာများအရောင်းအဝယ် ပြုလုပ်နိုင်မည်ဖြစ်ကြောင်း YSX ၏ကြေညာချက်တွင် ဖော်ပြထားသည်။

ပထမပုဂ္ဂလိကဘဏ်ကို ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်ကစတင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်တွင် အစုရှယ်ယာပေါင်း ၂၄၇၂၀၅၃ ဖြင့် အများပိုင် ကုမ္ပဏီအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။

ပထမပုဂ္ဂလိကဘဏ်သည် ဘဏ်၏ ပုံမှန်လုပ်ငန်းများဖြစ်သည့် ပြည်တွင်းဘဏ် လုပ်ငန်းများဖြစ်သည့် ငွေစုခြင်း၊ ရိုးရိုးချေးငွေ၊ စက်မှုဇုန် အထူးချေးငွေများနှင့် အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းများ၊ ငွေလွှဲဝန်ဆောင်မှုများကို ပြည်တွင်း၊ ပြည်ပဝန်ဆောင်မှုများ ပေးလျက်ရှိသည့်ဘဏ်ဖြစ်သည်။ ထို့ပြင် Western Union နှင့်ချိတ်ဆက်၍ ပြည်ပငွေလွှဲလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ပထမပုဂ္ဂလိကဘဏ်အနေဖြင့် အစုရှယ်ယာတစ်စုလျှင် ကျပ်သုံးသောင်းဖြင့် စတင်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

# ပုသိမ်မြို့တွင် ဂျပန်နိုင်ငံထုတ် မော်တော်ကားအရောင်းခန်းမသစ်ကို ပထမဦးဆုံး စတင်ဖွင့်လှစ်

ပုသိမ်မြို့၊ အမှတ်(၁၃)၊ လွန်ကန်ရပ်ကွက်၊ ပုသိမ်-မုံရွာလမ်းမကြီးဘေးတွင် ဂျပန်နိုင်ငံ Suzuki မှထုတ်လုပ်တဲ့ မော်တော်ကားသစ်များနှင့်အတူ Service Centre ကိုလည်း ပထမဦးဆုံး ပူးတွဲဖွင့်လှစ်ထားရှိကြောင်း ၎င်းကုမ္ပဏီမှ သိရပါတယ်။

နိုင်ငံတကာစံချိန်စံညွှန်း အရည်အသွေးမီ ကုမ္ပဏီမှထုတ်လုပ်ထားတဲ့ Suzuki ကားသစ်များရဲ့ ဆီစားနှုန်းမှာ တစ်လီတာလျှင် ပျမ်းမျှ(၁၀) မိုင်ခန့် မောင်းနှင်နိုင်ပြီး ခုံသုံးတန်း၊ Round Aircon ပါသော ERTIGA ကားသစ်များနဲ့အတူ ကိုယ်ထည်တောင့်တင်းခိုင်မာ စက်စွမ်းအားကောင်း၊ သင့်တင့်သော ဈေးနှုန်းသာရှိသည့် စူပါကယ်ရီ ကားသစ်များကိုလည်း ပိုင်ရှင်အမည်ပေါက် လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ ဘဏ်နဲ့ချိတ်ဆက်ပြီး အရစ်ကျစနစ်ဖြင့်လည်းကောင်း ဝယ်ယူနိုင်ပြီဖြစ်ကြောင်း၊ ၎င်းအပြင် စက်ရုံထုတ် စစ်မှန်သောအပိုပစ္စည်းများကိုလည်း ဝယ်ယူနိုင်၍ ပြုပြင်ထိန်းသိမ်းခြင်းဝန်ဆောင်မှုများကိုလည်း ကုမ္ပဏီမှဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ယခင်ကားအသစ်များကို ဝယ်ယူလိုလျှင် ရန်ကုန်မြို့သို့ သွားရောက်ရသောကြောင့် အချိန်ကုန်၊ ငွေကြေးကုန်ကျမှုများပြား၍ ယခုအခါ မိမိတို့မြို့သို့ ပြည်ပကုမ္ပဏီမှ လာရောက်ဖွင့်လှစ်၍ ရောင်းချပေးသည့်အတွက်လည်း ပုသိမ်မြို့နှင့် ဆက်စပ်မြို့များမှ ကားအသစ်ဝယ်ယူသူများ ပို၍အဆင်ပြေမှာဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားပါတယ်။

**မြစိန်(ပုသိမ်မြို့)**

# သဘာဝဘေးကြိုတင်သတိပေးမည့် Mobile Application ရှင်းလင်းဆွေးနွေး

သဘာဝဘေး သတင်းအချက်အလက်များရရှိနိုင်ရေးအတွက် DAN Mobile Application နှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဆိုင်ရာ သတင်းအချက်အလက်များကောက်ယူစုဆောင်းနိုင်ရေးအတွက် KOBO Mobile Application ရှင်းလင်းဆွေးနွေးပွဲကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒီဇင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးခန်းမတွင် ကျင်းပပြုလုပ်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် UNDP တို့ ပူးပေါင်း၍ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် သတိရှိနိုးကြားအသင့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သဘာဝဘေးကြိုတင်သတိပေးခြင်း Disaster Alert Notification (DAN) Application ကို မိုဘိုင်းဖုန်းဆိုင်များတွင် ပေးဝေထားပြီး ပြည်သူအားလုံးအခမဲ့ အလွယ်တကူအသုံးပြုနိုင်စေရန် ရှင်းလင်းဆွေးနွေး ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ DAN Application မှာ မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုများသည့် သဘာဝဘေးအန္တရာယ် ရှစ်မျိုးဖြစ်သော ရေ၊ မီး၊ မုန်တိုင်း၊ မိုးကြိုး၊ မိုးခေါင်ရေရှား၊ ငလျင်၊ ဆူနာမီ၊ မြေပြိုခြင်းများနှင့် စပ်လျဉ်းသည့် ပညာပေးကဏ္ဍ၊ ဘေးအန္တရာယ်မဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ဘေးအန္တရာယ်ကျရောက်နေချိန် တွင် ဆောင်ရွက်ရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ ဆက်သွယ်နိုင်ရန် အရေးပေါ် ဖုန်းနံပါတ်များ၊ မိုးလေဝသ သတင်းများကို ထည့်သွင်းဖော်ပြထားပြီး သတင်းများ ကြိုတင်သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ သတိပေးချက်များပေးပို့သွားမည်ဖြစ်ပါသည်။

ဘေးအန္တရာယ်ဖြစ်ပွားပြီဆိုပါက ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဆိုင်ရာ သတင်းအချက်အလက်များကို အဆိုပါ App မှတစ်ဆင့်ပေးပို့လိုက်ပါက သက်ဆိုင်ရာမှ စိစစ်ပြီး လိုအပ် သည့်အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ရာ KOBO ကို သက်ဆိုင်ရာတာဝန်ရှိသူများကိုသာ အသုံးပြုနိုင်ရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

**ရီလင်းထွန်း (မုံရွာ)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ မြောက်ပိုင်း၊ မိုးမခလမ်း | ၇၅၀ စ/ပေ | (၄) လွှာ | ၃၈၀ သိန်း | | ၀၉/၈၇၆၂၁၁၂၃ |
| ၂။ | တိုက်ခန်း | တာမွေမြို့နယ်၊ အုတ်ခွက်ဘုရားအနီး လမ်းသန့် | ၇၅၀ စ/ပေ | (၄) လွှာ၊ အခန်းဖွဲ့ | ၄၅၀ သိန်း | ရပ်ကွက်သန့် | ၀၉/၈၇၆၂၁၁၂၃ |
| ၃။ | တိုက်ခန်း | သဃ်န်းကျွန်းမြို့နယ်၊ ခ/ခ ရပ်ကွက် | ၆၀၀ စ/ ပေ | (၅) လွှာ | ၁၆၀ သိန်း | | ၀၉/၈၇၆၂၁၁၂၃ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊(၁၄/၂)ရပ်ကွက်၊ ဟသ်ာလမ်း | ၁၅၀၀ စ/ပေ | RC (၁)ထပ် | ၂၇၀၀ သိန်း | ရပ်ကွက်/လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၅။ | တိုက်ခန်း | ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ | ၁၂၀၀ စ/ပေ | မြေညီဟောလ်ခန်း | ၁၅၀၀သိန်း | ဆိုင်ဖွင့်နိုင် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | ကွန်ဒို | ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း | ၁၈၀၀ စ/ပေ | | ၃၂၀၀ သိန်း | | |
| ၇။ | မီနီကွန်ဒို | သဃ်န်းကျွန်းမြို့နယ်၊ ဆေးရုံလမ်းအနီး | ၁၀၀၀ စ/ပေ | | ၁၂၀၀ သိန်း | ပြင်ဆင်ပြီး ဓာတ်လှေကားပါ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်၊ ပြည်တော်သာလမ်းသွယ်(၄) | ၁၅၀၀ စ/ပေ | RC (၁) ထပ် | ၁၃၅၀ သိန်း | ရပ်ကွက်/လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ညောင်နီရွာ | (၄၀×၆၀) ပေ | ညောင်နီရွာမြေ | ၁၅၀ သိန်း | အုတ်ဝင်းခတ်ပြီး | ၀၉/၅၁၁၇၂၆၂ |

# Vietjet က တစ်ကီလိုဂရမ်အလေးချိန်ရှိ ရွှေသားလေယာဉ် လက်ဆောင်ပေးမည့် အထူးအရောင်းမြှင့်တင်ရေးတွင် လက်မှတ်တစ်စောင်လျှင် ကျပ်သုံးရာဖြင့် ရောင်းချပေးမည်




Vietjet လေကြောင်းလိုင်းသည် ၎င်း၏ ငါးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် Vietjet ဖြင့် ခရီးသွားသူများအား တစ်ကီလိုဂရမ် အလေးချိန်ရှိသည့်ရွှေသားလေယာဉ်ငယ်အား လက်ဆောင်ပေးမည့်အထူးအရောင်းမြှင့်တင်ရေးတွင် လေယာဉ်လက်မှတ် တစ်စောင်လျှင် ကျပ် ၃၀၀ဖြင့်ရောင်းချမည်ဖြစ်ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါလက်မှတ်များကို စောင်ရေငါးသန်းအထိ ရောင်းချပေးမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း www.vietjet. com တွင် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အထူးလျှော့ဈေးလက်မှတ်များဖြင့် Vietjet ၏ ဗီယက်နမ်နိုင်ငံတွင်းခရီးစဉ်နှင့် နိုင်ငံတကာခရီးစဉ်များဖြစ်သည့် ရန်ကုန်အပါအဝင် ဟောင်ကောင်၊ တိုင်ပေ၊ ကောင်းရှမ်၊တိုင်ရှောင်၊ တိုင်နန်(ထိုင်ဝမ်)၊ ဆိုးလ်နှင့် ဘူဆန် (တောင်ကိုရီးယား)၊ စင်ကာပူ၊ ဗန်ကောက်၊ ကွာလာလမ်ပူနှင့်ဆီယမ်ရိဒ် (ကမ္ဘောဒီးယား)စသည့်မြို့များသို့ ခရီးသွားလာနိုင်မည်ဖြစ်သည်။

သတ်မှတ်ထားသော ပရိုမိုးရှင်းကာလအတွင်း www.vietjet.comm မှတစ်ဆင့် လေယာဉ်လက်မှတ်ဝယ်ယူသူခရီးသည်များမှာ အပတ်စဉ်ပေးအပ်ချီးမြှင့်မည့် ၃ ဒသမ ၇၅ ဂရမ် အလေးချိန်ရှိ ရွှေသားနှင့် နောက်ဆုံးဆုကြီးအဖြစ် တစ်ကီလိုဂရမ် အလေးချိန်ရှိ ရွှေသားလေယာဉ်ငယ်တို့ ပါဝင်သည့် အထူးကံစမ်းမဲအစီအစဉ်တွင် ပါဝင်ကံစမ်းခွင့် ရရှိမည်ဖြစ်သည်။

ထို့ပြင် အဆိုပါပရိုမိုးရှင်းကာလအတွင်း Vietjet ခရီးစဉ်များပေါ်တွင် စီးနင်းလိုက်ပါကြမည့် ခရီးသည်အားလုံးအတွက်လည်း အခမဲ့အပြန်ခရီးစဉ်လက်မှတ်များကို Vietjet လေယာဉ်များပေါ်တွင် နေ့စဉ်မဲဖောက်ပေးသွားမည်ဖြစ်သည်။မော်ဒယ်လှပျိုဖြူများနှင့်တွေ့ဆုံ၍ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းစသည့်အခြားသောအစီအစဉ်များပါဝင်သည့်အပြင် ဗီယက်နမ်ပြည်တွင်းနှင့် နိုင်ငံတကာလေဆိပ်များတွင်လည်း စိတ်လှုပ်ရှားဖွယ်ဖျော်ဖြေတင်ဆက်မှုများဖြင့် ပျော်စရာခရီးသွားရာသီကို ဝမ်းမြောက်စွာ ကြိုဆိုကြမည်ဖြစ်သည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ(ဖီလ်ဒါ) (၂၀၁၀) | ယာယီ | ၂၀၀ သိန်း | ပဲခူးလိုင်စင်/1.5 ဓာတ်ဆီ |
| ၂။ | ပရိုဘောက် (၂၀၁၃) | ယာယီ | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | မာဇဒါ (၂၀၁၃) | ယာယီ | ၂၅၀ သိန်း | 2.5 ဒီဇယ် |
| ၄။ | တိုယိုတာခရောင်း (၂၀၀၃) | 9E | ၂၀၅ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | အာလ်ဖတ် (၂၀၀၃) | 7E | ၃၂၀ သိန်း | 2.4 ဓာတ်ဆီ |
| ၆။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ/မန်းလိုင်စင် |
| ၇။ | ဝှရှ် (၂၀၀၄) | 1J | ၂၁၀ သိန်း | 2.0 ဓာတ်ဆီ |
| ၈။ | အာတီဂါ | 3L | ၂၀၀ သိန်း | ရန်ကုန်လိုင်စင်/1.5 ဓာတ်ဆီ |
| ၉။ | အပ်ကား | | ၁၁၂ သိန်း | ကားလတ် |

# ဟိုပုံးမြို့ ကျောက်တန်းရွာတွင် ထောပတ်သီး စိုက်ပျိုးသူများ ဝင်ငွေကောင်း

ဟိုပုံးမြို့နယ်အတွင်းရှိ ကျောက်တန်းရွာသည် ထောပတ်သီးပင်များကို နေအိမ်ခြံစည်းရိုးများတွင် စိုက်ပျိုးကြသော်လည်း ထောပတ်သီးများ အများအပြားထွက်ရှိသည့် ရွာအဖြစ်နာမည်ကျော်ကြားသည့် ရွာတစ်ရွာဖြစ်သည်။

လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောက်တန်းကျေးရွာသို့ ထောပတ်ပျိုးပင် လေးသောင်းကို တောင်သူများထံ ပေးအပ်ခဲ့သည်။ ထောပတ်ပင်များအား ခြံစည်းရိုးတွင် ရိုးရာဓလေ့ထုံးစံအရ စိုက်ပျိုးခဲ့ရာမှ ခြံကျယ်များတွင်စိုက်ပျိုးသည့် အလေ့အထသို့ ကူးပြောင်းခဲ့ရာ ကျောက်တန်းရွာသည် ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ထောပတ်သီးရောင်းချရာတွင် ခြံပြတ်၊ အပင်ပြတ်ရောင်းချသူများ ရှိသကဲ့သို့ လက်လီရောင်းချသူများလည်း ရှိကြောင်း၊ ထောပတ်သီးများကို ခူးဆွတ်ရာတွင် ခေတ်မီနည်းစနစ်များကို အသုံးပြုလာခဲ့ကြကြောင်း သိရသည်။

ကျောက်တန်းရွာမှ ထောပတ်ခြံပိုင်ရှင် ဦးမန်းက "ဒီနှစ်မှာ ကျွန်တော့်ခြံက ကျပ် ၁၈ သိန်းဖိုး ရောင်းရပါတယ်။ လာမယ့်နှစ်အတွက် ငွေကျပ် ၃၅ သိန်းနဲ့ ကြိုတင်စာချုပ်ချုပ်ပြီး ဝယ်ယူသွားပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် ၂၀၁၇ ခုနှစ် ရာသီအတွက် ထောပတ်ပျိုးပင် လေးသောင်းခန့်ကို ထောပတ်စိုက်ပျိုးမည့် တောင်သူများထံသို့ ဖြန့်ဝေထားပြီးဖြစ်ကြောင်း ကျောက်တန်းရွာမှ ဦးလွန်းက ပြောကြားခဲ့သည်။

တောင်ကြီးခရိုင်အတွင်း ထောပတ်သီးစိုက်ဧက ၄၀၀ မှ ၁၀၀၀ ကြား ရှိကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသည် ဒီဇင်ဘာ ၁၈ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၊ ကျောက်တန်းရွာတွင် စိုက်ပျိုးထားသော ထောပတ်သီးခြံများ၏ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

**စောမောင်(တောင်ကြီး)**

# ရေထွက်ပစ္စည်းလုပ်ငန်းကဏ္ဍ ညှိနှိုင်းအစည်းအဝေးကျင်းပ

အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) ၏ ဦးစားပေး ကဏ္ဍများအနက် တစ်ခုအပါအဝင်ဖြစ်သော ရေထွက်ပစ္စည်း လုပ်ငန်းကဏ္ဍ၏ Working Group အစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပဉ္စမထပ်၊ အမျိုးသားပို့ကုန် မဟာဗျူဟာရုံးအဖွဲ့ အစည်းအဝေး ခန်းမတွင် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးနေဆန်း၊ အမျိုးသား ပို့ကုန်မဟာဗျူဟာ Program manager ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းဌေး၊ ရေထွက်ပစ္စည်း လုပ်ငန်းကဏ္ဍ၏ Working Group ၏ အဖွဲ့ဝင်များဖြစ်ကြသည့် ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်၊ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းမြင့် နှင့် NES ရုံးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရေထွက်ပစ္စည်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်း အဆိုပြုလွှာ (Project



Proposal) များနှင့်ပတ်သက်၍ Sustainable Acquaculture Development in Myanmar ခေါင်းစဉ်အောက်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပြီး အချက်အလက် မှုကြမ်းများကို ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**NESUnit**

# ပုသိမ်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ၊ ပုသိမ်မြို့မဈေးအတွင်း ရှောင်တခင်စစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက်က ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်အားလုံး စုံညီစွာတက်ရောက်ခဲ့ကြပါတယ်။

အစည်းအဝေး၌ ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက အဖွင့်အမှာစကား ပြောကြား ခဲ့ပြီး၊ အတွင်းရေးမှူး ဦးစိုးဦးက အထက်ဌာန၏ လမ်းညွှန်မှာကြားချက်များ၊ ပထမအကြိမ် အစည်းအဝေး၏ ဆုံးဖြတ်ချက်များအား လိုက်နာဆောင်ရွက် ပြီးစီးမှု၊ ဆောင်ရွက်ရန် ကျန်ရှိနေမှုများ၊ ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသော အဖွဲ့ဝင်များက အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။

ဆက်လက်၍ ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များသည် ပုသိမ်မြို့၊ မြို့မဈေးအတွင်းဈေး၊ ဈေးတန်း၊ ကုန်စုံဆိုင်များတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တားမြစ်ထားသည့် အာဖလာတောက်ဆင် မှိုဆိပ်တစ်မျိုး ပါဝင်နေသည့် စပယ်ဦး၊ ရွှေ ရတနာ၊ မူမူဆွေ၊ ဖိန်ဖိန် အမှတ်တံဆိပ်ပါ ငရုတ်သီးမှုန့်များ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ/မရှိ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကာ စားသုံးသူ ပြည်သူများအတွက် စားသောက်ကုန်များနှင့် ပတ်သက်၍ လုံခြုံမှုရှိစေရန် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မောင်ပုသိမ်**

# ကသာခရိုင်ထွက် ကျွဲကောသီးများ ဈေးကောင်းရလို့ စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်သင့်

ကသာခရိုင်အတွင်းရှိ မြို့နယ်များမှာ ကျွဲကောသီးကို ဥယျာဉ်ခြံကြီးများနဲ့ အများအပြားစိုက်ပျိုးမှုမရှိဘဲ အိမ်ဝင်းခြံဝင်းများမှာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြတာ တွေ့ရပါတယ်။ ကသာခရိုင်ရဲ့ ရေမြေသဘာဝအရ ကျွဲကောသီးစိုက်ပျိုးဖြစ်ထွန်းပြီး အလုံးလှ အရသာကောင်းမွန်ပါတယ်။ နှစ်စဉ် ဒီဇင်ဘာ၊ ဇန်နဝါရီလမှာ ကုန်သည်များ လာရောက်ဝယ်ယူကြပြီး မန္တလေး၊ ရွှေဘို၊ မုံရွာ ဈေးကွက်သို့ တင်ပို့နေကြောင်း ဈေးကွက်မှ သိရပါတယ်။

ကျွဲကောပင်မှာ နှစ်ရှည်သီးနှံဖြစ်ပြီး ပြည်ပပို့ကုန်ဖြစ်တဲ့အတွက် ရေရှည်အကျိုးဖြစ်ထွန်းတဲ့ သီးနှံဖြစ်ပါတယ်။ ကျွဲကောပင် သက်တမ်းမှာ ၁၅ နှစ် ဖြစ်ပါတယ်။ စိုက်ပျိုးချိန်မှ ၁၀ နှစ်ဆို အသီးစသီးပြီး ငါးနှစ်တိုင် အကျိုးခံစားရမှာ ဖြစ်ပါတယ်။ လက်ရှိ ဒေသဈေး တစ်လုံး ၅၀၀ ကျပ်ရှိပြီး မန္တလေးဈေးကွက်မှာ ၈၀၀ ကျပ်မှ ကျပ် ၂၀၀၀ အထိ ရောင်းရတယ်လို့ ဈေးကွက်မှ သိရပါတယ်။ ကျွဲကောသီးစားသုံးခြင်းဖြင့် လူ့ခန္ဓာကိုယ်ရဲ့ ကျန်းမာရေးကောင်းကျိုး ၁၀ မျိုးရရှိလို့ လူအများ ကြိုက်နှစ်သက်စွာ စားသုံးကြပါတယ်။ ရေမြေရာသီနဲ့ ကိုက်ညီ၊ ကုန်ထုတ်လမ်းများလည်း ကောင်းမွန်၊ ဈေးကွက်ခိုင်မာပြီး လူကြိုက်များတဲ့ သီးနှံဖြစ်လို့ ဥယျာဉ်ခြံများဖြင့် စိုက်ပျိုးထုတ်လုပ်ပါက အကျိုးဖြစ် ထွန်းနိုင်တယ်လို့ ကျွဲကောသီးကုန်သည်များထံက သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 17, No.1 Monday January 2 2017


## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂-၁-၂၀၁၇ မှ ၈-၁-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** မိမိကြိုးစားလုပ်ကိုင်သမျှ အရာထင်အောင်မြင်မှုရလာတတ်သည်။ သယံဇာတပစ္စည်းများနှင့် ပတ်သက်ပြီး အောင်မြင်မှုရရှိတတ်ပါသည်။ ပညာရေးတွင် မှတ်ဉာဏ်သွက်လက်နေလိမ့်မည်။ ကျန်းမာရေးကောင်းမွန်မှုရှိနေမည်။ အိမ်ထောင်ရေးတွင် စိတ်ဓာတ်ကင်းကွာနေတတ်သည်။ မေတ္တာရေးပဋိပက္ခဖြစ်နေတတ်သည်။

**ယတြာ။ ။အုန်းထမင်းလှူဒါန်းပေးပါ။**




**တနင်္လာသားသမီးများအတွက်** စီးပွားရေး အောင်မြင်လာပြီးမှ စိတ်ရှုပ်ထွေးစရာတွေ့ရတတ်သည်။ အလှကုန်လုပ်ငန်း၊ ရေမွေးလုပ်ငန်း၊ အမျိုးသမီးအလှပြုပြင်ရေးလုပ်ငန်းများ၊ အဆင်ပြေတိုးတက်မှုရှိနေမည်။ စာမေးပွဲအတွက် အဆင်ပြေရန်အလားအလာ ကောင်းနေမည်။ ကျန်းမာရေးပြည့်စုံမှုရှိနေမည်။ အားကစားဝါသနာ ပါရှိနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ငွေကြေးပြည့်စုံသူနှင့် အိမ်ထောင်ပြုရတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် သပြေ(၇)ညွန့်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ငွေကြေးကံကောင်းနေမည်။ အလုပ်အကိုင်တိုးတက်ကောင်းမွန်နေမည်။ ပညာရေးနှင့်ပတ်သက်၍ ဖျတ်လတ်သွက်လက်ခြင်းနှင့် ဉာဏ်ထက်မြက်ခြင်းရှိနေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစားအသောက်မှားယွင်းသဖြင့် အစာအဆိပ်သင့်ခြင်း၊ ဆေးသောက်မှားသဖြင့်လည်း ဆေးအဆိပ်သင့်ခြင်းဖြစ်တတ်ပါသည်။ မိမိချစ်သူအပေါ် အတ္တထားခြင်းဖြင့် ဝေးကွာတတ်ပါသည်။

**ယတြာ။ ။ ဘာသာတရားကိုလေ့လာပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်အကိုင်ကောင်းပြီး စီးပွားတိုးတက်အောင်မြင်လာပါလိမ့်မည်။ ရေနှင့်ရေထွက်သီးနှံများအကျိုးပေးပါသည်။ ပညာရေးကို ထွန်းပေါက်အောင်ကြိုးစားသင့်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီးရောဂါဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စကားနှင့်စစ်ထိုးနေရတတ်သည်။

**ယတြာ။ ။ဘုရား၊ ရဟန္တာကို ရေသပ္ပာယ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် လောဘကြီးနေတတ်ပါသည်။ မိမိဖြတ်သန်းခဲ့သော ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုသာဖြစ်သည်ကို သတိမူမိလျှင် မိမိဆင်ခြင်နိုင်လျှင် ဘဝတွင်တိုးတက်အောင်မြင်နိုင်မည်မှာ ဧကန်မုချဖြစ်ပါသည်။ ကျန်းမာရေး၊ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး များ ကောင်းနေမည်။

**ယတြာ။ ။ဘုရားဖူးခရီးထွက်လိုက်ပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းရင်းနှီးမြှုပ်နှံမှုများမှ ဆုံးရှုံးနစ်နာမှုများ ရှိတတ်သည်။ ရတနာရောင်းဝယ်ခြင်း၊ ပန်းထိမ်လုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် လုပ်ငန်းခွင်သုံး သဘောတရားပညာရပ်တို့နှင့် အဆင်ပြေမည်။ ကျန်းမာရေးတွင် ခန္ဓာကိုယ်ပင်ပန်း၍ အားအင်ကုန်ခန်းချိနဲ့နွမ်းနယ်သော ရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ ။သံဃာတော်များနှင့် သက်ကြီးရွယ်အိုတို့အား ဆေးလှူပေးပါ။**



**စနေသားသမီးများအတွက်** အပေါင်းအသင်းများနှင့် တွဲဖက်၍ စီးပွားရေးလုပ်ငန်းတို့ လုပ်ကိုင်နေရတတ်သည်။ ကျန်းမာရေးတွင် ဦးခေါင်း၊ အာရုံကြောဝေဒနာများရရှိခံစားရ တတ်သည်။ အချစ်ရေးတွင် ခင်တွယ်သံယောဇဉ်ရှိသူ ပေါ်များနေမည်။ အိမ်ထောင်ရေး သာယာနေမည်။

**ယတြာ။ ။ အုတ်၊ သဲ၊ ကျောက်လှူပါ။**

# ရေးမြို့တွင် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ရေးမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၊ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာအသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက်က ရေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင်ရေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ရေးမြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါက်တာမေစန်းချိုက ဆေးနှင့် ဆေးပစ္စည်း၊ အလှကုန်ဖြန့်ဖြူးရောင်းချသူများအတွင်း ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရေးနှင့် ထိန်းညှိဆောင်ရွက်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာခေါင်းစဉ်ဖြင့် လည်းကောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဌာနခွဲတာဝန်ခံ ဒုတိယ ဦးစီးမှူး ဦးနေဇင်သက်က ထုတ်ကုန်လုံခြုံစိတ် ချရမှုဆိုင်ရာ သိကောင်းစရာများနှင့် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ် ရန်လိုအပ်လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ရေးမြို့နယ်အတွင်းရှိ ဆရာ/ဆရာမများ၊ ဒေသခံ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ စုစုပေါင်း ၁၀၂ ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မိုးမိုး(မွန်)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို ဒီဇင်ဘာ ၂၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်များ၊ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီနဲ့ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ ကော်မတီမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က ဒီဇင်ဘာ ၂၈ ရက်တွင် နေပြည်တော်၌ကျင်းပမည့် ဗဟိုကော်မတီ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးနိုင်ရန်အတွက် ဝိုင်းဝန်းဆွေးနွေးပေးရန် ဖိတ်ခေါ်ပါသည်။ ထိုဆွေးနွေးပွဲတွင် စားသုံးသူတစ်ဦးက တိုင်ကြားလာသည့် လုံခြုံစိတ်ချရမှုမရှိသည့် ရေသန့်ကိစ္စနှင့်ပတ်သက်၍ လည်းကောင်း၊ ယခင်တစ်ပတ်က ဈေးကွက်အတွင်း ကုန်အမှတ်တံဆိပ်ပါရှိပြီး ဈေးနှုန်းအရဖြစ်နိုင်ခြေမရှိသည့် သံသယရှိသော ပဲဆီသန့်ကိစ္စကိုလည်းကောင်း အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပါ သည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ကော်မတီနှစ်ရပ်မှ အဖွဲ့ဝင်များဖြစ်ကြသည့်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာဒေါ်ခိုင်ရွှေရည်အောင်၊ ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြင့်၊ ဟိုတယ်ခရီးမှ ဦးစီးမှူး ဦးနေဝင်းလှိုင်၊ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အင်ဂျင်နီယာ ဒေါ်သန်းသန်းထွေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး မုံရွာစက်မှုဇုန်ဥက္ကဋ္ဌ ဦးစိုးမင်းနှင့် ပညာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းကျော်တို့က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က ဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**တင်တင်မိုး-မုံရွာ**

# လားရှိုးကွန်ပျူတာတက္ကသိုလ်နှင့်နည်းပညာတက္ကသိုလ်တို့တွင် စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြောဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်း ဦးဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက်က လားရှိုးမြို့၊ ကွန်ပျူတာတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် တက္ကသိုလ်ဆရာ/ဆရာမများနှင့် တက္ကသိုလ် ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၃၁၅ ဦးကို လည်းကောင်း၊ ဒီဇင်ဘာ ၂၇ ရက်က လားရှိုးမြို့၊ နည်းပညာတက္ကသိုလ်ရှိ သိပ္ပံရတနာခန်းမတွင် တက္ကသိုလ် ဆရာ/ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၂၄၄ ဦး တို့ကိုလည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး လက်ကမ်းစာစောင်များဖြန့်ဝေ၍ အသိပညာပေးဟောပြောခဲ့ပါသည်။

ဟောပြောဆွေးနွေးရာတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင်ပြည်ထောင်စုလွှတ်တော် အမှတ်(၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ အခန်း (၁၂)၊ ပုဒ်မ(၃၁) ခုပါရှိကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် စားသုံးသူတို့၏ အခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များ၊ တားမြစ်ချက်များနှင့် စားသုံးရန်မသင့်သော အစားအစာများ၊ စံမမီ စားသောက်ကုန် များအကြောင်း၊ သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေး အသုံးပြုပုံများအကြောင်း၊ ကုန်ပစ္စည်း/အလှကုန်များဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့် အချက်များတို့ကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဟောပြောဆွေးနွေးခဲ့ပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**



## မြို့ကြီးများ၏ ၂-၁- ၂၀၁၇ မှ ၆-၁- ၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂-၁-၂၀၁၇) | အင်္ဂါ(၃-၁-၂၀၁၇) | ဗုဒ္ဓဟူး(၄-၁-၂၀၁၇) | ကြာသပတေး(၅-၁-၂၀၁၇) | သောကြာ(၆-၁-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၇၀% ၂၇˚C/၈၀˚F | ၇၀% ၂၆˚C/၇၈˚F | ၆၀% ၂၇˚C/၈၀˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၃၀˚C/၈၆˚F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | ၅၀% ၂၈˚C/၈၃˚F | ၇၀% ၂၈˚C/၈၂˚F | ၄၀% ၃၁˚C/၈၇˚F | နေသာ ၃၂˚C/၉၀˚F |
| မန္တလေးမြို့ | ၅၀% ၂၈˚C/၈၂˚F | ၇၀% ၂၅˚C/၇၇˚F | ၆၀% ၂၆˚C/၇၉˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၈˚C/၈၂˚F |
| မြစ်ကြီးနား | နေသာ ၂၈˚C/၈၂˚F | ၄၀% ၂၃˚C/၇၄˚F | တိမ်အသင့်အတင့် ၂၃˚C/၇၄˚F | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၆˚C/၇၈˚F |
| လားရှိုး | ၈၀% ၂၄˚C/၇၆˚F | ၈၀% ၁၈˚C/၆၅˚F | ၇၀% ၂၀˚C/၆၈˚F | နေသာ ၂၃˚C/၇၃˚F | နေသာ ၂၄˚C/၇၅˚F |
| ကျိုင်းတုံ | ၉၀% ၂၀˚C/၆၈˚F | ၇၀% ၁၉˚C/၆၇˚F | ၇၀% ၂၀˚C/၆၈˚F | ၃၀% ၂၃˚C/၇၄˚F | တိမ်အသင့်အတင့် ၂၅˚C/၇၇˚F |
| လွိုင်ကော် | ၈၀% ၂၁˚C/၇၀˚F | ၇၀% ၂၁˚C/၆၉˚F | ၇၀% ၂၁˚C/၇၀˚F | ၄၀% ၂၃˚C/၇၄˚F | တိမ်အသင့်အတင့် ၂၅˚C/၇၇˚F |
| တောင်ကြီး | ၈၀% ၁၇˚C/၆၂˚F | ၈၀% ၁၆˚C/၅၉˚F | ၇၀% ၁၇˚C/၆၂˚F | တိမ်အသင့်အတင့် ၁၉˚C/၆၆˚F | နေသာ ၂၁˚C/၆၉˚F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၃˚C/၉၂˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | ၆၀% ၂၉˚C/၈၅˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၂˚F |
| ဘားအံ | နေသာ ၃၃˚C/၉၂˚F | ၃၀% ၃၁˚C/၈၈˚F | ၆၀% ၂၉˚C/၈၅˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၄˚C/၉၃˚F |
| တောင်ငူ | ၄၀% ၂၇˚C/၈၁˚F | ၄၀% ၂၇˚C/၈၀˚F | ၇၀% ၂၇˚C/၈၁˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F |
| မုံရွာ | နေသာ ၂၉˚C/၈၄˚F | ၃၀% ၂၆˚C/၇၈˚F | တိမ်အသင့်အတင့် ၂၆˚C/၇၈˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၈˚C/၈၂˚F |
| ပုသိမ် | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | ၇၀% ၂၆˚C/၇၉˚F | ၇၀% ၂၈˚C/၈၂˚F | တိမ်ထူထပ် ၃၀˚C/၈၆˚F | နေသာ ၃၁˚C/၈၈˚F |
| မြိတ် | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | ၄၀% ၃၂˚C/၈၉˚F | ၈၀% ၃၂˚C/၈၉˚F | ၈၀% ၃၂˚C/၉၀˚F | ၆၀% ၃၂˚C/၉၀˚F |
| စစ်တွေ | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | ၃၀% ၂၈˚C/၈၃˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၅˚F |
| မကွေး | တိမ်ထူထပ် ၂၇˚C/၈၁˚F | ၈၀% ၂၅˚C/၇၇˚F | ၅၀% ၂၇˚C/၈၀˚F | နေသာ ၂၈˚C/၈၃˚F | တိမ်အသင့်အတင့် ၂၈˚C/၈၃˚F |
| ဖလမ်း | ၄၀% ၁၈˚C/၆၅˚F | ၄၀% ၁၇˚C/၆၂˚F | တိမ်အသင့်အတင့် ၁၇˚C/၆၃˚F | တိမ်အသင့်အတင့် ၁၇˚C/၆၃˚F | နေသာ ၁၉˚C/၆၆˚F |



## ချီလီနိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ်ခတ်

ချီလီနိုင်ငံတောင်ပိုင်းရှိ ကမ်းခြေဒေသများတွင် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက အင်အားရစ်ချ်တာစကေး ၇ ဒသမ ၆ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သည့်ငလျင် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံ ဘူမိဗေဒ တိုင်းတာရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင်မူ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိသည်ဟု ဆိုသည်။

အဆိုပါ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ပြီးနောက် ပစိဖိတ်ဆူနာမီသတိပေးရေး စင်တာက ချီလီနိုင်ငံနှင့် မိုင် ၆၂၀ အတွင်း ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုမရှိသကဲ့သို့ လူသေဆုံးမှုလည်း မရှိကြောင်းဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ခဲ့သော်လည်း လူမှုကွန်ရက်စာမျက်နှာများထက်တွင်မူ လမ်းများ ပျက်စီးခြင်း၊ လူနေအိမ်များပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်ကို ဖော်ပြထားသည်။

ထို့ပြင် ငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူ ၅၀၀၀ ခန့်မှာ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြသော်လည်း ညနေပိုင်းတွင် ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသည်များ အများဆုံး လာရောက်ရာဒေသဖြစ်သည့် ချီလီနိုင်ငံ၏ Quellon တွင် တံတားများ၊ လမ်းများ ပျက်စီးခဲ့ကြောင်း မျက်မြင်တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ချီလီနိုင်ငံတောင်ပိုင်းရှိ အစိုးရပိုင်ရေနံချက်စက်ရုံမှာ ပုံမှန်အတိုင်းပင် လည်ပတ်လျက်ရှိကြောင်း၊ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်မှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း အစိုးရပိုင်ရေနံချက်စက်ရုံမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Enap က ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတောင်ပိုင်းရှိ ပွာတိုရီမွန့်တ်လေဆိပ်သည်လည်း ပျက်စီးမှုလုံးဝမရှိဘဲ ပုံမှန်အတိုင်း လည်ပတ်လျက်ရှိကြောင်း လေဆိပ်မှ အာဏာပိုင်များက ပြောကြားခဲ့သည်။

ချီလီနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်က အင်အားရစ်ချ်တာစကေး ၈ ဒသမ ၈ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သည့်ငလျင် လှုပ်ခတ်ခဲ့စဉ်က နိုင်ငံ့သမိုင်းတွင် လူအသေအပျောက် အများဆုံးဖြစ်ခဲ့သည်။ **မယ်သီတာ**

## အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အင်အားပြင်းငလျင်လှုပ်ခတ်


အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဒီဇင်ဘာ ၃၀ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်သွားခဲ့ကြောင်း စီအန်န်အန်န်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါငလျင်သည် အင်ဒိုနီးရှားနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည် အများဆုံးလာရောက်ကြသည့်နေရာတစ်နေရာဖြစ်သည့် ဘာလီကျွန်းတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်သည် ဘာလီကျွန်း၊ တိုလိုတန်ဂါရွာ၏တောင်ဘက် ၃၃ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကျွန်းပေါ်တွင် သွားလာနေကြသည့် ကမ္ဘာလှည့်ခရီးသည်များနှင့်ပြည်သူများမှာ အလန့်တကြား ထွက်ပြေးခဲ့ကြကြောင်း၊ ငလျင်လှုပ်ခတ်မှု ငြိမ်သွားမှသာ ၎င်းတို့သွားလိုရာဒေသများသို့ သွားလာခဲ့ကြကြောင်း ဘာလီရှိဒေသဆိုင်ရာ အာဏာပိုင်တို့က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၇ ရက်ကလည်း အင်ဒိုနီးရှားနိုင်ငံ၊ အာချေးပြည်နယ်တွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ လူ ၁၀၀ ကျော်သေဆုံးခဲ့သည်။

ဘာလီတွင်ငလျင်မလှုပ်မီတစ်ရက် အလို




ဒီဇင်ဘာ ၂၉ ရက်က နယူးဇီလန်နိုင်ငံတွင် အင်အားရစ်ချ်တာ စကေး ၅ ဒသမ ၅ အဆင့်ရှိ ငလျင် လှုပ်ခတ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် မီးတောင်စက်ကွင်းအတွင်း ကျရောက်နေသည့်နိုင်ငံများဖြစ်ရာ ငလျင်လှုပ်ခတ်မှုများသည် မီးတောင်များ၏ လှုပ်ရှားမှုများကြောင့် ဖြစ်နိုင်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၄ ခုနှစ်က အင်အား ရစ်ချ်တာစကေး ၈ ဒသမ ၉ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သည့်ငလျင် လှုပ်ခတ်မှုကြောင့် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ခဲ့ကာ လူပေါင်း ၂၃၀၀၀၀ ကျော်သေဆုံးခဲ့ရသည်။ **မယ်သီတာ**

# ရေရှားပါးသည့်ဒေသများတွင် သန့်ရှင်းပြည့်ဖြိုး ရေအကျိုးအစီအစဉ်အရ MPT က ရေတွင်းရေကန်များ တူးဖော်ပေးမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် သန့်ရှင်းသော သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသည့် နိုင်ငံတစ်ဝန်းရှိ ဒေသများအတွက် ရေရရှိစေရန်ရည်ရွယ်၍ 'သန့်ရှင်းပြည့်ဖြိုး ရေအကျိုး'အစီအစဉ်အရ ရေတွင်းရေကန်များ တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေတွင်းရေကန်များ တူးဖော်ခြင်းလုပ်ငန်းများအတွက် MPT က ကျပ်သိန်းပေါင်း ၂၁၀၀ ကျော်ကို အသုံးပြုသွားမည်ဖြစ်ပြီး သောက်သုံးရေ ရှားပါးသည့်ဒေသများ၏ရေအခက်အခဲများကို ကူညီဖြေရှင်းသွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို Network Activites Group(NAG), Bridge Asia Japan(BAJ) တို့နှင့် ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းအစီအစဉ်၏ကနဦး လှုပ်ရှားမှုအဖြစ် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဦးစားပေး၍ လုပ်ဆောင်သွားမည်ဖြစ်သည်။ အထူးသဖြင့် မကွေး တိုင်းဒေသကြီး ရွာဟောင်းကန်ရွာတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရွာဟောင်းကန်ရွာသည် လူဦးရေပေါင်း ၁၆၀၀ ကျော်နေထိုင်သည့် ရွာကြီးတစ်ရွာ ဖြစ်ပြီး နှစ်စဉ် သောက်သုံးရေရှားပါးသည့်ဒဏ်ကို ခံစားနေရသည့် ရွာကြီး တစ်ရွာဖြစ်သည်။



MPT-KSGM Joint Operation မှ Chief Operation Officer ဖြစ်သူ Mr. Yoshiaki Benino က "ရေဟာ အသက်ပါပဲ။ ဒီလိုအသက်တမျှ အရေးကြီးလှတဲ့ ရေအရင်းအမြစ်ကို မြန်မာနိုင်ငံရှိ ပြည်သူအများအပြားက လိုအပ်နေကြပါတယ်။ ဒါကြောင့် MPT က နိုင်ငံအနှံ့အပြားမှာ ရေလိုအပ်နေတဲ့နေရာတွေကို ကူညီထောက်ပံ့ဖို့အတွက် သန့်ရှင်းပြည့်ဖြိုး ရေအကျိုး အစီအစဉ်ကို ဆောင်ရွက်ခဲ့တာပါ။ ဒေသခံတာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ငွေသိန်း ၂၁၀၀ ကို ရင်းနှီးမြှုပ်နှံပြီးရေလိုအပ်တဲ့ နေရာမှာ သန့်ရှင်းတဲ့ သောက်သုံးရေရရှိနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

MPT အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့အပါအဝင် တစ်နိုင်ငံလုံးရှိ ရေရှားပါးသည့်ဒေသများကို ရွေးချယ်ပြီး ရေတွင်းရေကန်များ တူးဖော်ကာ ကူညီရန်အတွက် ဒေသခံပြည်သူများ၊ သက်ဆိုင်ရာအာဏာပိုင်များနှင့်ပူးပေါင်း၍ လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ■

# နိုင်ငံခြားငွေလဲလှယ်နှုန်းများ တည်ငြိမ်စေရေးအတွက် ကုန်သည်စက်မှုအသင်းချုပ် အကြံပြုမည်

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်းများ တည်ငြိမ်စေရေးအတွက် နိုင်ငံတော်အစိုးရသို့ အကြံပြုတင်ပြမည်ဖြစ်ကြောင်း UMFCCI ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာငွေကျပ်တန်ဖိုးသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အဆိုပါ နိုင်ငံခြားငွေကြေးလဲလှယ်နှုန်းများ မြင့်တက်နေခြင်း အခြေအနေသည် မြန်မာ့စီးပွားရေးကဏ္ဍအပေါ် ထိခိုက်စေမှုများ ဖြစ်ပေါ်စေလျက်ရှိပြီး ပြည်တွင်း၌ အထွေထွေ ကုန်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း၊ ထို့ကြောင့် ငွေလဲနှုန်းများ ပြန်လည်တည်ငြိမ်လာစေရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်မှ နိုင်ငံတော်အစိုးရသို့ အကြံပြုတိုက်တွန်းချက်များ ပါဝင်သည့် အစီရင်ခံစာကို ပေးပို့မည်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကုန်သည်စက်မှု အသင်းချုပ်အနေဖြင့် နိုဝင်ဘာလ ၂၃ ရက်တွင် အသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းရှင်များအသင်း၊ ပုဂ္ဂလိက ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် တစ်ကြိမ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် အသင်းချုပ်အကြံပေးပုဂ္ဂိုလ်များနှင့် တစ်ကြိမ်တွေ့ဆုံကာ နိုင်ငံခြား ငွေလဲလှယ်နှုန်း မြင့်တက်နေခြင်း အခြေအနေ၊ အကြောင်းအရင်းများနှင့် တည်ငြိမ်စေရေးအတွက် ဆောင်ရွက်ရမည်များကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲများ၏ ရလဒ်များကို အခြေခံပြီး နိုင်ငံတော်အစိုးရ၏ ရေတိုရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပြုပြင်ပြောင်းလဲမှု များကို စနစ်တကျပြုစုကာ အကြံပြုစာ ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိငွေလဲနှုန်းများ မြင့်တက်နေခြင်းသည် မြန်မာ့ဈေးကွက်အတွင်း နိုင်ငံခြားငွေ ဝယ်လိုအားနှင့် ရောင်းလိုအား ကွာဟမှု မြင့်မားနေခြင်းကြောင့် အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာကာ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာသောကြောင့်ဖြစ်ကြောင်း၊ အဓိက အကြောင်းရင်းများအားဖြင့် ကုန်သွယ်မှုလိုငွေ မြင့်မားနေခြင်း၊ တရားမဝင် ငွေကြေးဈေးကွက်အား ကောင်းနေခြင်းနှင့် ဒေါ်လာဈေးကစားကြသူများကြောင့်ဖြစ်ကြောင်း UMFCCI ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

UMFCCI မှ နိုင်ငံတော်အစိုးရသို့ ပေးပို့မည့် အကြံပြုတိုက်တွန်းချက်များတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ တည်ငြိမ်လာစေရေးအတွက်ငွေကြေးဈေးကွက်ဆိုင်ရာအကြံပြုချက်၊ နိုင်ငံခြားငွေများ ပိုမိုရရှိလာစေရေး အကြံပြုချက်၊ ကျပ်ငွေ ဝယ်လိုအားမြှင့်တင်ရေးအကြံပြုချက်၊ ပို့ကုန်-သွင်းကုန်ဆိုင်ရာ အကြံပြုချက်၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုချက်များ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် UMFCCI အနေဖြင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းများ တည်ငြိမ်လာစေရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ ပိုမို ကျယ်ပြန့်၍ ပိုမိုထိရောက်သော မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်၊ တိုက်တွန်းချက်များဖြင့် နိုင်ငံတော်အစိုးရအား ပံ့ပိုးနိုင်ရန် မြန်မာ့စီးပွားရေးကဏ္ဍအားလုံးမှ အသင်းအဖွဲ့များ၊ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို မကြာမီ ကျင်းပသွားမည်ဖြစ်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ်မှ ဦးဆောင်ကာ ကမ္ဘာ့ဈေးကွက်အတွင်း မြန်မာ့ထုတ်ကုန်များ ခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် တိုးချဲ့ကူညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

# သီလဝါအထူးစီးပွားရေးဇုန်တွင် စူပါဟိုတယ်၊ မက်စ်အင်နာဂျီ ကုမ္ပဏီနှင့် မြင့်မြတ်ထွန်းခေါင်ကုမ္ပဏီတို့ လုပ်ကိုင်ခွင့်ရရှိ

MTSH(Myanmar Thilawa SEZ Holding Public Limited)၏ ကုမ္ပဏီခွဲဖြစ်သည့် Thilawa Property Development Limited က သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံစီမံကိန်းနေရာတွင် ဟိုတယ်လုပ်ငန်းနှင့် စက်သုံးဆီ အရောင်းဆိုင်လုပ်ငန်းများ ဖွင့်လှစ်ရန် စီစဉ်လျက် ရှိသည်။

အဆိုပါလုပ်ငန်းများနှင့် စပ်လျဉ်း၍ Thilawa Property Development Limited အနေဖြင့် နိုင်ငံပိုင် သတင်းစာများနှင့် ပုဂ္ဂလိကပိုင် သတင်းစာများမှတစ်ဆင့် ပြည်တွင်းပြည်ပရှိ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လိုသူများအား ပွင့်လင်းမြင်သာစွာ ဖိတ်ခေါ်ခဲ့သည်။

ဟိုတယ်လုပ်ငန်းများအတွက် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်က တင်ဒါဖိတ်ခေါ်ခဲ့ရာ မြန်မာကုမ္ပဏီ ၁၁ ခု၊ စင်ကာပူကုမ္ပဏီ နှစ်ခု၊ ဂျပန် ကုမ္ပဏီတစ်ခု၊ ဖိလစ်ပိုင်ကုမ္ပဏီ တစ်ခု၊ ထိုင်ဝမ် ကုမ္ပဏီတစ်ခုနှင့် တရုတ်ကုမ္ပဏီ တစ်ခု၊ စုစုပေါင်းကုမ္ပဏီ ၁၇ ခုမှ တင်ဒါလျှောက်လွှာများ လာရောက် ထုတ်ယူခဲ့သည်။

အဆိုပါကုမ္ပဏီများအနက် ဂျပန်နိုင်ငံမှ Super Hotel Co., Ltd. အား တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

Super Hotel သည် ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းတွင် တည်ဆောက် ထားသော ဟိုတယ်တစ်လုံးအပါအဝင် နိုင်ငံရပ်ခြားတွင် ဟိုတယ်သုံးလုံးရှိပြီး စုစုပေါင်းဟိုတယ် ၁၁၉ လုံးဖြင့် ရင်းနှီးမြှုပ်နှံလည်ပတ်လုပ်ကိုင်နေသော ဟိုတယ်လုပ်ငန်းအတွေ့အကြုံများစွာ ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ Super Hotel သည် သီလဝါ အထူးစီးပွားရေးဇုန်အတွင်းရှိ လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံဧရိယာတွင် အခန်းပေါင်း ၁၂၉ ခန်းပါ ဟိုတယ်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စက်သုံးဆီအရောင်းဆိုင် လုပ်ငန်းအတွက် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂ရက်တွင် တင်ဒါခေါ်ယူခဲ့ရာ ကုမ္ပဏီပေါင်း ၁၁ ခုမှ တင်ဒါလျှောက်လွှာများ ထုတ်ယူခဲ့ကြသည်။

အဆိုပါကုမ္ပဏီများအနက်မှ စက်သုံးဆီအရောင်းဆိုင်(၁)အတွက် Max Energy Co., Ltd. နှင့် စက်သုံးဆီ အရောင်းဆိုင်(၂)အတွက် မြင့်မြတ်ထွန်းခေါင်ကုမ္ပဏီတို့အား စက်သုံးဆီလုပ်ငန်း လုပ်ပိုင်ခွင့်အတွက် တင်ဒါအောင်မြင်သူများအဖြစ် အသီးသီးရွေးချယ်ခဲ့ကြောင်း MTSH က ကြေညာခဲ့သည်။

# ဆီရီနာဝီလျံနှင့် Reddit ပူးတွဲတည်ထောင်သူတို့ စေ့စပ်ကြောင်းလမ်း

အမေရိကန်တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံနှင့် Reddit အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းအား ပူးတွဲတည်ထောင်သူ Alexis Ohanian တို့ စေ့စပ်ကြောင်းလမ်းလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ Alexis Ohanian ၏ပြောရေးဆိုခွင့်ရှိသူက အတည်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။ ဝီလျံနှင့်အဲလက်စ်တို့သည် ၂၀၁၅ ခုနှစ်ကတည်းက တွေ့ဆုံခဲ့ကြခြင်းဖြစ်ပြီး ယခုနှစ်မှသာ ၎င်းတို့နှစ်ဦး၏အခြေအနေကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ပြီး စေ့စပ်ကြောင်းလမ်းခဲ့ခြင်းဖြစ်သည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

၎င်းတို့နှစ်ဦး တွေ့ဆုံချစ်ကြိုက်နေမှုကို လျှို့ဝှက်ထားပြီး စေ့စပ်ကြောင်းလမ်းပြီးမှသာ ယခုကဲ့သို့ သတင်းများတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

ဆီရီနာက "ကျွန်မကို သူက ရောမကိုခေါ်သွားတယ်။ သူနဲ့ကျွန်မတို့ ပထမဦးဆုံးစတွေ့ပြီး ချစ်ခဲ့ကြတဲ့နေရာလေးမှာ ကျွန်မကို လက်ထပ်ဖို့ခွင့်တောင်းခဲ့တယ်။ ကျွန်မ သူ့ကိုမငြင်းခဲ့ပါဘူး။ တကယ့်ကို စိတ်ကူးကောင်းတဲ့သူပါ"ဟု ပြောကြားခဲ့သည်။

အဲလက်စ်သည် ဆီရီနာဝီလျံနှင့် VOGUE မဂ္ဂဇင်းတို့၏တွေ့ဆုံမေးမြန်းခန်းနှင့်ပတ်သက်၍လည်း "ဝင်ဘယ်ဒန်ချန်ပီယံခုနစ်ကြိမ်နှင့် ဂရင်းဆလင်းချန်ပီယံ ၂၂ ကြိမ်ဖြစ်ခဲ့သည့် ဆီရီနာဝီလျံသည် ကမ္ဘာ့အဆင့်တစ်နေရာကို ၂၀၁၀ ခုနှစ် ဇွန် ၂၁ ရက်အထိသာ ထိန်းထားနိုင်ခဲ့သည်။ ယခုအခါတွင် ဆီရီနာသည် ဒဏ်ရာပြဿနာများကြောင့် တင်းနစ်ပြိုင်ပွဲများနှင့် ကင်းကွာနေခဲ့သဖြင့် ကမ္ဘာ့အဆင့် ၃၁ သို့ ကျဆင်းသွားခဲ့သည်။

အမေရိကန်တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံသည် အသက် ၃၅ နှစ်အရွယ်ရှိနေပြီဖြစ်ပြီး အဲလက်စ်မှာ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်သည်။

# မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် မစ္စတာဂဝ်ဆီဇီအား နှစ်နှစ် သက်တမ်းတိုး စာချုပ်ချုပ်ဆို



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် ယခုလတွင် စာချုပ်သက်တမ်းကုန်ဆုံးသွားသည့် ဂျာမနီနိုင်ငံသားနည်းပြ မစ္စတာဂဝ်ဆီဇီကို ဒီဇင်ဘာ ၂၃ ရက်က နှစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

စာချုပ်ချုပ်ဆိုရာတွင်မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့က နည်းပြချုပ် ဂဝ်ဆီဇီနှင့် သဘောတူ စာချုပ်ချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်။

"ကျွန်တော် မြန်မာ့လက်ရွေးစင်အသင်း အသီးသီးရဲ့နည်းပြအဖြစ် ၆ နှစ်ကြာအောင် တာဝန်ယူဆောင်ရွက်ခဲ့ထားတာဆိုတော့ ကိုယ့်နိုင်ငံလိုဖြစ်နေပါပြီ။ ပြီးခဲ့တဲ့ကာလတွေမှာအမှတ်ရစရာတွေနဲ့ ကျွန်တော်တို့အားလုံး အတူတကွ ကြိုးစားခဲ့ကြပါတယ်။ ဒီလိုပဲဆက်ပြီး အတူတူ ကြိုးစားသွားပါ့မယ်။ နိုင်ငံအတွက်ဆိုတဲ့ စိတ်နဲ့ ကျွန်တော်တို့ အကောင်းဆုံး စွမ်းဆောင်မှုတွေရအောင် ပြင်းပြင်းထန်ထန် ကြိုးစားသွားပါမယ်။ ကြုံတွေ့လာမယ့် စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အတူပါဝင်ဆောင်ရွက်သွားပါမယ်"ဟု ဂဝ်ဆီဇီက စာချုပ်ချုပ်ဆိုအပြီးတွင် ပြောကြားသွားခဲ့သည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏နည်းပြချုပ် ဂဝ်ဆီဇီသည် မြန်မာ ယူ-၂၀ အသင်းအား ၂၀၁၅ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ပို့ဆောင်ပေးခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းကြီးအားလည်း ၂၀၁၆ ဆူဇူကီး ဖလားဆီမီးဖိုင်နယ်သို့ ရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့သည်။

ထို့အပြင် ဘရူနိုင်းဖိတ်ခေါ် ဖလားချန်ပီယံဆုလည်း ရယူပေးခဲ့ပြီး မြန်မာလူငယ်အသင်းများနှင့် အောင်မြင်မှုရရှိခဲ့သူတစ်ဦးဖြစ်သည်။

# Nike အားကစားဝတ်စုံကုမ္ပဏီ၏ဘတ်စ်ကက်ဘော ပြိုင်ပွဲမှရရှိသည့် အမြတ်ငွေများ မြင့်တက်




Nike အားကစားဝတ်စုံကုမ္ပဏီသည် ဘတ်စ်ကက်ဘော အားကစားနည်းများတွင် အားကစားဝတ်စုံများပံ့ပိုးပေးမှုမှရရှိသည့် ဝင်ငွေများမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၈ ဘီလီယံ ရရှိခဲ့ပြီး ၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ သုံးလအတွင်း ရရှိသည့် အမြတ်ငွေမှာ အမေရိကန်ဒေါ်လာ၈၄၂ သန်းရရှိပြီး စုစုပေါင်း ၇ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

"ဘတ်စ်ကက်ဘော ပြန်လာပြီ" ဟု Nike ၏ ဥက္ကဋ္ဌဖြစ်သူ Trevor Edwards က ပြောကြားခဲ့သည်။ Nike သည် ကမ္ဘာပေါ်ရှိ အားကစားဝတ်စုံထုတ်လုပ်သည့် ကုမ္ပဏီများအနက် အကြီးဆုံးသော ကုမ္ပဏီတစ်ခုဖြစ်သည်။

Nike အမှတ်တံဆိပ် အားကစားဝတ်စုံများကို ပုံမှန်ဝယ်ယူသုံးစွဲနေသည့် အားကစားသမားများမှာ ဘတ်စ်ကက်ဘော အားကစားသမား အကျော်အမော်များဖြစ်သည့် ဂျော်ဒန်နှင့် ကိုဘေးတို့ဖြစ်ကြ သည်။ Nike သည် အားကစားဝတ်စုံ ကုမ္ပဏီဖြစ်သည့် Under Armour ၏ ယှဉ်ပြိုင်မှုနှင့် ရင်ဆိုင်နေရသည်။ အဆိုပါ Under Armour သည် NBA စတားစတီဖင် ကာရီကြောင့် ရောင်းအားတက်လျက်ရှိပြီး ထိပ်ဆုံးနေရာ၌ ရပ်တည်လျက်ရှိသည်ဟု ဆိုသည်။

မြောက်အမေရိကတိုက်သည် Nike ၏ အကြီးမားဆုံးသောဈေးကွက်တစ်ခုဖြစ်ပြီးဒုတိယလေးလ ပတ်တွင် သုံးရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံတွင် ၁၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

# တရုတ်ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်မည်

မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် တရုတ်နိုင်ငံဘောလုံးအဖွဲ့ချုပ် CFA ၏ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဖိတ်ကြားချက်အရ ၂၀၁၇ ဇန်နဝါရီ ၁၉ ရက်နေ့မှ ၂၄ ရက်အထိ Guangdong ခရိုင်တွင် ကျင်းပမည့် CFA International Women's Football Tournament 2017 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင် တရုတ်၊ မြန်မာ၊ ယူကရိန်းနှင့်ထိုင်းနိုင်ငံတို့မှ အမျိုးသမီးလက်ရွေးစင်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ CFA သည် ၂၀၁၆ ဇန်နဝါရီလအတွင်းက တရုတ်၊ မက္ကဆီကို၊ တောင်ကိုရီးယား၊ ဗီယက်နမ်တို့ပါဝင်သည့် လေးနိုင်ငံဖိတ်ခေါ်ပွဲကို ကျင်းပခဲ့ရာ အိမ်ရှင်တရုတ်အသင်းကပင် ဗိုလ်စွဲခဲ့သည်။

နယ်သာလန်နည်းပြရော်ဂျာ တာဝန်ယူ ကိုင်တွယ်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၁၇ ခုနှစ် ဧပြီလတွင် AFC Women's Asian Cup 2018 ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားရန်ရှိနေပြီး တရုတ်ဖိတ်ခေါ်ဖလား ပြိုင်ပွဲမှာ အဆိုပါပြိုင်ပွဲအတွက် အကောင်းဆုံးကြိုတင်ပြင်ဆင်မှုဖြစ်သည်ဟု ဆိုသည်။

# AFC CUP 2017 ၏ အုပ်စု(စ)တွင် မလေးရှား ထိပ်သီးအသင်း တစ်သင်းနှင့် မကွေးအက်ဖ်စီတို့ ထိပ်တိုက်တွေ့ဆုံ

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူရှိ အာရှ ဘောလုံးအဖွဲ့ချုပ် AFC ရုံးစိုက်ရာ PJ Hilton ဟိုတယ်တွင် AFC CUP 2017 အုပ်စုများ မဲနှိုက်ရွေးချယ်ခြင်းကို ဒီဇင်ဘာ ၁၂ ရက်ကပြုလုပ်ခဲ့ရာ မကွေးအက်ဖ်စီသည် မလေးရှားထိပ်သီးအသင်းများဖြစ်သော Johor Darul Ta'zim FC (သို့) Kedah FA တို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ မကွေးအက်ဖ်စီသည် အုပ်စု(စ)တွင် ဒုတိယဦးစားပေးအနေဖြင့် ပါဝင်ခဲ့ပြီး မလေးရှားကလပ် Johor Darul Ta'zim FC (သို့) Kedah FA ဖိလစ်ပိုင်ကလပ်များဖြစ်ကြသော Global FC (သို့) Loyola Maralco Sparks FC၊ ခြေစစ်ပွဲအောင်မြင်လာမည့်လာအိုကလပ်(သို့) ကမ္ဘောဒီးယားကလပ်အသင်းတစ်သင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းမျဉ်းအရ AFC CUP 2017 တွင် အုပ်စု(စ)၊(ဆ)နှင့်(ဇ)ဟူ၍ သုံးအုပ်စုပါဝင်နေပြီး အုပ်စုထိပ်ဆုံးအသင်းသုံးသင်းနှင့် အကောင်းဆုံး အုပ်စုဒုတိယအသင်းတစ်သင်းတို့မှာ ရှုံးထွက်အဆင့်သို့ တက်ရောက်မည်ဖြစ်သည်။ အုပ်စု(စ)တွင် ပါဝင်သော မလေးရှားကလပ် Johor Darul Ta'zim FC သည် မလေးရှားစူပါလိဂ်တွင် ၂၀၁၄ မှ ၂၀၁၆ အထိ သုံးနှစ်ဆက်တိုက် အမှတ်ပေးချန်ပီယံဖြစ်ခဲ့သောအသင်းဖြစ်ပြီး AFC CUP 2016 တွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သောအသင်းဖြစ်သည်။ Kedah FA အသင်းမှာလည်း ၂၀၁၅ မလေးရှားစူပါလိဂ်တွင် ချန်ပီယံနှင့် ဖလားပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၁၆ မလေးရှားစူပါလိဂ်တွင် တတိယနှင့် ဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သော အသင်းတစ်သင်းဖြစ်သည်။

# မြင်းခြံမြို့တွင် စားသောက်ကုန်သန့်ရှင်းစင်ကြယ်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲအခမ်းအနား ကျင်းပ



စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးနှင့် စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (မန္တလေး)တို့ ပူးပေါင်း၍ မြင်းခြံမြို့ပေါ်ရှိ စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များအား 'စားသောက်ကုန် သန့်ရှင်းစင်ကြယ်ရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေး' ဟောပြောဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က မြင်းခြံမြို့ ရွှေပြည်စိုး သာသနာ့ ဗိမာန်၌ ကျင်းပ ပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူအခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာ ဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ပါမောက္ခ ဒေါက်တာ အောင်မြင့် အပါအဝင် မန္တလေးတိုင်းဒေသကြီး စားသုံးသူအခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် မိတ်ဖက်ဌာနများမှ တာဝန်ရှိသူများ၊ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း (မန္တလေး) ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့် အသင်းသူ/ အသင်းသားများ၊ မြင်းခြံမြို့ပေါ်ရှိ စားသောက်ကုန် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသော စီးပွားရေး လုပ်ငန်းရှင်များနှင့် အခြားစိတ်ပါဝင်စားသူများ စုစုပေါင်း အင်အား ၆၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး စားသုံးသူ အခြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်မြင့်က အမှာစကား ပြောကြားပါတယ်။

မြင်းခြံခရိုင်စားသုံးသူ အခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်ဝင်းဦးက စားသုံးသူအကာအကွယ်ပေးရေးနဲ့ ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေး တာဝန်အဖြစ် ခံယူ၍ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး စားသုံးသူ အခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးကြည်စိန်က စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် ဗဟုသုတများအား ဟောပြော ဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အလုပ်အမှုဆောင် ဒေါက်တာ စိုင်းသိန်းဆိုင်က စားသောက်ကုန် ဘေးအန္တရာယ် ကင်းရှင်းမှုနဲ့ပတ်သက်သော သိမှတ်စရာများကိုဟောပြောပြီး အစားအစာ ထုတ်လုပ်ပုံ အဆင့်ဆင့်ကို GMP/ HACCP နည်းစဉ်များနှင့်အညီ သရုပ်ပြဆောင်ရွက်နေမှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းခဲ့ပါတယ်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စားသုံးသူ အခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဦးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူရဲ့ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်ရဲ့ အခွင့်အရေးနှင့် တာဝန်များကို ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။ တက်ရောက် လာကြသော စားသောက်ကုန် ထုတ်လုပ်ရောင်းချသော စီးပွားရေး လုပ်ငန်းရှင်များက သိလိုတဲ့ မေးမြန်းမှုများအား တာဝန်ရှိ ပုဂ္ဂိုလ်များက ပြန်လည် ဖြေကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**မျိုးထွန်း (စားသုံးသူ-မန္တလေး)**

# မုံရွာမြို့ရှိ ကြာဆံစက် လုပ်ငန်းရှင်များနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မုံရွာစက်မှုဇုန်ခန်းမတွင် တွေ့ဆုံဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာမြို့နယ်တာဝန်ခံအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် စစ်ကိုင်းခရိုင် ဦးစီးမှူးရုံးတို့၏ လမ်းညွှန်ချက်အရ ၂၀၁၆ ခုနှစ်၊ ဒီဇင် ဘာလအတွင်း ဆောင်ရွက်ရန် လျာထားချက်ဖြစ်သည့် 'ကြာဆံလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ'ကို ဒီဇင်ဘာ ၂၆ ရက်နေ့က မုံရွာစက်မှုဇုန် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါသည်။

အဆိုပါလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ မုံရွာစက်မှုဇုန် ဥက္ကဋ္ဌ (ကြာဆံလုပ်ငန်းရှင်) ဦးဝေတင့်နှင့် စက်မှုဇုန်ရှိ ကြာဆံ လုပ်ငန်းရှင် ၅ ဦး၊ မင်းရွာအုပ်စုရှိ ကြာဇံလုပ်ငန်းရှင် ၁၂ ဦး၊ ပုရစ်ကုန်းအုပ်စုရှိ ကြာဆံလုပ်ငန်းရှင်သုံးဦး စုစုပေါင်း လုပ်ငန်းရှင် ၂၀ ဦး တက်ရောက်ခဲ့ကြပြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးကျော်ဝင်း၊ မုံရွာခရိုင် ဦးစီးမှူး(လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်အောင်၊ မုံရွာမြို့နယ်တာဝန်ခံ ဒုတိယကြီးကြပ်ရေးမှူး ဦးထွန်းလှိုင်၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စားသုံးသူရေးရာဌာနခွဲမှ ဌာနခွဲစာရေး ဒေါ်ဒေလီနှင့် ဌာနခွဲစာရေး ဒေါ်မိုးသီတာလင်းတို့ စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

ဆွေးနွေးပွဲတွင်ဌာနမှ တာဝန်ရှိသူများက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းထားမှုနှင့် လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်နှင့် ရရှိမည့် အခွင့်အရေးများကိုလည်းကောင်း၊ စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန် မိမိတို့၏ စားသုံးထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် ဆောင်ရွက်ရမည့်အချက်အလက်များနှင့် မိမိတို့ထုတ်ကုန်များအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ခွင့်ပြုချက်များရရှိအောင် ဆောင်ရွက်ရမည့် အချက်အလက်များကို လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းရှင်သန်ဖွံ့ဖြိုးရန် ကြာဆံလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းထူထောင်ရန် ဆွေးနွေးခဲ့ကြပြီး၊ ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များကလည်း သဘာဝပတ်ဝန်းကျင် ထိခိုက်စေသော 'ရေဆိုး' ထုတ်လုပ်မှုကို စက်ပိုင်များအားလုံး လိုက်နာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးရွာအုပ်စုအလိုက် အစုအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်၍ မြို့နယ်အသင်းအဖြစ် စုဖွဲ့ ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို မိမိတို့ကြာဆံလုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ရမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ထွန်းလှိုင် (မုံရွာ)**



# ပြည်ခရိုင် စားသုံးသူအခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေး

ပြည်ခရိုင်စားသုံးသူအခြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၆ ရက်က တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၁၆) ကိုကျင်းပခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်အရ နေ့လယ် ၁း၃၀ အချိန်တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး အပါအဝင် ဌာနဆိုင်ရာများဖြစ်သော ဥပဒေရုံး၊ ကျန်းမာရေးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဌာန၊ စိုက်ပျိုးရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စားသုံးသူ လုပ်ငန်းရှင်ကိုယ်စားလှယ်များ စသည့် ပူးပေါင်းအဖွဲ့များနှင့် မိမိတို့ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများလိုက်ပါလျက် ပြည်မြို့၊ စည်ပင်သာယာမြို့မဈေးကြီးအတွင်း ရောင်းချနေသော ဈေးဆိုင်များနှင့် ပြည်မြို့ပေါ်ရှိ လက်ကားဖြန့်ဖြူးလျက်ရှိသော ကုန်စုံဆိုင်များသို့သွား ရောက်ပြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ ရောင်းချဖြန့်ဖြူးလျက်ရှိသော စားသောက်ကုန်များကို ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထုတ်လုပ်သူအမည်နှင့် လိပ်စာ၊ ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲ၊ ဖွဲ့စည်းပုံ (ပါဝင်ပစ္စည်းများ)စသည်ဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော အချက်အလက်များ၊ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် အစားအသောက်များနှင့် အိမ်နီးချင်းနိုင်ငံများမှ တရားမဝင် ဝင်ရောက်လာသော မုန့်မျိုးစုံ၊ တံဆိပ် ဖော်ပြထားခြင်းမရှိသော ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်များ စသည်တို့ကို တွေ့ရှိရသဖြင့် အဆိုပါ စားသောက်ကုန်များမှာ လုံခြုံစိတ်ချရမှု မရှိသည့် အစားအသောက်များဖြစ်သဖြင့် ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ပညာပေးခြင်းနှင့် ယင်းမုန့်များကို ထုတ်လုပ်သူထံပြန်လည်ပို့ဆောင်စေခြင်းတို့ ဆောင်ရွက်ခဲ့ပြီး နောက်တစ်ကြိမ်ပြန်လည်စစ်ဆေးရာတွင် တွေ့ရှိပါက အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆိုင်ပိုင်ရှင်များအား အသိပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဝင်းလဲ့ဝါ (ပြည်)**



# မန္တလေးမြို့ဈေးချို၌ ရောင်းချလျက်ရှိသည့် အစားအသောက်များအား စစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မိတ်ဖက်အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဒီဇင်ဘာလ ၂၃ ရက်က မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ ဈေးချိုအတွင်း ဝင်ရောက်စစ်ဆေးခဲ့ကြသည်။

ပူးပေါင်းအဖွဲ့သည် ဈေးချိုအတွင်း ရောင်းချလျက်ရှိသည့် အစားအသောက်များတွင် ခွင့်မပြုဆိုးဆေးပါဝင်မှု ရှိမရှိကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ ယင်းကဲ့သို့ စစ်ဆေးရာတွင် အစားအသောက်များ၌ ဆိုးဆေးများ ထည့်သွင်း၍ ရောင်းချမှုများ လျော့နည်းလာသည်ကို တွေ့ရှိရပြီး၊ အချို့သောလုပ်ငန်းရှင်များသာ ဆိုးဆေးများ အသုံးပြုနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

မိတ်ဖက်အဖွဲ့များအနေဖြင့် စားသုံးသူပြည်သူများ ဆိုးဆေး အန္တရာယ်ကင်းသော စားသောက်ကုန်များ စိတ်ချစွာ ဝယ်ယူစားသုံးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများကို အခါအားလျော်စွာ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တင်ချစ်ကောင်း(စားသုံးသူမန္တလေး)**

# လှိုင်သာယာမြို့နယ်၊ အ.ထ.က (၂) တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာလ ၂၁ ရက် လှိုင်သာယာမြို့နယ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မုဒိတာခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် လှိုင်သာယာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးဟန်ကအဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိဒေါက်တာ ကျော့မွန်သန်းက အစားအသောက်များ သုံးစွဲရာတွင် သတိထားရမည့် အချက်များ၊ စားသောက်ကုန်များတွင် အသုံးပြုနေသည့်ဆိုးဆေးများအကြောင်း၊ ဆေးများဝယ်ယူရာတွင် သိရှိလိုက်နာရမည့် အချက်များကို ဟောပြောဆွေးနွေးပြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ စားသုံးသူများ ဆုံးရှုံးနစ်နာမှုရှိခဲ့လျှင် သက်ဆိုင်ရာ ခရိုင်ရုံးများတွင် တိုင်ကြားနိုင်မှုအခြေအနေများအကြောင်းတို့ကို ဟောပြောဆွေးနွေးပါတယ်။

လှိုင်သာယာမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်ရူပါစိုးက ကျောင်းမုန့်ဈေးတန်းရှိ ဈေးရောင်းချသူများကို စစ်ဆေးကွပ်ကဲမှု အခြေအနေ၊ ဆေးဆိုင်များကို ကွပ်ကဲမှုအခြေအနေ လှိုင်သာယာမြို့နယ်အတွင်းရှိ ရေသန့်များကိုလည်း စစ်ဆေးမှုအခြေအနေများအကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဆွေးနွေးရာတွင် စားသုံးသူများ ကုန်စည်၊ ဝန်ဆောင်မှုများဝယ်ယူသုံးစွဲရာတွင် သတိထားရမည့် အခြေအနေ၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း စီးပွားရေး ကျင့်ဝတ်နှင့်အညီ လုပ်ကိုင်ရန် လိုအပ်ပုံ၊ စားသုံးသူများမှ ဆုံးရှုံးနစ်နာမှုများရှိ၍ တိုင်ကြားနိုင်ပုံတို့ကို ဆွေးနွေးပြောကြားသွားပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ လှိုင်သာယာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဒုတိယမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအသင်း၊ ဈေးသူ/ဈေးသားများ စုစုပေါင်း ၉၅ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

အလားတူ ဒီဇင်ဘာလ တတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် လေးနေရာ၊ အနောက်ပိုင်းခရိုင်တွင်လေးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၀ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၁၁ နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲ များနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **ခင်မြဦး (စားသုံးသူ) ရန်ကုန်**

## လှိုင်ကော်မြို့နှင့် ရှားတောမြို့ရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးကွင်းဆင်းစစ်ဆေး



ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဒီဇင်ဘာလ ပထမပတ်အတွင်း လွိုင်ကော်မြို့ပေါ်ရှိ လိုဘာခို(အထက)ခွဲနှင့် နာနတ်တောရပ်ကွက်များ၌လည်းကောင်း၊ ဒီဇင်ဘာ ဒုတိယပတ်တွင် ကျောက်ကြီး(အမက)၊ ခိုက်ပလာ(အမက)နှင့် ရှားတောမြို့နယ် ရှားတော(အထက) တို့၌ လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးခဲ့ရာ စုစုပေါင်း ၁၀၇၅ ဦး တက်ရောက်ခဲ့သည်။ ထို့နောက် သက်ဆိုင်ရာ ကျောင်းအသီးသီး၏ ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲများတွင် ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စားသုံးသူအခွင့်အရေးများ၊ ပြည်တွင်းပြည်ပမှအန္တရာယ်ရှိ အစားအသောက်များနှင့် ဖြစ်ပွားနိုင်သော နောက်ဆက်တွဲရောဂါများ၊ အန္တရာယ်ရှိ လူသုံးကုန်ပစ္စည်းများ၊ အန္တရာယ်ရှိ ဝန်ဆောင်မှုများနှင့် အန္တရာယ်ကင်းပြီးလုံခြုံစိတ်ချရသည့် ပစ္စည်းများကို ရွေးချယ်ဝယ်ယူစားသုံးကြရန်၊ တိုင်းဒေသကြီး/ပြည်နယ် ခရိုင်အဆင့် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဖြေရှင်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးခဲ့ပြီး မုန့်ဈေးတန်းများတွင် အန္တရာယ်ရှိသည့် အစားအသောက်များအား မရောင်းချရန်နှင့် သန့်ရှင်းစင်ကြယ်စွာ ရောင်းချကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မြို့ရီ (စားသုံးသူ၊ကယား)**

## ယင်းမာပင်ခရိုင်တွင် ဒီဇင်ဘာလအတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ (၃၃) ကြိမ်ဆောင်ရွက်နိုင်ခဲ့

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်ဇော်၏ ကြီးကြပ်မှုဖြင့် ယင်းမာပင်ခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလအတွင်း ပုလဲမြို့နယ်၊ ကနီမြို့နယ်၊ ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့တွင် (၃၃)ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းမာပင်ခရိုင်၊ ခရိုင်ဦးစီးမှူး ဦးသန်းပိုဦးဆောင်၍ ယင်းမာပင်ခရိုင်အတွင်းရှိ ကနီ၊ ဆားလင်းကြီး၊ ပုလဲ၊ ယင်းမာပင် စသည့်မြို့နယ်တို့မှ မြို့နယ်တာဝန်ခံများနှင့် ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများပူးပေါင်း၍ စားသုံးသူအသိပညာပေးဟောပြောပွဲများ၊ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များနှင့် အတူ ဈေးများကိုလည်း ဝင်ရောက် စစ်ဆေးနိုင်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲ များသို့ လေ့လာသူပေါင်း ၅၁၂၉ ဦး တက်ရောက်ခဲ့ရာ လက်ကမ်းစာစောင် ၃၀၇ စောင်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ စာအုပ် ၅၀ အုပ်၊ စားသုံးရန်မသင့် တားမြစ်စားသောက်ကုန်စာရင်း ၃၀၇ စုံကို စားသုံးသူပြည်သူများအား လက်ဆင့်ကမ်း ဖြန့်ဝေပေးခဲ့ပါသည်။

**သူဇာကျော်(ပုလဲ)**

## တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)တွင် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာ ဟောပြောပွဲကျင်းပ



တောင်ကြီးမြို့နယ်၊ အမှတ်(၂)ပင်းပက် သံမဏိစက်ရုံ အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၂၆ ရက်က ရှမ်းပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး (တာဝန်) ဦးအောင်ကျော် ဦးဆောင်သောအဖွဲ့သည် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါဟောပြောပွဲတွင် ပြည်နယ်ဦးစီးမှူး (တာဝန်) ဦးအောင်ကျော်က စားသုံးသူရေးရာဦးစီးဌာန၏ သမိုင်းကြောင်းနှင့် အာဆီယံနိုင်ငံများတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုများကို အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ဦးစီးမှူး ဒေါ်စောယုထွေးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားရမည့်ပုံစံများ၊ ကုန်စည်များ ဝယ်ယူရာတွင် ကုန်အမှတ်တံဆိပ်ပါသော ကုန်စည်များကို ရွေးချယ်ဝယ်ယူသင့်ပုံ၊ ပြည်နယ်/ခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ဈေးကွက်များနှင့် ကျောင်းမုန့် ဈေးတန်းများတွင် ထုတ်ကုန်လုံခြုံ စိတ်ချရမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးနေမှုများကို မှတ်တမ်း ဓါတ်ပုံများဖြင့် ရှင်းလင်းဟောပြောခြင်း၊ ဆိုးဆေးအမျိုးမျိုးအကြောင်းနှင့် ခွင့်မပြုဓါတုဆိုးဆေးပါအချိုရည်နှင့် မုန့်မျိုးစုံအကြောင်း၊ ကြွပ်ကြွပ်အိတ် အန္တရာယ်အကြောင်း၊ ၊ အရည်အသွေး စံချိန်မမီသော လျှပ်စစ်ပစ္စည်းများအကြောင်းနှင့် စံချိန်မမီ အလှကုန်ပစ္စည်းများအကြောင်းကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

အဆိုပါဟောပြောပွဲတွင် ဒုတိယစက်ရုံမှူး ဦးဘိုညွန့်နှင့် ဝန်ထမ်းစုစုပေါင်း ၁၇၈ ဦး တက်ရောက်ခဲ့ကြပြီး ပြည်နယ်ဦးစီးမှူး (တာဝန်) ဦးအောင်ကျော်က ဒုတိယ စက်ရုံမှူးအား လက်ကမ်းစာစောင်နှင့် တိုင်ကြားမှု ပုံစံများ၊ ဥပဒေစာအုပ်များ၊ နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် သုံးစွဲရန်မသင့်သည့် ကုန်စည်များ ဖော်ပြထားသည့် စာအုပ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **စောမောင် (တောင်ကြီး)**

## ➲ ၂၀၁၆ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့်. . . မှ အဆက်

**စက်တင်ဘာလ**

စက်တင်ဘာ ၁၄ ရက်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များအား National Trade Portal and Trade Repository ကို မိတ်ဆက်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေခြင်းကို အသိအမှတ်ပြုတဲ့အနေနဲ့ အမေရိကန် ပြည်ထောင်စုက မြန်မာနိုင်ငံသို့ ယေဘုယျအကောက်ခွန်သက်သာခွင့် အစီအစဉ် GSPမှာ ပါဝင်ခံစားခွင့် ရရှိရန်အတွက် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှစတင်၍ ပြန်လည်ခွင့်ပြုပေးတော့မှာဖြစ်ကြောင်း အမေရိကန် ပြည်ထောင်စု ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးရဲ့ တရားဝင်ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ Public Forum သို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနဲ့ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါတယ်။ အဲဒီဆွေးနွေးပွဲမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး Myanmar: Opening up For Business Forum ကိုပါ ထည့်သွင်းကျင်းပခဲ့ပါတယ်။

**အောက်တိုဘာလ**

လယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်ရေးအတွက် ပြည်ပဈေးကွက်လိုအပ်ချက်ရှိနေတဲ့ စပါးကိုပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။

ကမ္ဘာပေါ်ရှိ စီးပွားရေးလုပ်ရကိုင်ရ လွယ်ကူတဲ့ နိုင်ငံများစာရင်းကို ကမ္ဘာ့ ဘဏ်ရဲ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Doing Business အဖွဲ့က အောက်တိုဘာ ၂၆ ရက်မှာ ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံဟာ စီးပွားရေးလုပ်ရကိုင်ရ လွယ်ကူတဲ့ နိုင်ငံအဆင့်မှာ ယမန်နှစ်က အဆင့် ၁၇၁ ရှိခဲ့ရာမှ ယခုနှစ်မှာ အဆင့် ၁၇၀ သို့ တက်လာခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။

DoingBusinessမှာဖော်ပြထားတဲ့ ကဏ္ဍ ၁၀ ခုအနက် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍမှာ အဓိက အရေးပါလျက်ရှိတဲ့ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုကဏ္ဍမှာမူ အဆင့် ၁၀ ဆင့် ကျဆင်းသွားခဲ့ကာ အဆင့် ၁၄၉ မှ အဆင့် ၁၅၉ သို့ ရောက်ရှိသွားခဲ့ပါတယ်။

အောက်တိုဘာလ ၂၁ ရက်နေ့တွင် လက်မှတ်အတု၊ မှတ်ပုံတင်အတုနဲ့ မော်တော်ယာဉ်လိုင်စင်လျှောက်ထားလာတဲ့ ကိုယ်စားလှယ်ဒေါ်စန်းစန်းမြင့်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုပြုလုပ်ဆောင်ရွက်ပေးတဲ့ ဒေါ်နှင်းနှင်းခေါ် ဒေါ်သက်မာဦးတို့ကို စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ပါတယ်။

**နိုဝင်ဘာလ**

(၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးတွဲ ကော်မရှင်အစည်းအဝေးကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက် တို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင် ကျင်းပခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်၊ ပဲ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ နနွင်းတက်နဲ့ချင်းတို့ကို နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်ရေးအတွက်ပင်လယ်ရေကြောင်းနည်းလမ်းဖြင့်တင်ပို့လိုကြောင်း ဆွေးနွေးခဲ့ကြသည်။ အဆိုပါအစည်း အဝေးသို့ အမြဲတမ်းအတွင်းဝန်ဦးတိုး အောင်မြင့်နှင့် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းတို့ တက်ရောက်ခဲ့ကြသည်။

နိုဝင်ဘာ ၂၀ ရက် နံနက် ၆ နာရီ မိနစ် ၂၀ အချိန်မှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ပန်ဆိုင်း-ကြူကုတ်ဂိတ်၊ မူဆယ်-လားရှိုးဂိတ်နဲ့ အရှေ့မြောက်တံခါးကုမ္ပဏီရဲ့ သစ်သီးဝလံချကွင်းအသစ်နေရာတို့မှာ အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ သုံးဖွဲ့ခွဲ၍ ဝင်ရောက်လာပြီး အကြောင်းမဲ့ ပစ်ခတ်တိုက်ခတ်ခဲ့ပါတယ်။

ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အထောက်အကူပြုအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ ရက်က နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

**ဒီဇင်ဘာလ**

(၁၆)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည် ပြပွဲ (မူဆယ်)နဲ့ (၁၂)ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်း ရေးကော်မတီအစည်းအဝေးကို ဒီဇင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ မူဆယ်မြို့ မင်္ဂလာဈေး၊ အထူးစီးပွားရေးဇုန်တွင် ကျင်းပရန်ကြေညာခဲ့မှုအား မူဆယ်မြို့၏လုံခြုံမှုအခြေအနေအရ ရက်ရွှေ့ဆိုင်းခဲ့ပါတယ်။

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ပို့ကုန်သွင်းကုန် လိုင်စင်များအား ဈေးနှုန်းစိစစ်ခြင်း မပြုတော့ဘဲ ကုမ္ပဏီများက တင်ပြလာသည့် Invoice နဲ့ Sale Contract ပါဈေးနှုန်းနဲ့ တန်ဖိုးများအတိုင်းသာ ပို့ကုန်သွင်းကုန် လိုင်စင်များကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း နိုဝင်ဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၁၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

နိုင်ငံခြားသား ဖက်စပ်ကုမ္ပဏီများအား ကုန်သွယ် ခွင့်ပြုရာတွင် နိုင်ငံခြားမှ တရားဝင် ယူဆောင်လာတဲ့ ငွေပမာဏအတိုင်း သာ ကုန်သွယ်ခွင့်ပြုမည်ဟူသော သတ်မှတ်ချက်အား နိုဝင်ဘာ ၂၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၆ ဖြင့် ပယ်ဖျက်ခဲ့ပါတယ်။

ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းခြင်းနဲ့ ပတ်သက်၍ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီက ၂၀၁၇ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းရာမှာ ထုတ်လုပ်တဲ့ခုနှစ်သတ်မှတ်ခြင်းကို နိုဝင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

နိုင်ငံခြားဖက်စပ် ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုသည့် ဆေးရုံသုံးကိရိယာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား HS Code လိုင်းများ သတ်မှတ်၍ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သည့် ကုန်စည်လိုင်းများ အနက်မှ ကုန်စည်လိုင်း ၁၅၀ အား သွင်းကုန် လိုင်စင်လျှောက်ထားရန် မလိုအပ်သော ကုန်စည်လိုင်းအဖြစ် ဒီဇင်ဘာ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

■

## FMI ကုမ္ပဏီက ရိုးမစီလုံဆေးရုံ ပန်းလှိုင်လီမိတက်သို့ အစုရှယ်ယာများ ထပ်မံထည့်ဝင်

FMI ကုမ္ပဏီသည် ကုမ္ပဏီက အစုရှယ်ယာ ၆၀ ရာခိုင်နှုန်း ထည့်ဝင်ပိုင်ဆိုင်ထားသည့် Yoma Siloam Hospital Pun Hlaing Limited (YSHPH) သို့ အစုရှယ်ယာထပ်မံထည့်ဝင်လိုက်ကြောင်း FMI ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရိုးမစီလုံဆေးရုံပန်းလှိုင်လီမိတက်သည် မြန်မာနိုင်ငံ၌ Pun Hlaing Siloam Hospital အမှတ်တံဆိပ်ဖြင့် ပုဂ္ဂလိကဆေးရုံလုပ်ငန်းကို ဆောင်ရွက်နေသောကုမ္ပဏီတစ်ခုဖြစ်ပြီး FMI က အစုရှယ်ယာထည့်ဝင်ထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

FMI က အဆိုပါဆေးရုံလုပ်ငန်းသို့ အစုရှယ်ယာများထပ်မံထည့်ဝင်ရခြင်းမှာ YSHPH ၏ ဆေးရုံခွဲများနှင့် ဝန်ဆောင်မှုများအား တိုးချဲ့ရာတွင် အသုံးပြုရန်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

YSHPH ၏ လုပ်ငန်းဆောင်ရွက် မှုအခြေအနေမှာ တိုးတက်မှုရှိနေပြီး အားရဖွယ်ရာ အနေအထားသို့ရောက်ရှိ နေသဖြင့် ၎င်း၏လုပ်ငန်းချဲ့ထွင်မှု အစီအစဉ်အရ လိုအပ်သည့် မတည်ရင်းနှီးငွေများအား FMI ကုမ္ပဏီက ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါ YSHPH သို့ FMI က ထပ်မံထည့်ဝင်သည့် မတည်ရင်းနှီးငွေမှာ အမေရိကန်ဒေါ်လာ ၅၄၂၀၁၇၀ ဖြစ်သည်။ မတည်ရင်းနှီးငွေတိုးမြှင့်ခြင်း မတိုင်မီက YSHPH မှ အစုရှယ်ယာရှင် များ၏ ရပိုင်ခွင့်များမှာ အမေရိကန်ဒေါ်လာ ၁၃၁၈၇၅၀၀ ဖြစ်ပြီး မတည် ရင်းနှီးငွေတိုးမြှင့်ပြီးနောက် YSHPH မှ အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များမှာ အမေရိကန်ဒေါ်လာ ၂၂၂၂၂၀၁၁၆ ဖြစ်လာမည်ဖြစ်ကြောင်း FMI၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

FMI ကုမ္ပဏီအနေဖြင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများ ကြီးထွားရန်အတွက် လိုအပ်သောဘဏ္ဍာရေး အခြေခံအုတ်မြစ်အား အခါအားလျော်စွာ မတည်ရင်းနှီးငွေတိုးမြှင့်ထည့်ဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# Pacific-AA Motor Ltd.မှ Chevrolet Orlando 2017မော်ဒယ်လ်သစ်ကို မြန်မာပလာဇာတွင် မိတ်ဆက်ပေးခဲ့

ပြည်တွင်းဈေးကွက်အတွက် Chevrolet မော်တော်ကားများကို တင်သွင်းရောင်းချပေးနေသော Pacific-AA Ltd. မှ Chevrolet Orlando 2017 မော်ဒယ်လ်သစ်ကို ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရား လမ်းပေါ် ရှိ မြန်မာပလာဇာ၊ ပရိမိုးရှင်းဧရိယာ၌ ဒီဇင်ဘာ ၂၃ မှ ၂၅ ရက်တို့တွင် မိတ်ဆက်ပြသပေးခဲ့သည်။




Orlando 2017 မော်ဒယ်လ်သစ်ကို ဘက်စုံသုံးယာဉ် (MPV – Multi Purpose Vehicle) အဖြစ် သတ်မှတ်ထားသော်လည်းယနေ့ခေတ် လူကြိုက်များနေသော Crossover ကားများကဲ့သို့ မောင်းနှင်နိုင်စေရန် စီမံပေးထားပြီး လူခုနစ်ဦးအထိ စီးနင်းနိုင်သည်။ Orlando 2017 ၏ အပြင်ပန်းအတွက် ရိုးရိုးရှင်းရှင်းဒီဇိုင်းဖန်တီးပေးထားပြီး ရေရှည်အသုံးခံစေရန်နှင့်မတော်တဆမှုများမှ ကာကွယ်ပေးနိုင်စေရန် ကိုယ်ထည်တစ်ခုလုံးတွင် တောင့်တင်းသည့် Beam များဖြင့် အားဖြည့်ပေးထားသည်။

Orlando 2017 ၏ အတွင်းခန်း အကျယ်အဝန်းကို လိုအပ်သလို ပြောင်းလဲနိုင်ပြီး ဆီစားနှုန်းသက်သာသလို မြို့တွင်း၊ ဟိုင်းဝေးနှစ်မျိုးစလုံးတွင် အသုံးတည့်စေရန် ဆလင်ဒါလေးလုံး 1.8L DOHC, ECOTEC, DCVVT အင်ဂျင်တပ်ဆင်ပေးထားသည်။ ယင်းအင်ဂျင်မှ အမြင့်ဆုံးရုန်းအား မြင်းကောင်ရေ ၁၄၁ အထိ ထုတ်ပေးနိုင်စွမ်းရှိပြီး 6-speed အော်တိုဂီယာစနစ်ဖြင့် တွဲဖက်ပေးထားသည်။ ထို့အပြင် ယနေ့ခေတ်ကားများတွင် စံတစ်ခုလိုဖြစ်လာသော Cruise Control စနစ်၊ မိုးရွာလျှင် ရေသုတ်တံကို အလိုအလျောက်အလုပ်လုပ်စေသော Rain Sensitive Windscreen Wiper စနစ် စသော အဆင့်မြင့် Feature များအပြင် အော်ဒီယိုဖျော်ဖြေရေးအတွက် စပီကာခြောက်လုံး၊ စီဒီဖွင့်စက်နှင့်အခြားချိတ်ဆက်မှုအထောက်အပံ့များကိုလည်း ထည့်သွင်းပေးထားသည်။

Orlando 2017 ကို အမေရိကန်ဒေါ်လာ ၃၉,၀၀၀ ဖြင့် ရောင်းချပေးမည်ဟု သိရပြီး ယခုမိတ်ဆက်ပွဲတွင် Orlando 2017 အပြင် Chevrolet ၏ Colorado နှင့် Captiva မော်ဒယ်လ်သစ်များကိုလည်း ပြသခဲ့သည်။

**မယ်သီတာ**

# tE,ly&Jubwiywf

**၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ထုတ်ပြန်ခဲ့သော အဂရီဝပ်ချ်ပဲမျိုးစုံ အစီရင်ခံစာတွင် ဆောင်းရာသီ ပဲမျိုးစုံ စိုက်ပျိုးမှုအခြေအနေ၊ ပြည်ပမှ တင်သွင်းမှုအခြေအနေနှင့် ပဲမျိုးစုံဈေးနှုန်းများကို သုံးသပ်ဖော်ပြထားသည်။ ယခုသီတင်းပတ်အတွင်းတွင် ပဲမျိုးစုံကုန် သေတ္တာဝင်ရောက်မှုရှိပြီး၊ ဝမ်းပုံ စနစ်ဖြင့် တင်သွင်းလာသည့် ပဲမျိုးစုံလည်း ရောက်ရှိလာမည်ဖြစ်သည်။ ဆောင်းရာသီစိုက်ပျိုးမှုကို ကြည့်ပါက ယခင်နှစ်ကာလ တူနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုနှစ် စိုက်ပျိုးမှုအခြေအနေက ပိုမိုတိုးတက်နေသည်ကို တွေ့ရသည်။ ဈေးနှုန်းအခြေအနေမှာလည်း အများအားဖြင့် ကျဆင်းမည့်အလားလားကို တွေ့ရသည်။**

### ပဲမျိုးစုံစိုက်ပျိုးမှု

ပုံမှန်ဆောင်းပဲမျိုးစုံစိုက်ဧရိယာမှာ ဟတ်တာ ၁၄၀ ဒသမ ၆၇ သိန်းရှိသည့်အနက် ယခုနှစ် ယခုချိန်ထိ စိုက်ပျိုးနိုင်မှုအခြေအနေမှာ ၉၈ ဒသမ ၂၈ ရာခိုင်နှုန်းရှိနေပြီဖြစ်ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်ထိ စိုက်ပျိုးနိုင်မှုအခြေအနေမှာ ဟတ်တာ ၁၃၈ ဒသမ ၂၅ သိန်းရှိရာ ယခင်နှစ်ကာလတူက စိုက်ပျိုးနိုင်ခဲ့သော ဟတ်တာ ၁၂၅ ဒသမ ၇၃ သိန်းနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၉၆ ရာခိုင်နှုန်း သာလွန်နေသည်ကိုတွေ့ရသည်။ ဆောင်းစိုက်သီးနှံများအနက် အဓိကစိုက်ပျိုးသီးနှံဖြစ်သော ကုလားပဲစိုက်ပျိုးမှုမှာ ဟတ်တာ ၈၉ ဒသမ ၂၁ သိန်းထိရောက်ရှိပြီဖြစ်သဖြင့် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဟက်တာ ၁၁ ဒသမ ၃၅သိန်း ပိုမိုသည်ကို တွေ့ရသည်။ ရာသီဥတုအခြေအနေများ ကောင်းမွန်နေဆဲဖြစ်သဖြင့် ကုလားပဲစိုက်ပျိုးမှုလုပ်ငန်းများကို ဒီဇင်ဘာလကုန်အထိ ဆက်လက်ဆောင်ရွက်မည်ဟု ခန့်မှန်းထားသည်။ အစိုးရကပေးသော အနိမ့်ဆုံး ထောက်ပံ့ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၀၀၀ နှုန်း ရှိသဖြင့် ယခုနှစ်တွင် တောင်သူတို့က ကုလားပဲ ပိုမိုစိုက်မည်ဟု ခန့်မှန်းရသည်။

ဆောင်းရာသီတွင် ကုလားပဲသီးနှံပြီးလျှင် ရှေ့ကပြေးနေသော သီးနှံမှာ ပဲနီလေးဖြစ်ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ဧရိယာဟတ်တာ ၁၃ ဒသမ ၀၃ သိန်း စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ဟတ်တာ ၁၅ ဒသမ ၇၃ သိန်းစိုက်ပျိုးနိုင်ခဲ့သဖြင့် ၂၀ ဒသမ ၇၂ ရာခိုင်နှုန်း ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ အလားတူပင် ပဲစိမ်းလုံးက ၆ ဒသမ ၆၈ ရာခိုင်နှုန်းပိုမို စိုက်ပျိုး နိုင်ခဲ့သည်။ သို့သော်လည်း မတ်ပဲ၊ ပဲတီစိမ်း စသည့် ပဲများ၏ စိုက်ပျိုးမှုအခြေအနေမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ကျဆင်းလျက်ရှိသည်ကို တွေ့ရသည်။ သို့သော်လည်း ပဲတီစိမ်းစိုက်ပျိုးရာသီက ဇန်နဝါရီအထိ ဆက်လက်တည်ရှိနေပြီမည်ဖြစ်သဖြင့် ယခင်နှစ်များက ပုံမှန်စိုက်ပျိုးခဲ့သော ဧရိယာကို ပြည့်မီနိုင်မည်ဟု ခန့်မှန်းရသည်။ မတ်ပဲစိုက်ပျိုးသော ဒေသများတွင်အခြား ပဲမျိုးစုံနှင့် ဂျုံ၊ ဧရာ စသည်တို့ကို အစားထိုး စိုက်ပျိုးလျက်ရှိသဖြင့် မတ်ပဲစိုက်ပျိုးမှုမှာအနည်းငယ် ကျဆင်းနိုင်သည်။

### ပဲမျိုးစုံတင်သွင်းမှု

အိန္ဒိယနိုင်ငံ နာဗာရှီဗာဆိပ်ကမ်းမှာ ဒီဇင်ဘာ ၂၂ ရက်က ပဲမျိုးစုံကုန်သေတ္တာအလုံး ၂၇၀ ရောက်ရှိခဲ့သည်။ ရောက်ရှိသော ပဲမျိုးစုံ ကုန်သေတ္တာများအနက် ၂၇ ဒသမ ၀၄ ရာခိုင်နှုန်းမှာ ဩစတြေးလျနှင့် ရုရှားမှ တင်သွင်းသော ကုလားပဲများဖြစ်သည်။ ပဲနီလေး တင်သွင်းမှုမှာ အချိုးအစား အများဆုံးဖြစ်သည်။ ကုန်သေတ္တာ စုစုပေါင်း၏ ၃၁ ဒသမ ၈၅ ရာခိုင်နှုန်းရှိပြီး ယူကရိန်းနှင့် ကနေဒါမှ တင်သွင်းသောပဲများ ဖြစ်သည်။ အလားတူပင် မာလာဝီနှင့် မိုဇမ်ဘစ်နိုင်ငံတို့မှ တင်သွင်းသော ပဲတီစိမ်းနှင့် ပဲစင်းငုံတို့လည်းပါဝင်သည်။ ပဲမျိုးစုံကို ဆက်လက်တင်သွင်းဦးမည့် အလားအလာ ရှိသဖြင့် ပြည်တွင်းပဲဈေးနှုန်းအပေါ်တွင် အကျိုးသက်ရောက်မှု ရှိနိုင်သည်။

ဝမ်းပုံအလိုက်တင်သွင်းသည့် ပဲအခြေအနေကို ကြည့်ပါက ဒီဇင်ဘာ ၂၈ ရက်တွင် မွမ်ဘိုင်းဆိပ်ကမ်းသို့ ဩစတြေးလျကုလားပဲ ၁၉၉၅၀ တန်ရောက်ရှိမည်ဖြစ်သည်။ ထို့ပြင် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် မန်ဒရာဆိပ်ကမ်းသို့ ၂၇၂၇၇ တန်ကျော် ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

### ပဲဈေးနှုန်းအခြေအနေ

မဟာရရှတ္တရပြည်နယ် လာတာမြို့တွင် ပဲစင်းငုံဈေးက တစ်ကွင်တယ်ကို ရူပီး ၂၅၀ မြင့်တက်ပြီး ရူပီး ၅၀၀၀ မှ ၅၁၂၅ ရူပီး နှုန်းအကြား အတက်အကျရှိသည်။ ဝီဂျေဝါရာတွင် ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၉၁၀၀ နှုန်းရှိသည်။ မတ်ပဲဈေးက ရူပီး ၇၀၀၀ မှ ၇၁၀၀ အကြားတွင်ရှိသည်။ မွမ်ဘိုင်းဈေးကွက်တွင် ယခင်ရက်သတ္တပတ်အတွင်းက အချို့ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်မှုအနည်းငယ်ရှိခဲ့သော်လည်း အားလုံးခြုံကြည့်ပါက ဈေးကျလျက်ရှိနေသည်ကို တွေ့ရသည်။

မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံဈေးကွက်က တစ်ကွင်တယ်ကို ၄၇၇၅ ရူပီးမှ ရူပီး၄၈၀၀ နှုန်းကြား ရှိခဲ့သည်။ ပဲသစ်များပေါ်လာမည်ဖြစ်သဖြင့် ပဲစင်းငုံနီ ဈေးနှုန်းမှာ ဈေးတန့်နေရာမှ ကျဆင်းမည့်လက္ခဏာကို တွေ့ရသည်။ မတ်ပဲဈေးမှာလည်း တစ်ကွင်တယ်ကို ရူပီး ၆၈၀၀ မှ ရူပီး ၆၅၀၀ သို့ ကျဆင်းခဲ့ပြီး ဆက်လက်ကျဆင်းမည့်လက္ခဏာကို တွေ့ရသည်။ မတ်ပဲဝယ်လိုအား ကျဆင်းမှု၊ အခြားဈေး ချိုသော ပဲများရရှိမှုတို့ကြောင့် မတ်ပဲဈေး မြင့်တက်မည့် အရှိန်အဟုန်ကို ကျဆင်းစေခဲ့သည်။

မွမ်ဘိုင်းဈေးကွက်တွင် ဩစတေးလျ ကုလားပဲဈေးမှာ ရူပီး ၉၀၀၀ မှ ၉၁၀၀ ကြားရှိပြီး အီသီယိုပီးယားနှင့် တန်ဇန်နီယား ကုလားပဲဈေးများမှာ ရူပီး ၈၂၀၀ နှင့် ၉၁၀၀ ဈေး အသီးသီးရှိခဲ့သည်။ ဒီဇင်ဘာနှင့် ဇန်နဝါရီတွင် အမြောက်အမြား တင်သွင်းလာမည့် လက္ခဏာများ ကြောင့် ကုလားပဲဈေးက အကျဘက်သို့ ဆက်လက်ဦးတည်နေသည်။

မွမ်ဘိုင်းဈေးကွက်တွင် ပဲနီလေးအဖွင့်ဈေးက တစ်ကွင်တယ်ကို ရူပီး ၄၅၅၀ နှင့် ၄၇၀၀ ကြားတွင်ရှိပြီး ကနေဒါပဲစိမ်းလုံးက ၂၃၉၁ ရူပီးနှင့် ၂၄၀၁ ရူပီး နှုန်းကြားတွင်ရှိသည်။ ရုရှားပဲ စိမ်းလုံးဈေးမှာ တစ်ကွင်တယ်ကို ၂၃၅၁ ရူပီးနှုန်းရှိသည်။ ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအား ကျဆင်းလျက်ရှိပြီး ဝယ်လက်များက အသုံးလိုမှသာ ဝယ်ယူလျက်ရှိသည်။ ပဲအမျိုးမျိုးထုတ်လုပ်မှုမှာ မိုးရာသီတွင် ကောင်းမွန်ခဲ့ပြီးနောက် ဆောင်းရာသီမှာလည်း အလားအလာများ ကောင်းမွန်လျက်ရှိသည်။ ရုရှား၊ ကနေဒါနှင့် ဩစတေးလျတို့မှ ပဲများဆက်တိုက်ဝင်နေသဖြင့် ရောင်းလိုအားမှာ မြင့်တက်လျက်ရှိသည်။

### အပြည်ပြည်ဆိုင်ရာ ပဲမျိုးစုံဈေးကွက်

အမေရိကန်ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ အမျိုးသားလယ်ယာစိုက်ပျိုးရေးစာရင်းအင်းလုပ်ငန်း (NASS) က ပဲစိမ်းလုံး၊ ပဲနီလေးနှင့် ကုလားပဲတို့၏ စိုက်ပျိုး၊ ရိတ်သိမ်း၊ ထုတ်လုပ်မှုကိန်းဂဏန်းများကို ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု ပဲအထွက်နှုန်းကို (Dry Pea and Lentil Council) က ၁၂၅၅၉၁၁ တန်ထွက်ရှိမည် ခန့်မှန်းထားသော်လည်း NASS ကမူ ၁၂၂၆၀၂၇ တန်ရှိမည်ဟု ဒီဇင်ဘာ အစီရင်ခံစာတွင် ခန့်မှန်းထားသည်။ ပဲနီးလေးကိုမူ NASS က ၅၆၄၀၉၃ တန် ထွက်ရှိမည်ဟု ခန့်မှန်းပြီး DPLC ကမူ ၆၂၃၃၀၇ တန် ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ ကုလားပဲ ထုတ်လုပ် မှုမှာ ၃၃၆၄၉၇ တန်ရှိမည်ဟု DPLC က ခန့်မှန်းသည်။

အမေရိကန်ပြည်ထောင်စု ပဲတင်ပို့မှုမှာ စက်တင်ဘာလအတွင်းက စံချိန်တင်မြင့်တက်ခဲ့ပြီးနောက် အောက်တိုဘာ တင်ပို့မှုမှာ ပြန်လည်ကျဆင်းခဲ့သည်။ ပဲစိမ်းလုံးတင်ပို့မှုမှာ စက်တင်ဘာက တန်ချိန်တစ်သိန်းရှိခဲ့ရာမှ အောက်တိုဘာတွင် ၃၈၆၀၀ တန်သာ ရှိခဲ့သည်။ အများအားဖြင့် ပို့ကုန်ကျဆင်းခဲ့သည်မှာ အိန္ဒိယသို့တင်ပို့မှု ကျဆင်းသောကြောင့် ဖြစ်သည်။ ပဲနီလေးတင်ပို့မှုမှာလည်း စက်တင်ဘာနှင့် နှိုင်းယှဉ်ပါက အောက်တိုဘာတွင် ကျဆင်းခဲ့သည်။

ပဲမျိုးစုံ ဈေးနှုန်းအလားအလာမှာ ဈေးနှုန်းတန့်နေရာမှ ကျဆင်းနိုင်သည့် အခြေအနေရှိသည်။

**စံမီအောင်**

## အိန္ဒိယနိုင်ငံက ဝါဂွမ်းကို အချိန်စောရှ် တင်သွင်းမည်

ပြည်တွင်း၌ ဈေးနှုန်းများ မြင့်တက်နေသည့်အတွက် ဝါဂွမ်းကို အိန္ဒိယနိုင်ငံက စတင်တင်သွင်းတော့မည်ဖြစ်ကြောင်း ကွန်မိုဒီတီအွန်လိုင်း သတင်းတွင် ဖော်ပြသည်။ ပုံမှန်အားဖြင့် ဝါဂွမ်းတင်သွင်းမှုကို ဧပြီနှင့် မေလရောက်မှသာ စတင်ဆောင်ရွက်လေ့ရှိပြီး ထိုအချိန်ရောက်မှသာ ဈေးနှုန်းများ မြင့်တက်လေ့ရှိသည်။

အိန္ဒိယနိုင်ငံသည် ဒီဇင်ဘာလအတွင်းက ဝါဂွမ်းဘေထုပ် သုံးသိန်းခန့် တင်သွင်းခဲ့သည်။ ယခုနှစ်တွင် ဆောင်ရွက်ခဲ့သော ငွေစက္ကူအချို့ တရားမဝင်ကြေညာမှုက အိန္ဒိယနိုင်ငံအတွင်းသို့ ဝါဂွမ်းများ ဝင်ရောက်မှုအပေါ်တွင် ဂယက်ရိုက်ခတ်မှုရှိခဲ့ သဖြင့် ပြည်တွင်းဈေးကွက်များတွင် ဝါဂွမ်းဈေးနှုန်းများ မြင့်တက်ပြီး တင်သွင်းမှုလည်း ကျဆင်းခဲ့သည်။

ဝါဂွမ်းကို ဝယ်ယူရာတွင် ငွေသားဖြင့် လက်ငင်းမရသည့်အတွက် ဝါတောင်သူတို့က မိမိတို့ထွက်ကုန်များကို အလုံးအရင်းဖြင့် ရောင်းချလိုစိတ်မရှိကြပေ။ ဈေးကွက်အတွင်းသို့ အောက်တိုဘာမှ ဒီဇင်ဘာအထိ ဝါဂွမ်းဝင်ရောက်မှုမှာ ဘေထုပ် ၇ ဒသမ ၅ သန်းသာရှိခဲ့ရာ ၂၀၁၅ ခုနှစ်က တင်သွင်းခဲ့သော ၁၀ သန်းနှင့် နှိုင်းယှဉ်ပါက တင်သွင်းမှု ကျဆင်းလျက်ရှိသည်ကို တွေ့ရကြောင်း အိန္ဒိယဝါဂွမ်းကော်ပိုရေးရှင်း(CCI)မှ ရရှိသော ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

နေ့စဉ် ဝင်ရောက်လျက်ရှိသော ဝါဂွမ်းပမာဏမှာ ပုံမှန်အောက် ကျဆင်းလျက်ရှိသဖြင့် ဝါဂွမ်းဈေးနှုန်းများမှာ ကျဆင်းမည့်အလားအလာ မရှိသေးကြောင်း တွေ့ရသည်။ အနောက်အဖရိက ဝါဂွမ်းမှာ အိန္ဒိယဝါဂွမ်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းသက်သာသဖြင့် စက်ရုံများက အာဖရိက ပိုမိုတင်သွင်းလေ့ရှိသည်။

## ကန်ဒါမာပြည်နယ်မှ ဖိနပ်ကောင်းတင်ပို့မှုကို မြှင့်တင်မည်

ဖိနပ်ကောင်း ထုတ်လုပ်ရေး စက်ဟောင်းများကို အစားထိုး လဲလှယ်ရန်အတွက် ရန်ပုံငွေ ရူပီး၂ဒသမ ၄၆ ကုဋေရှိ ရန်ပုံငွေကို ကန်ဒါမာ ဖိနပ်ကောင်း ရောင်းချရေးအသင်းအား အစိုးရက ခွင့်ပြုပြီးနောက် ကန်ဒါမာမှ ဖိနပ်ကောင်း ပြည်ပတင်ပို့မှုသည် တိုးတက်လာတော့မည့် အလားအလာများကို တွေ့မြင်နေရကြောင်း အိန္ဒိယန်း အိပ်စ်ပရက်သတင်းတွင် တွေ့ရသည်။

ဖိနပ်ကောင်း ရောင်းချရေး အသင်းတွင် ဖိနပ်ကောင်း တောင်သူဦးရေ ၁၂၀၀၀ ကျော်ပါဝင်ပြီး အသင်းဝင်များက ထုတ်လုပ်သော ဖိနပ်ကောင်းများကို အသင်းက ဝယ်ယူသည်။ အသင်းဝင်များက ဆင့်တက်ပြုပြင်ထားသော ဖိနပ်ကောင်းကို နနွင်း၊ ချင်းနှင့် မုန်ညင်းတို့ကိုလည်း နိုင်ငံအသီးသီးသို့ တင်ပို့သည်။

အစိုးရကပေးသော ရန်ပုံငွေဖြင့် သက်တမ်း ၁၆ နှစ်ကြာနေပြီဖြစ်သော ကြိတ်ခွဲပြုပြင်ရေး စက်ဟောင်းများကို အစားထိုးသွားမည်ဖြစ်ကြောင်း ဖိနပ်ကောင်း ဈေးကွက်တင်ပို့ရေး အသင်းအတွင်းရေးမှူး ဆန်ဂျစ်ပက် နီယက်က ပြောသည်။

ကန်ဒါမာ ဖိနပ်ကောင်း ရောင်းချရေး အသင်းသားများသည် လောလောဆယ်တွင် နနွင်း၊ ချင်းနှင့် မုန်ညင်းအမှုန့်တို့ကို ဥရောပသို့ တင်ပို့လျက်ရှိရာ ဝယ်လိုအား မြင့်မားလျက်ရှိသည်။ ကြိတ်ခွဲထုတ်လုပ်မှု အင်အားမှာ တစ်နှစ်ကို တန် ၁၀၀၀ ဖြစ်ရာ တစ်နှစ်ကို တန်ချိန် ၅၀၀၀ အထိ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖိနပ်ကောင်းမှာ အမျိုးမျိုး အသုံးပြုနိုင်သည့်အတွက် နနွင်းနှင့် ချင်းတို့ကဲ့သို့ ပြည်ပနိုင်ငံများ၌ ဝယ်လိုအား ကောင်းမွန်လျက် ရှိကြောင်း သူက ပြောသည်။ နနွင်းကို ဆေးဖြစ်ဝါးဖြစ် အသုံးပြုနိုင်သလို မျက်နှာလိမ်းရန် အတွက်လည်း အသုံးပြုကြောင်း သူက ပြောသည်။

ဖိနပ်ကောင်းအသင်းက ထုတ်လုပ်သော ဖိနပ်ကောင်း ထုတ်ကုန်များကို အော်ဂဲနစ်သီးနှံအဖြစ် အသိအမှတ်ပြုလက်မှတ်ကွပ်ကဲရေးသမဂ္ဂက အသိအမှတ်ပြုထားသည်။

၂၀၁၅ ခုနှစ်က ဆင့်တက်ပြုပြင်ပြီး နနွင်းတန်ချိန် ၁၁၀၀ နှင့် ချင်းပြားတန် ၄၀ တို့ကို ပြည်ပနိုင်ငံအသီးသီးသို့ တင်ပို့ခဲ့ရာ အကျိုးအမြတ် ရူပီး သိန်း၅၀ ရခဲ့သည်။

အဓိက ဝယ်လက်နိုင်ငံများမှာ ယူကေ၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ နယ်သာလန်၊ ဂျာမနီနှင့် အခြားနိုင်ငံများ ပါဝင်သည်။ ယခုနှစ် ပထမလေးလတွင် ဤထုတ်ကုန် တန် ၅၀၀ ကို ဥရောပနိုင်ငံများသို့ တင်ပို့နိုင်ကြောင်း ပက်တာနီယက်က ပြောသည်။

# တီထွင်ဆန်းသစ်မှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဆောင်ရွက်ရန် ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ကတိုက်တွန်း

အစိုးရမူဝါဒနှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဆောင်ရွက်နိုင်ရန်နှင့် ထိုင်းနိုင်ငံ၏ အခြေခံအဆောက်အအုံကို ထူထောင်နိုင်ရန်အတွက် လာမည့်နှစ်တွင် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တီထွင်ဆန်းသစ်မှုအပေါ်တွင် အခြေခံဆောင်ရွက်ရန်လိုမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီး ဆူဗစ်မေဆင်စီး၏ ပြောကြားချက်ကို နေးရှင်းသတင်းတွင်ဖော်ပြသည်။

လူသားရင်းမြစ်၊ စက်မှုလုပ်ငန်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးအခြေခံအဆောက်အအုံနှင့် နည်းပညာနှင့် ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုများကို ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း ဒီဇင်ဘာ ၂၆ ရက်က ကျင်းပသည့် အစည်းအဝေးတွင် သဘာပတိအဖြစ်ဆောင်ရွက်သူ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုးချားက ပြောသည်။

နိုင်ငံ၏ ယှဉ်ပြိုင်မှုစွမ်းရည်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် တီထွင်ဖန်တီးမှုရှိပြီး အဆင့်မြင့်သော နည်းပညာကိုရရှိအောင် မည်ကဲ့သို့ ရည်မှန်းချက်ထားဆောင်ရွက်ရမည်ကို ဘုတ်အဖွဲ့က လေ့လာလျက်ရှိကြောင်း ဆူဗစ်ကပြောသည်။ ထိုသို့ ဆောင်ရွက်မည့်နည်းများအနက် ယှဉ်ပြိုင်မှုစွမ်းရည်မြှင့်တင်ရေးရန်ပုံငွေသည်လည်း တစ်ခုအဖြစ်ပါဝင်ပြီး လာမည့် သုံးလပတ်တွင် စတင်ထူထောင်ရန် ရည်မှန်းထားသည်။

ရန်ပုံငွေကို ဘတ် ၁၀ ဘီလီယံဖြင့် မတည်ဆောင်ရွက်ပြီး စက်မှုလုပ်ငန်းများနှင့် တီထွင်ဆန်းသစ်မှုရှိသော စီမံကိန်းများကို ထောက်ပံ့သွားမည်ဖြစ်သည်။ ပထမဆုံးထားရှိသော ရည်မှန်းချက်မှာ ဂျပန်၊ တရုတ်ပြည်မကြီး၊ တရုတ်(တိုင်ပေ)၊ ယူကေ၊ ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်၊ အိန္ဒိယနှင့် တောင်ကိုရီးယားတို့မှ ရင်းနှီးမြှုပ်နှံမှုများရရှိရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ရည်မှန်းထားသော စီးပွားရေးလုပ်ငန်းများရှိ ရင်းနှီးမြှုပ်နှံသူ ၂၅၀၀ ကို ဆွဲဆောင်သွားရန် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအစီအစဉ်အဖြစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် " Opportunity Thailand" အခမ်းအနားကို ကျင်းပရန် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က စီစဉ်ထားသည်။

ထို့ပြင် BOI Plus မူဝါဒကို ချမှတ်ထားပြီးဖြစ်ရာ ထိုမူဝါဒအရ ရင်းနှီးမြှုပ်နှံမှု အော်ဂျင်စီသည် အထူးသဖြင့် အရှေ့ပိုင်းစီးပွားရေးစင်္ကြံနှင့်အတူ အထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းများအတွက် ဆောင်ရွက်မှုများကို ပိုမိုပေးအပ်သွားနိုင်မည်ဖြစ်သည်။

# ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကိုရေးဆွဲရန် တရုတ်နိုင်ငံက အရှိန်အဟုန်မြှင့်ဆောင်ရွက်



အိမ်ခြံမြေ ဈေးကွက်ကဲ့သို့သော ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများက ပုံမှန်အနေအထားမျိုးကို မတွေ့ရသည့်အတွက် ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်နှံမှုများအတွက် နည်းဥပဒေမူကြမ်းများကို တရုတ်နိုင်ငံက အရှိန်အဟုန်မြှင့်၍ ရေးဆွဲသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၇ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းတွင် ဖော်ပြသည်။ ယခုနှစ်တွင် ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်နှံမှုက အဆမတန်မြင့်တက်လာသည့်အတွက် စွန့်စားမှုအန္တရာယ် များမြင့်မားလာပြီး တချို့စီးပွားရေးလုပ်ငန်းများမှ ပိုင်ဆိုင်မှုထက် ကြွေးမြီတာဝန်က ပိုမိုမြင့်မားနေသည့်တိုင်အောင် ပမာဏကြီးမားသော သဘောတူစာချုပ်များကို ချုပ်ဆိုဆောင်ရွက်နေကြောင်း ချောင်လျူဂွန်က နိုင်ငံပိုင်သတင်းဌာနဖြစ်သော ချိုင်းနားနယူးစ်ကို ပြောကြားသည်။

"အိမ်ခြံမြေ ကဏ္ဍက ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှုတွေမှာ ကျိုးကြောင်းညီညွတ်မှုမရှိတဲ့ အလားအလာတွေကို တွေ့မြင်နေပါတယ်"ဟု ချောင်က ပြောသည်။

အဆိုပြုထားသော စည်းမျဉ်းဥပဒေများကို လေ့လာသုံးသပ်ရာမှာ ပါဝင်သော အချက်အလက်များမှာ များစွာပြည့်စုံမှုရှိကြောင်း သူကပြောကြားသော်လည်း အသေးစိတ်ကိုမူ သူက ပြောကြားခြင်းမရှိပါ။

ဇန်နဝါရီမှ နိုဝင်ဘာအထိ တရုတ်နိုင်ငံ၏ ပြင်ပသို့ ရင်းနှီးမြှုပ်နှံမှုမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၅၅ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ပြီး ယွမ် ၁ ဒသမ ၀၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၉၆ ဘီလီယံ) သို့ ရောက်ရှိခဲ့သည်။

တရုတ်နိုင်ငံမှ ငွေကြေးများ ပြည်ပသို့ စီးထွက်မှု ကို ထိန်းချုပ်မည့် အစီအမံများကို တရုတ်နိုင်ငံက မကြာသေးမီက ကြေညာခဲ့ရာ အဆိုပါကြေညာချက်တွင် ပြည်ပသို့ ရင်းနှီးမြှုပ်နှံမှုကို အနီးကပ်ကြီးကြပ်ရေး အစီအမံလည်း ပါဝင်သည်။ ယွမ်ငွေတန်ဖိုးမှာ ရှစ်နှစ်ခွဲအတွင်း အများဆုံးကျဆင်းခြင်းနှင့် တရုတ်နိုင်ငံ၏ အရန်နိုင်ငံခြားငွေက ခြောက်နှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိခြင်းတို့ကြောင့် ယခုကဲ့သို့ ထိန်းချုပ်ခဲ့ရခြင်းဖြစ်သည်။

# ဆော်ဒီအာရေးဘီးယားက ဘတ်ဂျက်အစီအစဉ်ကို ထုတ်ပြန်

ဆော်ဒီအာရေးဘီးယား နိုင်ငံ၏ စီးပွားရေးကို ၂၀၂၀ ပြည့်နှစ်အထိ ချိန်သားကိုက် ညှိထားသော အစိုးရ၏ ဘတ်ဂျက်အစီအစဉ်ကို ဆော်ဒီအာရေးဘီးယားအစိုးရက ယခင်ရက်သတ္တပတ်က ထုတ်ပြန်ခဲ့ကြောင်း ဘလွမ်းဘတ်သတင်းတွင်ဖော်ပြသည်။

ထုတ်ပြန်ကြေညာချက်တွင် ငွေလုံးငွေရင်း သုံးစွဲမှုလျှော့ချမှု၊ အကောက်ခွန်သစ်များကို တိုးမြှင့်မှုနှင့် ပုဂ္ဂလိကကဏ္ဍကို အားပေးလှုံ့ဆော်မှုများ ပါဝင်သည်။ ငွေလုံးငွေရင်း အသုံးစရိတ်မြင့်မားသော ဝန်ကြီးဌာနများ၏ လက်အောက်တွင် အကောင်အထည်ဖော်နေသော စုစုပေါင်းအသုံးစရိတ် ဆော်ဒီအာရေးဘီးယားရီယယ်ဘီလီယံ ၄၉၀ (အမေရိ ကန်ဒေါ်လာ ၁၃၁ ဘီလီယံ) ရှိ စီမံကိန်းများကို အာဏာပိုင်တို့က ပြန်လည်သုံးသပ်လျက်ရှိသည်။ စီမံကိန်းကုန်ကျစရိတ်များကို ထိန်းချုပ်နိုင်ရန် အစိုးရက မဟာဗျူဟာမြောက် ဝယ်ယူစုဆောင်းရေးအဖွဲ့ကို ဖွဲ့စည်းထားသည်။

အစိုးရထောက်ပံ့မှုများကို လျှော့ချသည့် အစီအစဉ်အဖြစ် အစိုးရက ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ စွမ်းအင်နှင့် သောက်သုံးရေဈေးနှုန်းများကို တဖြည်းဖြည်း ပြောင်းလဲသွားမည်ဖြစ်သည်။

အစိုးရသည် အခွန်အခများကို စတင်ပြဋ္ဌာန်းဆောင်ရွက်ပြီး အစိုးရအကောက်အခွန်ကို ၂၀၁၇ ခုနှစ်တွင် ရီယယ် ၄၂ ဘီလီယံနှင့် ၂၀၂၀ ပြည့်နှစ်တွင် ရီယယ် ၁၅၂ ဘီလီယံရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် မှီခိုသူရှိသော နိုင်ငံခြားလုပ်သားများကို ကောက်ခံသော အခွန်ကို ထူးထူးခြားခြား မြှင့်တင်သွားမည်ဖြစ်သည်။ လုပ်သားခွန်ကို ဇူလိုင်လမှစပြီး တစ်လကို ရီယယ် ၁၀၀ သတ်မှတ်ကောက်ခံရာမှ ၂၀၂၀ ပြည့်နှစ်တွင် ရီယယ် ၄၀၀ ထိ ရောက်ရှိအောင် နှစ်စဉ်တိုးမြှင့်သွားမည်။ မှီခိုသူ တစ်ဦးချင်းအလိုက် မည်သို့ကောက်ခံမည်ကို ပြတ်သားစွာ ဖော်ပြထားခြင်းမရှိပါ။

ဆော်ဒီအာရေးဘီးယား နိုင်ငံသားများထက် နိုင်ငံခြားလုပ်သားများကို ပိုမိုခန့်ထားသော အလုပ်ရှင်များက ပေးသွင်းရသော လစဉ်ကြေးကို တိုးမြှင့်သွားရန် အစိုးရက စီစဉ်ထားသည်။ ဆော်ဒီနိုင်ငံသားများထက် နိုင်ငံခြားသားလျှော့၍ ခန့်ထားသော ကုမ္ပဏီများကို ယခင်က လစဉ်ကြေးကင်းလွတ်ခွင့်ပေးထားသော်လည်း ယခုအခါ လျှော့နှုန်းကိုသာ ခံစားခွင့်ပြုထားသည်။

စီးပွားရေးအပေါ် ယုံကြည်မှု ကျဆင်းလျက်ရှိကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ အလုပ်အကိုင်ခန့်ထားမှု ကျဆင်းနေကြောင်းနှင့် တစ်ဦးချင်းစားသုံးမှုကျဆင်းနိမ့်ကျနေကြောင်း အာဏာပိုင်တို့က ဝန်ခံထားသည်။ အခြေအနေကို တန်ပြန်ပြောင်းလဲနိုင်ရန်အတွက် ပုဂ္ဂလိကကိုအားပေးလှုံ့ဆော်မှုအဖြစ် ၂၀၂၀ ပြည့်နှစ်အထိ ရီယယ်ဘီလီယံ ၂၀၀ (အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၃ ဘီလီယံ) သုံးစွဲရန် အစိုးရက ကြေညာထားသည်။

# စီးပွားရေးဖွဲ့စည်းတည်ဆောက်မှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို ၂၀၁၇ ခုနှစ်တွင် ပြင်းပြင်းထန်ထန် ဆက်လက်ဆောင်ရွက်ရန် ဘဏ္ဍာရေးဝန်ကြီး ကတိပြု

တောင်ကိုရီးယား နိုင်ငံတွင် ထာဝရပြုပြင်ပြောင်းလဲရေးစနစ်တစ်ခုကိုထူထောင်နိုင်ရေးကို ရည်ရွယ်ပြီး နှစ်သစ်တွင် ကော်ပိုရေးရှင်းများ ဖွဲ့စည်းတည်ဆောက်ပုံ ပြန်လည်ပြင်ဆင်ရေးကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီး၏ ဒီဇင်ဘာ ၂၆ ရက်က ပြောကြားချက်ကို ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

"နိုင်ငံရဲ့ အနာဂတ်အတွက် လာမယ့်နှစ်မှာ စီးပွားရေးဖွဲ့စည်းမှု ပြန်လည်တည်ဆောက်ရေးကို ဆက်လက်ဆောင် ရွက်သွားဦးမှာပါ"ဟု ဆိုးလ်မြို့တွင်ကျင်းပသော ကော်ပိုရေးရှင်းများ ပြန်လည် ဖွဲ့စည်းတည်ဆောက်ရေးနှင့် သက်ဆိုင်သည့် ဝန်ကြီးများအစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးယူအီးဟိုက ပြောသည်။

လာမည့်နှစ်တွင် ချေးငွေနှင့်ပတ်သက်သော အန္တရာယ်များအား စစ်ဆေးရေးလုပ်ငန်းကို ပုံမှန်ပြုလုပ်သွားပြီး အဓိကကျသော စက်မှုလုပ်ငန်းကဏ္ဍများတွင် အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အလားအလာများကို စစ်ဆေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။

ဖွံ့ဖြိုးမှု ကျဆင်းနေသော ကဏ္ဍများအတွက် တောင်ကိုရီးယားအစိုးရက ထောက်ပံ့မှုများပေးလျက်ရှိရာ အဆိုပါကဏ္ဍများတွင် ကမ္ဘာ့စီးပွားရေးနှေးကွေးကျဆင်းမှုနှင့် ဝယ်လိုအားကျဆင်းမှု ဒဏ်ကိုခံနေရသော သင်္ဘောတည်ဆောက်ရေး၊ သံမဏိ ထုတ်လုပ်ရေး၊ သင်္ဘောပို့ဆောင်ရေးနှင့် ရေနံဓာတုထုတ်လုပ်ငန်းများ ပါဝင်သည်။

"စက်မှုကဏ္ဍလေးခု ပြန်လည်တိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ပြန်လည် လေ့လာသုံးသပ်ပြီး လာမည့်နှစ်အတွက် အစီအစဉ်တွေကို ကျွန်တော်တို့ ချမှတ်မှာဖြစ်ပါတယ်" ဟု ယိုးကပြောသည်။

ဥပဒေပြဋ္ဌာန်းချက်နှင့် အညီ စီးပွားရေးလုပ်ငန်းများကိုယ်တိုင် ဆန္ဒအလျောက် လုပ်ငန်းဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်ပြင်ဆင်လာအောင် အစိုးရက အားပေးသွားမည်ဖြစ်ကြောင်းပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်




အမေရိကန်ဘွန်းစာချုပ်အတိုးနှုန်းများ ကျဆင်းမှုနှင့် ဒေါ်လာတန်ဖိုးကျဆင်းမှုကြောင့် အာရှငွေကြေးအများစုသည် ဒီဇင်ဘာ ၂၉ ရက်နေ့တွင် တန်ဖိုးများ ပြန်လည်မြင့်တက်လာခဲ့သည်။ ရင်းနှီးမြှုပ်နှံသူများကမူ ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်သမ္မတအဖြစ် တာဝန်ယူတော့မည့် ရွေးချယ်ခံသမ္မတ ဒေါ်နယ်ထရမ့်က စီးပွားရေးမူဝါဒနှင့် ပတ်သက်၍ ထူးထူးခြားခြားမည်သို့ လုပ်ဆောင်ပြမည်ကို လေ့လာ စောင့်ကြည့်လျက်ရှိသည်။

သမ္မတအဖြစ်ရွေးချယ်ခံ ထားရသူထရမ့်က စီးပွားရေးအခြေခံ အဆောက်အအုံ တည်ဆောက်ရေးနှင့် အခွန်လျှော့ချမည့် အဆိုပြုချက်ကို တင်ပြလာသည့်လာခဲ့ရာ အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှုနှင့် ငွေကြေးဖောင်းပွမှုတို့ မြင့်မားလာမည်ဟု ယူဆကြသည့်အတွက် နိုဝင်ဘာ လဆန်းပိုင်းက ထွန်းသစ်စငွေကြေးများ၏ တန်ဖိုးများကျဆင်းခဲ့ရသည်။ အလားတူကုန်သွယ်မှုနှင့်ပတ်သက်၍ ထရမ့်၏ ရပ်တည်ချက်အပေါ် စိုးရိမ်မှုကလည်း ပို့ကုန်အပေါ် မှီခိုနေရသည့် အာရှနိုင်ငံ ငွေကြေးများကို ထိခိုက်လာနိုင်သည်။

**တရုတ်ယွမ်**

အမေရိကန်ဒေါ်လာ၏ အညွှန်းကိန်းများပြန်လည်ကျဆင်းပြီး နောက်ပိုင်း ဒီဇင်ဘာ ၃၀ ရက်မှာ တရုတ်ယွမ်ငွေတန်ဖိုး မြင့်တက်ခဲ့သည်။

ဟောင်ကောင်တွင် ရောင်းဝယ်လျက်ရှိသော Offshore ယွမ်၏ တန်ဖိုးက အနည်းငယ်ပြောင်းလဲပြီး ဒီဇင်ဘာ နံနက် ၁၀ နာရီတွင် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၆၅၅ နှုန်းရှိခဲ့သည်။ ရှန်ဟဲတွင် ရောင်းချသော Onshore ယွမ်မှာ ဒုတိယနေ့အဖြစ် မြင့်တက်ကာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၄၇၇ ယွမ်နှုန်းရှိပြီး သုညဒသမ ၁၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ တရုတ်ဗဟိုဘဏ်ကမူ ဒီဇင်ဘာ ၃၀ ရက်က ဗဟိုဘဏ် ရည်ညွှန်းဖလှယ်နှုန်းကို သုညဒသမ ၁၈ ရာခိုင်နှုန်း မြှင့်တင်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၃၇၀ ယွမ်နှုန်းသတ်မှတ်ခဲ့သည်။

**အိန္ဒိယရူပီး**

ပို့ကုန်လုပ်ငန်းများနှင့် ဘဏ်များက အမေရိကန်ဒေါ်လာများကို ပြန်လည်ရောင်းချကြသဖြင့် ဒီဇင်ဘာ ၃၀ ရက်နေ့က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာမှာ ရူပီးငွေကြေးတန်ဖိုးက သုညဒသမ ၁၆ ရူပီးနှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆၇ ဒသမ ၉၄ ရူပီးနှုန်းရှိခဲ့သည်။ အခြားငွေကြေးများနှင့်ဖလှယ်ရာတွင် ဒေါ်လာ တန်ဖိုးကျဆင်းခြင်းက ရူပီးတန်ဖိုးမြင့်တက်အောင် အထောက်အကူဖြစ်ခဲ့သည်။

**ဂျပန်ယန်း**

အမေရိကန်ဘွန်းစာချုပ်အတိုးနှုန်းများ ရက်သတ္တပတ်နှစ်ပတ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခြင်း၊ ဂျပန်ငွေကြေးကို လုံခြုံစိတ်ချရသော ငွေကြေးအဖြစ် ယူဆခြင်းတို့ကြောင့် ဒီဇင်ဘာ ၂၉ ရက်က ယန်းငွေနှင့်ဖလှယ်ရာတွင် အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းခဲ့သည်။

အမေရိကန်ဒေါ်လာတန်ဖိုးက ယန်းငွေနှင့် ဖလှယ်ရာတွင် ဒီဇင်ဘာ ၂၈ ရက်က တစ်ဒေါ်လာကို ၁၁၇ ဒသမ ၁၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၉ ရက်မှာ ၁၁၆ ဒသမ ၈၀၀ ယန်းနှုန်းရှိခဲ့သည့်အတွက်သုညဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးက ဒီဇင်ဘာ ၂၈ ရက်က တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၇၂ ရှိခဲ့ရာမှ ဒီဇင်ဘာ ၂၉ ရက်တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄၃၇ ဒေါ်လာနှုန်းရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

နှစ်ကုန်အားလပ်ရက်များကြောင့် ရောင်းဝယ်ရေးနှင့်ပတ်သက်၍ ကုန်သည်များ၏ စိတ်အားထက်သန်မှုကျဆင်းနေသည့်အတွက် ဒီဇင်ဘာ ၃၀ ရက်တွင်အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ ရင်းဂစ်တန်ဖိုးမှာအပြောင်းအလဲမရှိတန့်နေသည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းသည် ဒီဇင်ဘာ ၃၀ ရက်နံနက် ၉ နာရီက တစ်ဒေါ်လာကို ၄ ဒသမ ၄၈၃၀ ရင်းဂစ်နှုန်းဖြင့် ယခင်နေ့ဈေးပိတ်ချိန်က နှုန်းအတိုင်း ဆက်လက်တည်ရှိခဲ့သည်။

**ကိုရီးယားဝမ်**

နှစ်ကုန်ရက်စာရင်းပိတ်အဖြစ် အဖွဲ့အစည်းများက စတော့ရှယ်ယာများကို ပုံအောရောင်းချသည့်နည်းတူ ပြည်ပမှလည်း ဝယ်ယူမှုရှိသည့်အတွက် တောင်ကိုရီးယားရှယ်ယာများမှာ ဒီဇင်ဘာ ၂၉ ရက်က အနည်းငယ်သာမြင့်တက်ခဲ့သည်။ အလားတူ တောင်ကိုရီးယား ဝမ်တန်ဖိုးကလည်း အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ၂ ဒသမ ၈၀ ဝမ်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၁၂၀၇ ဒသမ ၇၀ ဝမ်နှုန်းရှိခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းအချက် အလက်များအရ ဒီဇင်ဘာ ၃၀ ရက်က ထိုင်းဘတ်ငွေတန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် သုညဒသမ ၃၃ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၃၅ ဒသမ ၅၃ ဘတ်နှုန်းရှိခဲ့သည်။

## တောင်ကိုရီးယားအစိုးရဘဏ္ဍာငွေ သုံးစွဲမှု၏ အကျိုးသက်ရောက်မှုက ၂၀၁၇ ခုနှစ်တွင် ကျဆင်းနိုင်

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးပြန်လည်ပြုပြင်တည်ဆောက်မှုနှင့် အခြားသောအကြောင်းတရားများကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အစိုးရ၏ဘဏ္ဍာငွေသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုကယခုနှစ်ထက် ၂၀၁၇ ခုနှစ်တွင် ပိုမိုကျဆင်းလာဖွယ်ရှိသည်ဟု ဒီဇင်ဘာ ၂၆ ရက်က ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားကြောင်း ယွန်ဟပ်သတင်းတွင် ဖော်ပြသည်။

ဘဏ္ဍာငွေသုံးစွဲမှုက တိုင်းပြည်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) နှင့် အလုပ်အကိုင်ဖန်တီးမှုအပေါ် အကျိုးသက်ရောက်မှုသည် ၂၀၁၄ ခုနှစ်မှစပြီး ကျဆင်းလာခဲ့ကြောင်းနှင့် လာမည့်နှစ်တွင် ကျဆင်းမှု အရှိန်အဟုန်ပိုမိုများပြားလာနိုင်ကြောင်း အမျိုးသားလွှတ်တော် ဘတ်ဂျက်ရုံးက ပြောသည်။

အစိုးရက ဆောင်ရွက်လျက်ရှိသော ၂၀၁၄-၂၀၁၇ အထိ ဘတ်ဂျက်များကို အခြေခံလျက် ဘဏ္ဍာရေးအသုံးစရိတ် တစ်ယူနစ်အသုံးပြုခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအပေါ်တွင် လည်းကောင်း၊ အလုပ်အကိုင် ရရှိသူများအပေါ်တွင်လည်းကောင်းမည်သို့မည်ပုံ အကျိုးသက်ရောက်မှု ရှိမည်ကို အစီရင်ခံစာတွင် ခွဲခြမ်းစိတ်ဖြာ၍ သုံးသပ်ထားသည်။

ဘဏ္ဍာငွေသုံးစွဲမှုကြောင့် အကျိုးသက်ရောက်မှုကို ကျဆင်းလာရသည့် အကြောင်းရင်းအများအပြားကို အစီရင်ခံစာတွင် ဖော်ပြထားရာ ပြင်ပကမ္ဘာနှင့် တောင်ကိုရီးယားနိုင်ငံတို့ ဆက်သွယ်မှု မြင့်မားခြင်းကိုလည်း အကြောင်းရင်းတစ်ခုအဖြစ် ဖော်ပြထားသည်။

အတိုးနှုန်းနိမ့်ကျမှုကြောင့် ငွေကြေးမူဝါဒ၏ အကျိုးသက်ရောက်မှုကို အဟန့်အတားဖြစ်နေသည့်အတွက် တိုင်းပြည်ဖွံ့ဖြိုးရေးသည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး လီဂျူယိုးက ပြောသည်။

## ထိုင်းဗဟိုဘဏ်က ဒီဇင်ဘာမှာ ငွေကြေးမူဝါဒကို အပြောင်းအလဲမရှိ ဆက်ထိန်းထား

ဒီဇင်ဘာတွင်ကျင်းပသော အစည်းအဝေးတွင် ထိုင်းဗဟိုဘဏ်က ဗဟိုဘဏ် မူဝါဒအတိုးနှုန်းကို အပြောင်းအလဲမရှိ ဆက်လက်ထိန်းထားကြောင်း ဖရန်တာရာနယူးစ်သတင်းတွင်ဖော်ပြသည်။ မူဝါဒအတိုးနှုန်းကို ၁ ဒသမ ၅ ရာခိုင်နှုန်းအတိုင်း ဆက်လက်ထိန်းထားပါရန် ကန့်ကွက်သူမရှိ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ရာ ယခုနှုန်းထားကို အစည်းအဝေး ၁၃ ကြိမ်မြောက်အဖြစ် ဆက်လက်ထိန်းသိမ်းလာခဲ့ခြင်းဖြစ်သည်။

ထိုင်းဗဟိုဘဏ်သည် မူဝါဒအတိုးနှုန်း ထိန်းသိမ်းထားရုံသာမက ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကိုလည်း ပြင်ဆင်ပြောင်းလဲခြင်းမရှိဘဲ ဆက်လက်ခန့်မှန်းထားသည်။ ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၂၀၁၅ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းပြီး ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံ၏ ပို့ကုန်များကြောင့် ထိုင်းနိုင်ငံစီးပွားရေးကို အကျိုးဖြစ်ထွန်းမည်ဟု ဗဟိုဘဏ်က ခန့်မှန်းထားသည်။



အချို့သော ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံ၌ ပြောင်းရွှေ့ ထုတ်လုပ်လာသည့်အတွက် ပို့ကုန်လုပ်ငန်းများ တိုးတက်လာနိုင်မည်ဟု ဗဟိုဘဏ်က ခန့်မှန်းထားသည်။ လယ်သမားများ၏ ဝင်ငွေတိုးတက်လာမှုကြောင့်လည်း စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေလိမ့်မည်ဟု ဗဟိုဘဏ်က ခန့်မှန်းထားသည်။

၂၀၁၆ ခုနှစ် ပို့ကုန်အခြေအနေမှာ မူလက ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းထားရာမှ သုည ဒသမ ၆ ရာခိုင်နှုန်းသာ ကျဆင်းမည်ဟု ပြင်ဆင်ခန့်မှန်းသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

F.U.P CO.,LTD

# Family United Power Co.,Ltd

OFFICIAL DISTRIBUTOR HYUNDAI




# 82/A, Kyaikwine Pogoda Road, Mayagone Township Yangon, Myanmar.
Phone : 09-8636627, 09-73207569, 09-5070244, 01- 653451
Hot Line: 959-73252708 Fax: 01-660629
Email : sales-marketing@familyunitedpower.com

အရပ်

ကိုမြင့်ဦး + မနီနီအောင်

ကာလာစုံအမိုးပြား ဒီဇိုင်းမျိုးစုံနှင့် အက်စပ်မှုန်ညှပ်း ထုတ်လုပ်ဖြန့်ချိ ရောင်းဝယ်ရေး




BLUE SCOPE Myanmar POSCO C&C 凱慶實業股份有限公司 Kai Ching Industry Co., LTD. 輝輝企業 YIEH PHUI yiehphui.com.tw

အရောင်းပြခန်း (၁) - အမှတ်(၁၀၂/၁၀၂၃)၊ ပြည်လမ်း၊ (၁၀)မိုင်ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
၀၁ ၆၄၁၀၅၃၊ ၀၁ ၆၄၂၆၇၅၊ ၀၁ ၆၄၄၅၆၆၊ ၀၁ ၆၄၄၅၉၅၊ ၀၁ ၆၅၅၂၅၅၊ ၀၁ ၆၅၆၇၈၉၊ ၀၁ ၆၅၆၈၂၂၊ ၀၁ ၆၆၃၉၃၉ ၀၉ ၅၁၂၇၈၅၅၊ ၀၉ ၇၃၀၈၈၂၅၅
အရောင်းပြခန်း(၂) - အဆောင်(၉၈)၊ အခန်း(၃-၄-၅)၊ စော်ဘွားကြီးကုန်းပွဲရုံတန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ ၀၉ ၃၀၃၅၀၆၇၆၊ ၀၉ ၇၈၄၅၀၇၇၈၈
ရန်ကုန်(စက်ရုံ) - အမှတ်(၈၁/စ၂)၊ ဒီပဲယင်းဝန်ထောက်ဦးဖြိုးလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ရွှေပြည်သာဇုန်(၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ ၀၉ ၇၃၀၈၈၂၅၅၊ ၀၉ ၄၅၀၀၂၇၇၈
အရောင်းပြခန်း(၃) - အမှတ်(၁၆၈)၊ (၈၃)လမ်းနှင့် (၂၄)လမ်းထောင့်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့ ၀၂၃၀၃၅၆ ၀၉ ၇၈၄၂၀၁၃၀၀
မန္တလေး(စက်ရုံ) - အမှတ်(၄၁၈)၊ ဘုန်းတော်တိုးရပ်ကွက်၊ မြို့ပတ်လမ်း၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့ ၀၉ ၇၈၄၅၂၇၇၈၈၊ ၀၉ ၇၈၅၁၂၇၈၅၅




www.yomabank.com

COMMERCE INTERNATIONAL

## ဗီယက်နမ်နိုင်ငံ ဆန်ပြည်ပ တင်ပို့မှုမှ ၂၀၁၆ ခုနှစ်အတွင်း ဝင်ငွေဒေါ်လာ နှစ်ဘီလီယံကျော်ရရှိ

ဗီယက်နမ်နိုင်ငံသည် ၂၀၁၆ ခုနှစ်အတွင်း ဆန်တန်ချိန် ၄ ဒသမ ၈၈ သန်း တင်ပို့ခဲ့ရာ စုစုပေါင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ ရရှိခဲ့သည့်အတွက် နှစ်အလိုက် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၂၅ ဒသမ ၈ ရာခိုင်နှုန်း၊ တန်ဖိုး အားဖြင့် ၂၁ ဒသမ ၂ ရာခိုင်နှုန်းကျ ဆင်းခဲ့ကြောင်း ဗီယက်နမ်နယူးစ် သတင်းတွင် ဖော်ပြသည်။

ပြည်ပသို့ ဆန်တင်ပို့မှုမှာ ဒီဇင်ဘာတစ်လတည်းမှာပင် တန်ချိန် ၃၉၉၀၀၀ တင်ပို့ခဲ့ရာ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈၁ သန်းရရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ဗီယက်နမ်နိုင်ငံက ပြည်ပသို့ ဆန်တင်ပို့ရာတွင် တရုတ်နိုင်ငံက အများဆုံးအဖြစ် ဆက်လက်တည်ရှိနေပြီး ဈေးကွက်ဝေစု ၃၅ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။ ယခုနှစ်ပထမ ၁၁ လအတွင်း ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့သော ဆန်တန်ချိန် ၁ ဒသမ ၆၁ သန်းတန်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၂၂ ဒသမ ၂ သန်းရှိသည်။ ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၂၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၁၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဂါနာနိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ဒုတိယအများဆုံး ဆန်တင်သွင်းသည့် နိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု၏ ၁၁ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ ဗီယက်နမ် ဆန်တင်သွင်းမှု အများဆုံးကျဆင်းသည့်နိုင်ငံမှာ ဖိလစ်ပိုင်နိုင်ငံဖြစ်ပြီး ၆၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဗီယက်နမ်ဆန်တင်သွင်းမှု ကျဆင်းသော အခြားနိုင်ငံများမှာ မလေးရှား၊ အမေရိကန်ပြည်ထောင်စု၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အိုင်ဗရီကို့စ်နှင့် ဟောင်ကောင်တို့ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု ကျဆင်းရခြင်းမှာ နိုင်ငံအလယ်ပိုင်းနှင့် ဗဟိုကုန်းမြင့်ဒေသများတွင် အယ်လ်နီညိုရာသီဥတုဖြစ်ပွားခြင်း၊ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ဆားငန်ရေဝင်ရောက်ခြင်းနှင့် မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် ဗဟိုကုန်းမြင့်ဒေသတို့တွင် ရေလွှမ်းမိုးခြင်းတို့ကြောင့်ဖြစ်သည်။

ယခုနှစ်ထုတ်လုပ်မှုမှာ စိုက်ပျိုးမှုရော ထုတ်လုပ်မှုပါ ကျဆင်းခြင်းကြောင့်ဖြစ်သည်။ စုစုပေါင်း ဆန်ထုတ်လုပ်မှုမှာ တန်ချိန် ၄၃ ဒသမ ၆ သန်းရှိပြီး ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသည်။

# စင်ကာပူစီးပွားရေးလုပ်ငန်းများ ၂၀၁၇ ခုနှစ်တွင် ၂၀၁၆ ခုနှစ်ကထက် ပိုမိုအကျပ်အတည်းတွေ့နိုင်



စစ်တမ်း ကောက်ယူခဲ့သော စင်ကာပူ စီးပွားရေးလုပ်ငန်းများအနက် သုံးပုံနှစ်ပုံနီးပါးက ၂၀၁၆ ခုနှစ်တွင် စင်ကာပူစီးပွားရေး ကျဆင်းခဲ့ကြောင်း သဘောထားပေးခဲ့ကြပြီး ၂၀၁၇ ခုနှစ်တွင် ပိုမိုဆိုးရွားမည်ဟု သဘောထားပေးသူက တစ်ဝက်ကျော်နီးပါးရှိသည်ဟု ဒီဇင်ဘာ ၂၈ ရက်က ထုတ်ပြန်သော အမျိုးသားစီးပွားရေးလုပ်ငန်း စစ်တမ်းတွင်တွေ့ရကြောင်း ချန်နယ်နယူးအေရှ သတင်းတွင် ဖော်ပြသည်။

စစ်တမ်း ကောက်ယူခဲ့သော စီးပွားရေးလုပ်ငန်းများက အဓိကစိန်ခေါ်မှုများအဖြစ် တင်ပြသော အကြောင်းရင်းများတွင် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်နှင့် လူအင်အားပြဿနာများဖြစ်သည်။ အဓိကအားဖြင့် အလုပ်သမားများအတွက် ကုန်ကျစရိတ်၊ လူအင်အားဆိုင်ရာဥပဒေများနှင့် လူငယ်လုပ်သားရရှိအောင် ရှာဖွေရေးနှင့် တည်မြဲအောင် ထိန်းသိမ်းရေးစသည့် ပြဿနာများ ပါဝင်သည်။

လာမည့်နှစ်တွင် အဆိုးရွားဆုံးအခြေအနေနှင့် ရင်ဆိုင်ရမည်ဟု သတ်မှတ်ထားသော လုပ်ငန်းကဏ္ဍများတွင် အိမ်ခြံမြေ၊ လက်လီရောင်းဝယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍများရှိ ကုမ္ပဏီများ ပါဝင်သည်။

“စင်ကာပူစီးပွားရေးက လွတ်လပ်ပွင့်လင်းပြီး ပြည်ပတင်ပို့မှုကို အားကိုး အားထားရတဲ့ စီးပွားရေးဖြစ်တဲ့ အတွက် လက်ရှိဖြစ်ပေါ်နေတဲ့ ဝယ်လိုအား ကျဆင်းမှုနဲ့ ကမ္ဘာ့ကုန်သွယ်မှုရဲ့ ဂယက်ရိုက်ခတ်မှုဒဏ်ကို ခံနေရပါတယ်။ ပြည်တွင်းမှာ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ် မြင့်တက်တာနဲ့ အလုပ်သမားမူဝါဒတွေကနေ ဖြစ်ရတဲ့ အဟန့်အတားတွေကြောင့် စီးပွားရေးလုပ်ငန်းတွေမှာ ထိခိုက်မှုတွေ ဆက်ရှိနေပါတယ်။ အဲဒီလို ဆက်တိုက်ဖြစ်ပေါ်နေတဲ့ကမ္ဘာနဲ့ ပြည်တွင်းစီးပွားရေးစိန်ခေါ်မှုတွေအောက်မှာ စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်နေရတာဖြစ်ပါတယ်”ဟု SPF ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် မန်းကစ်က ပြောသည်။

“၂၀၁၆ ခုနှစ်က ကျွန်မတို့အတွက် စိန်ခေါ်မှုနဲ့ အတက်အကျတွေ အများကြီးကြုံတွေ့ခဲ့ရတဲ့နှစ် ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်ကို ကြိုတင်မျှော်ကြည့်မယ်ဆိုရင် ဒီစိန်ခေါ်မှုတွေ ဆက်လက်တည်ရှိနေဦးမယ်လို့ ကြိုတင်တွက်ဆထားပါတယ်။ စင်ကာပူနိုင်ငံသားတွေကို အလုပ်ချိန် အကြာကြီးခိုင်းဖို့က အခက်အခဲ အများကြီးရှိသလို လုပ်ခကြတော့လည်း မြင့်မားလွန်းပါတယ်”ဟု သူကပြောသည်။

အစိုးရက လက်ရှိကျင့်သုံးနေသော မူဝါဒများကို သဘောကျ ကျေနပ်သော စီးပွားရေးလုပ်ငန်း အရေအတွက်မှာ လုပ်ငန်း ၁၀ ခုအနက် သုံးခု လောက်သာရှိပြီး လုပ်ငန်းကြီးများနှင့် နှိုင်းယှဉ်ပါက ကျေနပ်မှုမရှိသည့်ထဲမှာ အသေးစားနဲ့ အလတ်စား လုပ်ငန်းများက ပိုမိုများပြားကြောင်း စစ်တမ်းအရ သိရသည်။

စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲပြီး ဖွဲ့စည်းတည်ဆောက်မှုပုံစံပြင်ဆင်ရန် အစိုးရက တိုက်တွန်းသည်ကို စီးပွားရေးလုပ်ငန်းများက လိုက်ပါဆောင်ရွက်ခြင်းမရှိကြောင်း SBF အမှုဆောင်ချုပ်က ပြောသည်။

ကုမ္ပဏီများကို ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ဟု ယူဆသော ကုမ္ပဏီဦးရေမှာ ၆၀ ရာခိုင်နှုန်းသာရှိသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကလည်း နှေးကွေးနေသော စီးပွားရေး၊ ပြောင်းလဲနေသော နည်းပညာနှင့် လိုက်လျောညီထွေရှိအောင် ထူးထူးခြားခြား ဆောင်ရွက်မှုမရှိကြောင်း စစ်တမ်းအရ သိရသည်။

ဉာဏ်တင်
စုစည်းတင်ပြသည်

# အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးတိုက်တွန်း

တိုင်းပြည်စီးပွားရေးတွင် ကြုံတွေ့နေရသော အခက်အခဲများနှင့် အကျပ်အတည်းများကို ပြည်သူလူထု၏ တစ်တပ်တစ်အား ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်း တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးက ဒီဇင်ဘာ ၃၀ ရက်က ပြောကြားသည်ကို ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

“တောင်ကိုရီးယားစီးပွားရေးက ဆယ်စုနှစ်နဲ့ချီပြီး အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စည်းလုံးညီညွတ်စွာ ကြိုးပမ်းမှုကြောင့် တချို့အခက်အခဲတွေကို ကျော်လွှားနိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်းပြင်းထန်တဲ့ အကျပ်အတည်းတွေနဲ့ တွေ့ကြုံနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ထပ်မံတွန်းလှန်ပြီး တောင်ကိုရီးယားစီးပွားရေးရဲ့အနာဂတ်ကို တောက်ပအောင် ဆောင်ရွက်ရပါမယ်”ဟု ဘဏ္ဍာရေးဝန်ကြီး ယူအီးဟို၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောသည်။

နောင်အနာဂတ်တွင် အမေရိကန်ပြည်ထောင်စုက ဆောင်ရွက်မည့် အတိုးနှုန်းမြှင့်တင်မှုနှင့် ဒေါ်နယ်ထရမ့်၏ အစိုးရသစ်က ဆောင်ရွက်လာမည့် မူဝါဒအပြောင်းအလဲတို့က လာမည့်နှစ်တွင် ကမ္ဘာ့စီးပွားရေးတွင် မရေရာမှုများကို ဖြစ်ပွားလာစေနိုင်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံကလည်း ကုမ္ပဏီများကို ပြန်လည်ဖွဲ့စည်းတည်ဆောက်ခြင်းနှင့် အလုပ်သမားဦးရေကို လျှော့ချခြင်းတို့ဖြင့် လူမှုရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အကူးအပြောင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သူကပြောသည်။

“စီးပွားရေးကိုမြှင့်တင်ဖို့၊ သာမန်လုပ်သားပြည်သူတွေရဲ့ လူနေမှုဘဝ တည်ငြိမ်ဖို့နဲ့ လာမည့်နှစ်တွင် ကော်ပိုရိတ် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ အစိုးရက အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု သူကပြောသည်။

၂၀၁၇ ခုနှစ်အတွက် ဖွံ့ဖြိုးတိုးတက်မှုကို ယခင်က ၃ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့ရာမှ ယခုရက်သတ္တပတ် စောစောပိုင်းက ၂ ဒသမ ၆ ရာခိုင်နှုန်းသာရှိမည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်တွင်းဝယ်လိုအား ကျဆင်းမှုကို အကြောင်းပြုပြီး ခန့်မှန်းခဲ့သည်။